လယ်ယာ စီးပွား သတင်း
The Agri-Business News

## မျှော်မှန်းချက် (Vision)

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (13-3-2019) အမှတ် (၇၅၀)
www.moai.gov.mm

# သိမ်းဆည်းခံလယ်ယာမြေများ ကေလေးသိန်းကျော် ပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၉ ခုနှစ် မတ်လ ၂ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား**

ယနေ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားကြီးများအား အထူးအလေးအနက်ဂုဏ်ပြုလျက် သတ်မှတ်ထားသည့် သမိုင်းဝင် "တောင်သူလယ်သမားနေ့"ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်အခါသမယတွင် ကျေးဇူးရှင် တောင်သူလယ်သမားကြီးများနှင့် မိသားစုများအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် **"ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်"** ဆိုသည့် မူဝါဒအား ချမှတ်ဖော်ဆောင်လျက် ရှိပါသည်။

စာ - ၂ သို့

# လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားနေ့အခမ်းအနား ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။
(ကျွန်းသားငမန်း၏ ရခိုင်ပြည်နယ်စီးပွားရေးပုံရိပ်များ - ၂ ဆောင်းပါး စာ - ၁၃)

**အိမ်မဲ မတ် ၂**

**လယ်**ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ တောင်သူလယ်သမားကြီးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လယ်ယာသာသနာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် လယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ကြသည့် ထူးချွန်တောင်သူ ဦးတင်အောင်သန်း၊ ဦးတင်စိုး၊ ဦးရွှေပွား၊ ဦးအုန်းကျော်နှင့်ဦးနေစိုးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းတို့က ထူးချွန်တောင်သူများ၊ ထူးချွန်ဝန်ထမ်းများနှင့် ဟသ်ာတခရိုင်အတွင်း ပြောင်းသီးနှံစိုက်ခင်းများတွင် ငမြှောင်တောင်ဖျက်ပိုးသစ် ကျရောက်မှုအပေါ် ကောင်းကင်ဆေးဖျန်းစက်များဖြင့် ဆေးဖျန်းပံ့ပိုးကူညီခဲ့သော Advanced Agricultural Engineering (AAE) ကုမ္ပဏီတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

### လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပန်းတနော်မြို့နယ်အတွင်း ယုဇနကုမ္ပဏီက ထပ်မံစွန့်လွှတ်သည့် ၆၃၆ ဧကကို တောင်သူ ၁၀၃ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့

စာ - ၂ သို့

**၂၀၁၉ ခုနှစ်၊ မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါသည်။**

ရှေ့ဖုံး – သိမ်းဆည်းခံလယ်ယာခြံမြေများ မှ

## ဦးစားပေးအကောင်အထည်ဖော်

ထို့အပြင် မိမိအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်၌ ပြည်သူများသို့ ပြောကြားခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားတွင်လည်း နိုင်ငံတော်အစိုးရ၏ ကာလတိုအတွင်း ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် ၁၁ ရပ်ကို ထည့်သွင်းပြောကြားခဲ့ပါသည်။ ယင်းဦးစားပေးလုပ်ငန်းစဉ်များထဲတွင် ပါရှိသည့်အတိုင်း တောင်သူလယ်သမားကြီးများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် မြေပိုင်ဆိုင်ခွင့်လက်မှတ်များ တစ်နှစ်အတွင်းရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိရေး၊ လယ်ယာမြေသွင်းအားစုများ အခွန်ကင်းလွတ်ခွင့်ပေးရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်လျက် ရှိပါသည်။ တစ်ဖန် ဥပဒေမဲ့သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေး၊ စွန့်လွှတ်ပြီးမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံးပြန်လည်အပ်နှံရေး၊ မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းခံလယ်ယာခြံမြေများကို ကော်မတီအသီးသီးက အမြန်ဆုံးစိစစ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးလုပ်ငန်းရပ်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

## ဧကပေါင်း ၄၀၆၇၁၉ ဧက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင်လည်း လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်ဟု ဖော်ပြပါရှိသည့်အတိုင်း လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီတို့အနေဖြင့်လည်း တောင်သူလယ်သမားများ၏ သိမ်းဆည်းခံလယ်ယာခြံမြေများပြန်လည်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်ကုန်အထိ ဧကပေါင်း ၄၂၅၄၀၆ ဧကကို ပြန်လည်၍ စွန့်လွှတ်ပေးအပ်နိုင်ခဲ့ပြီး၊ အဆိုပါဧကများမှ ဧကပေါင်း ၄၀၆၇၁၉ ဧကအား တောင်သူလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်စွန့်လွှတ်မြေများကိုလည်း သိမ်းဆည်းခံရသော တောင်သူလယ်သမားများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိရေးကို ချမှတ်ထားသည့် မူဝါဒလုပ်ငန်းနှင့်အညီ အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဥပဒေနှင့်အညီ စိုက်ပျိုးမြေများ တရားဝင်ပိုင်ဆိုင်နိုင်ရေး၊ လုပ်ပိုင်ခွင့်လွယ်ကူစွာ လျှောက်ထားရရှိရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ သတ်မှတ်မြေများနှင့်အများပြည်သူတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအဖြစ် ခွင့်ပြုချထားခြင်းမပြုစေရေးတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

## ပံ့ပိုးကူညီဆောင်ရွက်ပေး

စိုက်ပျိုးစရိတ်ချေးငွေများ အကူအညီပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့်ခိုင်မာသော ဈေးကွက်ရရှိရေး၊ နည်းပညာသွင်းအားစုနှင့်ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

## မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်

နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈–၂၀၃၀)၏ မဏ္ဍိုင် ၃ ရပ်အနက် မဏ္ဍိုင် ၂ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်တွင် ပန်းတိုင် ၃ အဖြစ် အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေးဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပန်းတိုင်အရ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံအဖြစ် အားလုံးပါဝင်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေး အလေ့အထများဖြင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိသော စီးပွားရေးကို ပံ့ပိုးမည့်ဝန်းကျင်တစ်ရပ်ဖန်တီးရေးကို မဟာဗျူဟာတစ်ရပ်အဖြစ်ချမှတ်ကာ စီမံအကောင်အထည်ဖော်ဆောင်ပေးလျက် ရှိပါသည်။

ယင်းမဟာဗျူဟာလုပ်ငန်းစဉ်အတွက် ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်း၍ မိရိုးဖလာလုပ်ကွက်ငယ်လယ်မြေများအား စက်မှုလယ်ယာစနစ်ဖော်ထုတ်ခြင်း၊ ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ပိုမိုထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံခြင်း၊ ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် သရုပ်ပြပွဲများကျင်းပခြင်း၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲနိုင်ရေးအတွက် သီးနှံမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းရပ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

## ပညာပေးရေးလုပ်ငန်းများ အလေးပေး ဆောင်ရွက်

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မြင့်မားလာရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအားကောင်းရန်အတွက် အရန်မျိုးစေ့များ စုဆောင်းထားရှိရေးနှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရေး၊ ဆည်ရေသောက်စနစ်များ တိုးမြှင့်တည်ဆောက်ပေးနိုင်ရေး၊ ထွက်ကုန်၊ ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်ရေး၊ ဓာတ်ကြွင်းအာနိသင်များကင်းစေရေး၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုလျှော့ချရေး၊ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး၊ မျိုးစေ့ချစတင်စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်အထိ လုပ်ငန်းစဉ်အဆင့်အားလုံးတွင် တောင်သူလယ်သမားများ လက်တွေ့ ပါဝင်လုပ်ဆောင်ခွင့်ရရှိရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိရန် ပညာပေးရေးစသည့်လုပ်ငန်းများကိုလည်း အလေးပေးဆောင်ရွက်ပေးလျက်ရှိပါသည်။

## အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနေ

တောင်သူလယ်သမားများအတွက် လုပ်ငန်းဆိုင်ရာ အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာသတင်းများ၊ ပညာပေးရေးနှင့် စိတ်လက်အပန်းဖြေရန် ဖြေဖျော်ရေးအစီအစဉ်များ၊ ကဏ္ဍစုံပါဝင်သော **“တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း”** အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ပေးလျက် ရှိပါသည်။ ထို့အပြင် မိုဘိုင်းဖုန်းများမှ လယ်ယာသတင်းများ ဝန်ဆောင်မှုပေးနေခြင်း၊ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးနေခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

တောင်သူလယ်သမားများ လွယ်လင့်တကူသိရှိလိုက်နာကျင့်သုံးနိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများဖြင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်း၊ စံပြကွက်များစိုက်ပျိုးပြသခြင်း၊ သင်တန်း၊ ဆွေးနွေးပွဲများပြုလုပ်၍ လေ့ကျင့်ပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများမှာ သီးနှံများထုတ်လုပ်မှုတိုးတက်ရေးအတွက်သာမက စားသုံးသူပြည်သူများ၏ အစားအစာလုံခြုံစိတ်ချရမှုရှိရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာတည်ဆောက်ပေးလျက် ရှိပါသည်။

ထို့အပြင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တကျဖွံ့ဖြိုးလာစေရန် အော်ဂဲနစ်နှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို တိကျစွာလိုက်နာကျင့်သုံးနိုင်ရေးတို့ကို ရည်ရွယ်၍ အာဆီယံအော်ဂဲနစ်စံချိန်စံညွှန်းများကိုအခြေခံပြီး မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းများကိုလည်း ရေးဆွဲကာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းအား အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

## ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေး

ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိလူဦးရေသန်းပေါင်း ၇၀၀၀ ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သည့်အတွက် လိုအပ်လာမည့်စားနပ်ရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လာမည့်နှစ်အတွင်း တိုးပွားလာမည့် လူဦးရေများအတွက် နိုင်ငံ၏စားနပ်ရိက္ခာလုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှား

မိမိတို့နိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် သဘာဝမှပေးသည့်ရာသီဥတု အခြေအနေကောင်းများနှင့် ရိုးသားဖြူစင်၍ အလုပ်ကြိုးစားကြသည့် ကျေးဇူးရှင်တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားရေးအကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကျေးဇူးရှင်တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက် ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်အရောက် အတူတကွ လက်တွဲကြိုးပမ်းသွားကြပါရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။ ■

ရှေ့ဖုံး – လယ်ယာကဏ္ဍ မှ

လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြောင်းမြမြို့နယ်အတွင်း ခလရ (၉၃)မှ ပြန်လည်စွန့်လွှတ်သည့် ၂၀၉ ဧကကို တောင်သူ ၆၆ ဦးကိုယ်စား တောင်သူတစ်ဦးကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကြံခင်းမြို့နယ်အတွင်း မက်သနောစက်ရုံမှ ပြန်လည်စွန့်လွှတ်သည့် ၄၈၁ ဧကကို တောင်သူ ၁၅၇ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေကြည်မြို့နယ်အတွင်း ခလရ (၃၆)မှ ပြန်လည်စွန့်လွှတ်သည့် ၈၄ ဧကကို တောင်သူ ၂၉ ဦးကိုယ်စား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

တောင်သူတစ်ဦးထံသို့လည်းကောင်း လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ကြသည်။

ထို့နောက် မြေယာလုပ်ပိုင်ခွင့် ပြန်လည်ရရှိကြသည့် တောင်သူများ ကိုယ်စား တောင်သူ ဦးထွန်းထွန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် တောင်သူလယ်သမားနေ့အခမ်းအနား၌ ခင်းကျင်းပြသထားသည့် လယ်ယာထွက်ကုန်၊ စက်မှုလယ်ယာ၊ နည်းပညာအသိပညာပေးပြခန်းများနှင့်ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားသို့ တောင်သူလယ်သမား ၃၀၀၀ ခန့်တက်ရောက်ကြပြီး ပြခန်းပေါင်း ၅၅ ခန်းကို ခင်းကျင်းပြသထားကြောင်း သိရသည်။ သတင်းစဉ်

The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းငွေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000
@gmail.com

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်သမ္မတ သဝဏ်လွှာမှသည် ရှေ့လုပ်ငန်းများဆီသို့

၂၀၁၉ ခုနှစ် မတ်လ ၂ ရက်တွင် ကျရောက်ခဲ့သည့် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏သဝဏ်လွှာတွင် နိုင်ငံတော်အစိုးရ၏ ကာလတိုအတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ် ၁၁ ရပ်ကို ပြန်လည်ရည်ညွှန်းကာ **"တောင်သူလယ်သမားကြီးများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် မြေပိုင်ဆိုင်ခွင့်လက်မှတ်များ တစ်နှစ်အတွင်းရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိရေး၊ လယ်ယာမြေသွင်းအားစုများ အခွန်ကင်းလွတ်ခွင့်ပေးရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး"တို့ကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဥပဒေမဲ့သိမ်းဆည်းထားသည့် လယ်ယာမြေများပြန်လည်ရရှိရေး၊ လျော်ကြေးနှင့်နစ်နာကြေးများရရှိရေး၊ စွန့်လွှတ်ပြီးမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံးပြန်လည်အပ်နှံရေး၊ မစွန့်လွှတ်သေးသည့် သိမ်းဆည်းခံ လယ်မြေများကို ကော်မတီအသီးသီးက အမြန်ဆုံးစိစစ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ အနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း** ဖော်ပြပါရှိပါသည်။

ယင်းကဲ့သို့ နိုင်ငံတော်သမ္မတ၏သဝဏ်လွှာပါလုပ်ငန်းရပ်နှင့် ဆက်စပ်လေ့လာသောအခါ ၂၀၁၈ ခုနှစ်ကုန်အထိ မြေဧကပေါင်း ၄၂၅၄၀၆ ဧက ပြန်လည်စွန့်လွှတ်ပေးအပ်နိုင်ခဲ့ပြီး အဆိုပါမြေဧကများထဲမှ ၄၀၆၇၁၉ ဧကကို တောင်သူများလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းကို ကြားသိလိုက်ရပါသည်။ ထို့ပြင် ကျန်ရှိနေသောမြေများကိုပါ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်နေကြောင်းလည်း ကြားသိရသည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် **"မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်"** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ကြရသည်ဖြစ်ရာ ယခုအခါ နိုင်ငံတော်က တောင်သူလယ်သမားများ၏လက်ဝယ်သို့ ယခင်အခါက အကြောင်းအမျိုးမျိုးတို့ကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ကြရသည့်မြေများကို စနစ်တကျပြန်လည်ရရှိအောင် ဥပဒေနှင့်အညီ ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ရာ လယ်ယာကုန်ထုတ်လုပ်ငန်းအတွက် အရေးပါပြီး အခရာကျသည့် ကုန်ထုတ်အရင်းအနှီးလယ်ယာမြေများကို ပြန်လည်လုပ်ပိုင်ခွင့် ရရှိလာခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် မိမိတို့လက်ဝယ်သို့ ပြန်လည်ရရှိလာခဲ့သော စိုက်ပျိုးမြေများကို အရင်းခံထားကာ နိုင်ငံတော်က မျိုးကောင်းမျိုးသန့်ဖော်ထုတ်ဖြန့်ဖြူးပေးသော မျိုးစပါးများကို ထိရောက်စွာ အသုံးပြု၍ အထွက်တိုးအောင် စိုက်ပျိုးကြရန် လိုအပ်သကဲ့သို့ လက်တစ်ကမ်းတွင်ကူညီရန် အသင့်ရှိနေသော စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာကူညီပံ့ပိုးမှုကိုရယူကာ နိုင်ငံတကာဈေးကွက်တွင် စီးပွားရေးတွက်ခြေကိုက်မည့်စပါးမျိုးများကို စံနှုန်းကိုက်ညီအောင် အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် လိုအပ်လျက်ရှိနေပြီဖြစ်သည်။

ထို့ပြင် ယနေ့အခါသမယသည် ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် လယ်ယာကဏ္ဍတွင် နည်းပညာပါပေးကာ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား တိုးပွားလာနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

ဥပမာအားဖြင့် မိတ်ဆွေကောင်းစိတ်ဓာတ်ဖြင့် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်း ကိုရီးယားသမ္မတနိုင်ငံ KOICA အဖွဲ့အစည်းကဲ့သို့သော မိတ်ဆွေအဖွဲ့အစည်းများက နည်းပညာ အကူအညီရော ထုတ်လုပ်မှုအရင်းအနှီးကိုပါ အင်တိုက်အားတိုက်အကူအညီပေးနေချိန်တွင် မိမိတို့လက်ဝယ် ပြန်လည်လုပ်ပိုင်ခွင့်ရရှိလာသော မြေယာများကို အရင်းအနှီးပြု၍ အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် တိုက်တွန်းလိုက်ရပေသည်။ ॥



# မြစ်သာရေလှောင်တမံ ရေဝပ်ဧရိယာမှ ပြောင်းရွှေ့ခံရသော ရွာလေးရွာ ကျေးရွာသစ်များ တည်ထောင်ပေး၊ လျော်ကြေးငွေများ ပေးအပ်

ကိုတင်လှိုင် (မိတ္ထီလာ) ----------------------------------------

**မြစ်သာရေလှောင်တမံကို ဂန့်ဂေါခရိုင် ပြင်သာရွာအနီးတွင် ၂၀၀၃ ခုနှစ်က တည်ဆောက်ခဲ့ရာ မြစ်သာရေလှောင်တမံနှင့်အတူ ရေအားလျှပ်စစ်စက်ရုံကိုလည်း တည်ဆောက်ပေးခဲ့သည်။**

ယင်းကဲ့သို့ မြစ်သာရေလှောင်တမံ တည်ဆောက်ရာတွင် ဆည်ရေဝပ်ဧရိယာအတွင်း ကျရောက်မည့် ပနန်း၊ ယင်းမာ၊ စင်ပုံနှင့် စံပယ်ကျေးရွာလေးရွာကိုလည်း ရေဝပ်ဧရိယာအတွင်းမှ ပြောင်းရွှေ့ပေးခဲ့သည်။ နိုင်ငံတော်မှ ပြောင်းရွှေ့ခံရသော ကျေးရွာလေးရွာကို မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် တည်ဆောက်ပေးပြီး ကျေးရွာပြည်သူများ လုပ်ကိုင်စားသောက်နိုင်အောင် စီမံပေးပြီးမှ ရွှေ့ပြောင်းပေးခဲ့သည်။ **(ပုံ)**

ထို့ကြောင့် မြစ်သာရေလှောင်တမံ ရေဝပ်ဧရိယာအောက်ကျရောက်မည့် ရွာလေးရွာကို မြို့ကွက်သစ်ရိုက်ပေးပြီး စိုက်ပျိုးမြေများလည်း ဖော်ထုတ်ပေးကာ ရေနှင့်မီးအစုံ ဆောင်ရွက်ပေးခဲ့သည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးရာတွင် လယ်ယာမြေလျော်ကြေး၊ နှစ်ရှည်ပင်လျော်ကြေး၊ ဆန်စက်ဆီစက် ပြောင်းရွှေ့လျော်ကြေးများပါ ထုတ်ပေးခဲ့သည်။ စိုက်ပျိုးမြေအဖြစ် လယ် ၄၀၇ ဒသမ ၀၈ ဧကနှင့် ယာအတွက် ၈၂၃ ဒသမ ၃၁ ဧကကိုလည်းဖော်ထုတ်ကာ ကျေးရွာလေးရွာသို့ ခွဲဝေပေးခဲ့သည်။

ထို့ပြင် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့်ဆွမ်းစားကျောင်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျန်းမာရေးဆေးခန်းပါ ဆောက်လုပ်ပေးခဲ့ပြီး ကျေးရွာမူလတန်းကျောင်းများကိုလည်း တည်ဆောက်ပေးခဲ့သည်။ ထို့မျှသာမက ကျေးရွာလေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ (ကလေးပါမကျန်) ဆန်များကို ကိုးလတိတိ အခမဲ့ ထောက်ပံ့ပေးခဲ့သည်။

မြစ်သာရေလှောင်တမံတည်ဆောက်ရန် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ရွာလေးရွာအား နိုင်ငံတော်မှ လျော်ကြေးပေးရာတွင် မြေယာလျော်ကြေး၊ နှစ်ရှည်ပင် လျော်ကြေးများကို ပနန်းကျေးရွာအတွက် လျော်ကြေးငွေ ၁၁၈၆၂၀၀၀၀ ကျပ်၊ ယင်းမာကျေးရွာအတွက် ၈၉၈၀၃၀၀၀၀ ကျပ်၊ စင်ပုံကျေးရွာအတွက် ၁၃၄၃၂၀၇၀၀၀၀ ကျပ်၊ စံပယ်ကျေးရွာအတွက် ၉၈၇၄၅၈၁၀၀၀ ကျပ် အသီးသီး ပေးအပ်သည်။ ■

# လွိုင်ကော်ခရိုင်တွင် GAP ဆိုင်ရာ တောင်သူပညာပေး သင်တန်း ဖွင့်လှစ်

ဒွေးမယ်နော် (၈၄, စိုက်ပျိုးရေး) ----------------------------

တောင်သူများ လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် GAP သင်တန်းကို ၂၅.၂.၂၀၁၉ ရက်နံနက်ပိုင်းက ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွိုင်ကော်ခရိုင်ဦးစီးမှူးရုံးမှ ဦးဆောင်ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ခြံဦးစီးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြေမျိုးပိုးတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တောင်သူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးခန့်က အဖွင့်အမှာစကား ပြောကြားပြီး ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်မှန်ကန်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ထွက်ကုန်များရရှိရေး၊ စားသုံးသူများ အန္တရာယ်ကင်းရှင်းရေး၊ ဈေးကွက်ခိုင်မာစေရေးအတွက် GAP နှင့် ဩဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေး ဆိုင်ရာများကို ပို့ချသင်ကြားပေးသည်။ **(ပုံ)** ■





# အသီးတကာ့ထွဋ်ခေါင် အရသာတကာ့ထွဋ်တင် ဒူးရင်းပင်

မောင်ငြိမ်းအောင် (တန့်ဆည်)



**ဒူးရင်း သည် အင်္ဂလိပ်အမည် DURAIN ဖြစ်ပြီး ရုက္ခဗေဒအမည် Durio Zibethenus ဟုခေါ်သည်။ BOMBA CEAE မျိုးရင်းဝင်ဖြစ်သည်။ ဒူးရင်းကို မြန်မာနိုင်ငံ မွန်နှင့်ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတို့တွင် စိုက်ပျိုးသော်လည်း မူရင်းဒေသမှာ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စွတ်စိုထိုင်းမှိုင်းသော မိုးရေချိန်လက်မ ၁၀၀ မှ ၂၀၀ အတွင်း အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်အတွင်း စိမ့်စမ်းကောင်းသော ရာသီဥတုကို နှစ်သက်ဖြစ်ထွန်းသည်။ သဲနန်း၊ မြေပွ၊ မြေဆီ မြေသားကောင်းသော လျှိုများ၊ တောင်စောင်းများ၊ မြစ်ချောင်း ကမ်းနဖူးနားတွင် ကောင်းစွာ ဖြစ်ထွန်းအောင်မြင်သည်။**

ဒူးရင်းသည် အရသာချို၊ အီ၊ ဆိမ့်၊ ခါး၊ သက်မျိုးစုံပါရှိသဖြင့် အသီးတကာတို့၏ထွဋ်ခေါင်၊ အရသာတကာ့ထွဋ်တင်ဟုပင် တင်စားခေါ်ဆိုကြသည်။ ဒူးရင်းသီးကိုစားမိပြီဆိုလျှင် လက်မလွှတ်တမ်း ခုံမင်သွားကြသည်။ ရင်မှာ အရသာစွဲငြိသွားကြသည်။

ဒူးရင်းသီးကို စိုက်ပျိုးမည်ဆိုလျှင် မျိုးရွေးချယ်မှုသည် အဓိကကျသည်။ သီးထွက်ကောင်းခြင်း၊ အိမ်မွှားကြီးပြီး၊ အသားထူ၊ အရသာချိုမွှေးခါးသက်အရသာရှိခြင်း၊ အစေ့သေးခြင်းနှင့်စောစောသီးပွင့်သည့်မျိုးဖြစ်ရန် လိုသည်။

မြန်မာနိုင်ငံတွင် ဒေသမျိုးများနှင့်နိုင်ငံခြားမျိုးဟု နှစ်မျိုးနှစ်စားစိုက်ပျိုးကြသည်။ ဒေသမျိုးသည် သီးသန့်စိုက်ပျိုးသည့်ခြံများရှိသကဲ့သို့ အချို့ရေးကပင် အလေ့ကျပေါက်ပင်များလည်းရှိသည်။ နိုင်ငံခြားမျိုးများကိုမူ ၁၉၈၅ မှစ၍ တွေ့ရှိရသည်။ ထိုင်းနိုင်ငံမှတင်သွင်းပြီး မွန်ပြည်နယ် မုဒုံမြို့နယ် စိုက်ပျိုးရေးဌာနပိုင်၊ ကန်ကလေးဥယျာဉ်ခြံတွင် စိုက်ပျိုးပြီး အဖူးမြှုပ်၊ ကိုင်းဆက်လိင်မဲ့မျိုးပွားနည်းများဖြင့် ကိုင်းပွား၍ ခြံများတည်ထောင်စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ယခုအခါ နိုင်ငံခြားမျိုးဒူးရင်း မျိုးကောင်းမျိုးသန့်များ နေရာအနှံ့ ဧက ၂၀၀၀ ကျော်ခန့် စိုက်ပျိုးဖြစ်ထွန်းနေပြီဟု သိရသည်။

နိုင်ငံခြားမျိုးကောင်းမျိုးသန့်များကို ကန်ကလေးမျိုးသန့် ၁ နှင့် ကန်ကလေးမျိုးသန့် ၂ ဟု အမည်ပေးထားသည်။ ရွှေဒင်္ဂါး၊ မိကျောင်းခေါင်း၊ ရွှေမင်းသမီး၊ တောင်ပုံမျိုး၊ ထိပ်ချွန်မျိုး၊ ထရိုကနာမျိုး၊ သပိတ်လုံးမျိုး၊ ဗုံးမဆံ့မျိုး၊ ပုဆိန်ပေါက်မျိုး၊ နို့ဆီမျိုး၊ ထိပ်စုမျိုး၊ ရေနားမျိုးဟူ၍ ဒေသအလိုက်အခေါ်အဝေါ်များဖြင့် ဒေသမျိုးများကိုလည်း မှတ်တမ်းတင်ထားကြသည်ကို တွေ့ရသည်။

ဒူးရင်းကို ယခင်ကအပင်ကျဲစနစ်ဖြင့် စိုက်ပျိုးခဲ့ကြသည်။ ယခုတိုးတက်ပြောင်းလဲလာသောနည်းစနစ်တွင် အပင်စိပ်စိပ်စိုက်သည့်စနစ်ကို ကျင့်သုံးလာကြသည်။ ယခင်ကတန်းကြားပင်ကြား ၃၀ ပေ× ၃၀ ပေ၊ ကျင်းအနက် နှစ်ပေနှင့်တစ်ဧက အပင်ရေ ၄၈ ပင် ဝင်ဆံ့အောင် စိုက်ပျိုးသည့်စနစ်မှ တန်းကြားပင်၊ ပင်ကြား ၂၄ ပေ× ၁၀ ပေ၊ ကျင်းအနက် နှစ်ပေနှင့်တစ်ဧက အပင် ၁၀၀ ကျော်အထိ ဝင်ဆံ့အောင် စိုက်ပျိုးသည့်စနစ်ကို ကျင့်သုံးလာကြသည်။

ဒူးရင်းပင်ကို မိုးဦးကာလ မေနှင့်ဇူလိုင်တွင် အပြီးစိုက်ပျိုးရန် လိုအပ်သည်။ အပင်သက်တမ်း နှစ်နှစ်၊ သုံးနှစ်သား သန်စွမ်းသော ဒူးရင်းပျိုးပင်ကိုကို ရွေးပါက ပို၍စိတ်ချရသည်။ ဒူးရင်းမစိုက်မီ စိုက်ခင်းမြေနေရာကို မတ်နှင့်ဧပြီအတွင်း ခုတ်ထွင်ရှင်းလင်းပြီး မြေကိုမီးရှို့၍ မြေသင်းသတ်ပေးထားရန် လိုအပ်သည်။ ပြီးလျှင် တန်းကြား ၂၄ ပေ၊ ပင်ကြား ၁၀ ပေ ပန္နက်တိုင်များ ရိုက်ရသည်။ ဧပြီနောက်ဆုံးပတ်နှင့် မေ ပထမပတ်တွင် အကျယ်အနက် ၃ ပေပတ်လည် ကျင်းများတူး၍ ကျင်းထဲတွင် သဘာဝမြေဆွေးတင်းဝက်၊ မူလတူးထားသော မြေသား ၁၅း၁၅း၁၅ အချိုး ကွန်ပေါင်းမြေသြဇာနို့ဆီတစ်ဘူး၊ ဂျစ်ပဆန်ကျောက်မှုန့်နို့ဆီဘူးဝက်၊ ဖျူရာဒန်ဆေးမှုန့် စတီးဇွန်းတစ်ဇွန်းထည့်၍ သမအောင် ရောမွှေပြီး စိုက်ကျင်းထဲသို့ထည့်၍ ရေလောင်းပြီး တစ်လခန့် မြေကို နှပ်ထားရန် လိုသည်။ မိုးဦးကာလ မိုးတစ်ပြိုက်နှစ်ပြိုက် ကျလာချိန်တွင် ဒူးရင်းပျိုးပင်များကို စိုက်ကျင်းသို့ချစိုက်ရမည်။ စိုက်ပြီးသောအခါ အပင်ခြေရေမဝပ်စေရန် အပင်ခြေဝန်းကျင် သုံးပေခန့်အကျယ်တွင် ကျောက်ပြင်ကဲ့သို့ မိုးအောင်းမြေသားဖြည့်၍ ခြေဖြင့်သိပ်သွားအောင် နင်းပေးရန် လိုအပ်သည်။ အပင်လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် အပင်နှင့် တစ်ပေခွာ၍ ဝါးတိုင်စိုက်ပြီး ဝါးတိုင်နှင့်ဒူးရင်းပင်စည်ကို ကြိုးဖြင့်ချည်ပေးထားရန်လိုသည်။ အပင်ငယ်စဉ် ဆောင်းနှင့်နွေရာသီတွင် အရိပ်အမိုးပြုလုပ်ပေးရန် လိုအပ်သည်။ ဆောင်းနှင့်နွေရာသီတွင် ရေပေးသွင်းနိုင်စေရန် ကြိုတင်စီမံထားရမည်။ တစ်ရက်လျှင် တစ်ပင်အတွက် လေးငါးမီလီမီတာနှုန်းသွင်းပေးရန် လိုအပ်ပါသည်။

စိုက်ခင်းရှိ စိုက်ကျင်းသို့ ဒူးရင်းပင် ရွှေ့ပြောင်းစိုက်ပျိုးပြီးပါက အပင်တစ်စတစ်စကြီးထွားလာစေရန် အပင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်။

ဒူးရင်းအပင်ငယ်စဉ်တွင် အပင်ခြေရေမဝပ်စေရန်၊ ပေါင်းမြက်ကင်းရှင်းစေရန်နှင့်အရွက်နု၊ အညွန့်နုများ ပိုးမွှားကိုက်ဖြတ်မှုမရှိစေရန်၊ အာဟာရလုံလောက်မှုရှိစေရန် အထူးဂရုပြုရမည်။ ဒူးရင်းပင်ခြေမှ တစ်ပေခန့်ခွာ၍ အကျယ် ၉ လက်မ၊ ၁၀ လက်မခန့် ပတ်လည်မြောင်းတူး၍ မိုးနှောင်းရာသီ (စက်တင်ဘာ)တွင် နွားချေး၊ ကြက်ချေး၊ သဘာဝမြေဆွေးလေးပြည်ခန့်နှင့် (၁၅း၁၅း၁၅) အချိုး ကွန်ပေါင်းမြေသြဇာ နို့ဆီတစ်ဘူးကိုရောပြီး မြောင်းထဲသို့ထည့်ပေးရမည်။ မြေသားအပေါ်ယံမှ ပြန်ဖုံး၍ ရေဝအောင်လောင်းပေးရန် လိုအပ်သည်။ အပင်ငယ် လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလာပြီး အရွက်သစ်၊ ကိုင်းသစ်များဖြင့် အုံ့ဆိုင်းလာမည်ဖြစ်သည်။ မြေသြဇာကျွေးသော်လည်း အချို့မှာ အပင်မကြီးထွား မဖွံ့ဖြိုးဘဲဖြစ်နေပါက ယူရီးယားမြေသြဇာ ၂၀၀ ဂရမ်ကို ရေ ၂၀ လီတာတွင်ဖျော်၍ အရွက်များကို ဖျန်းပေးနိုင်သည်။ အပင်အစာသစ်ကျွေးခြင်းကို တစ်နှစ်တစ်ကြိမ် မိုးဦးကျ မေ၊ ဇွန်တွင် နှစ်စဉ်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ဒူးရင်းအပင်ငယ်စဉ်တွင် အာဖရိကပင့်ကူနီ ကျရောက်တတ်သဖြင့် အိုမိုက် (Omite) ၃၀ ရာခိုင်နှုန်း WP ဆေး ၃၀ ဂရမ်ကို ရေ ၂၀ လီတာနှင့်ရောစပ်ကာဖျန်း၍ နှိမ်နင်းနိုင်သည်။ ရွက်ခြောက်ရောဂါကျရောက်ပါက Carbindazin ၆၀ WP ၂၀ ဂရမ်ကို ရေ ၂၀ လီတာနှင့် ဖျော်၍ ပက်ဖျန်းရမည်။ ပင်စည်မှာ ရေညှိတက်ပါက Copper Oxychloride ၈၅ ရာခိုင်နှုန်း WP ၅၀ ဂရမ်ကို ရေ ၂၀ လီတာနှင့်ဖျော်၍ ပက်ဖျန်းရမည်။ အမြစ်နှင့်ပင်စည်ပုပ်ရောဂါ ကျရောက်ပါက ရောဂါကျသည့်အစိတ်အပိုင်းများကို ဖယ်ရှားကာ အနာနေရာကို မယ်တယ်လယ်ဆီ ၂၅ ရာခိုင်နှုန်း WP ၅၀ ဂရမ်မှ ၆၀ ဂရမ်ကို ရေတစ်လီတာတွင်ဖျော်၍ သုတ်ထားပါ။ အရွက်များ အဝါရောင်ပြောင်းသွားလျှင် Alete ၈၀ ရာခိုင်နှုန်း WP ၅၀ ဂရမ်ကို ရေ ၂၀ လီတာတွင်ဖျော်၍ အရွက်များပေါ်သို့ဖျန်းပေးပါ။ ရောဂါပြင်းထန် ပါက ပင်စည်နှင့်ကိုင်းအတွင်းသို့ Phosphorus Acid နှင့် ရေ ၁း၁ အရည်ကို ထိုးသွင်းပေးရမည်။

ဒူးရင်းပင် ပန်းမပွင့်မီ အရွက်ရင့်အဆင့် (နိုဝင်ဘာ၊ ဒီဇင်ဘာ)တွင် အညွန့်သစ်ထွက်ရန် ယူရီးယား ၂ ရာခိုင်နှုန်း ဖျော်ရည်ပက်ဖျန်းပေးရန် လိုအပ်သည်။ ရောဂါကာကွယ်ရန်အတွက် တော့(ပ်)ဆင်အမ် ၄၅ ရာခိုင်နှုန်း WP ပိုးသတ်ဆေး ဟင်းစားဇွန်းနှစ်ဇွန်းနှင့် ရေတစ်ဂါလန်ဖျော်၍ ပက်ဖျန်းပေးရန် လိုသည်။ အပင်အားဖြည့်ပေးရန်နှင့် ပွင့်ဖူးပေါ်မှုကို နှိုးဆွပေးရန် ၈း၂၄း၂၄ သို့ ၉း၂၄း၂၄ ကွန်ပေါင်းမြေသြဇာကို တစ်ပင်လျှင် နှစ်ကီလိုနှုန်းထည့်ပေးရန် လိုအပ်သည်။ ပန်းပွင့်ရန်နှင့် ပွင့်ဖူးများပေါ်လာစေရန် နှိုးဆွပေးသော ယမ်းစိမ်း ၁ ရာခိုင်နှုန်းကို အရွက်နှင့်ကိုင်းများအား ပက်ဖျန်းပေးရန် လိုအပ်သည်။ ပန်းပွင့်ရာတွင် ရေတစ်ပတ်တစ်ကြိမ်သွင်းပေးရန် လိုအပ်သည်။ သို့သော် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် အပင်ခြေအစိုဓာတ် မနည်းလွန်း၊ မများလွန်းစေရန် ထိန်းညှိပြီး ရေသွင်းပေးရန် လိုအပ်သည်။ ပန်းပွင့်များကို ဖျက်ဆီးတတ်သော ပိုးမွှားများရန်မှကာကွယ်ရန် ပင်လုံးပျံ့ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဟင်းစားဇွန်းတစ်ဇွန်း ရေတစ်ဂါလန်နှင့် ဖျော်စပ်ပက်ဖျန်းပေးရန် လိုအပ်သည်။ ပန်းများပွင့်၍ သီးကင်းဝင်ရန် အစပျိုးလာချိန်ဖြစ်သည်။

**ဒူးရင်းအသီးကင်းဝင်စအချိန်** (ဒီဇင်ဘာ၊ ဇန်နဝါရီ)တွင် ပန်းများဝတ်မှုန်ကူးသန္ဓေအောင်၍ သီးကင်းစတင်ဖြစ်တည်သည်။ တစ်ပင်၊ တစ်ရက်လျှင် ရေ ၄ မီလီမီတာမှ ၅ မီလီမီတာသွင်းပေးရမည်။ ကိုင်းအဖျားတွင်ရှိသော အပွင့်များကို ခြွေပေးရမည်။ ပွတ်သိပ်နေသော ပန်းပွင့်များကို ခြွေပေးရမည်။ အသီးကြီးထွားအောင်မြင်စေရန် အနည်းလိုဓာတ်ပစ္စည်းများနှင့်ရေဖျော်၍ အရွက်များကို ဖျန်းပေးရန် လိုအပ်သည်။ အာဖရိကမွှားပင့်ကူကျရောက်ပါက အထက်ပါနည်းအတိုင်း ကာကွယ်နှိမ်နင်းရမည်။

**ဒူးရင်းအသီး ကြီးထွားဆင့်** ဖေဖော်ဝါရီ – ဧပြီအတွင်း အသီးပိုအသီးညှပ်များကို ခြွေပေးရမည်။ အသီးသက်တမ်း ၃၅ ရက်မှ ၄၂ ရက်တွင် တစ်ကြိမ်၊ ပန်းပွင့်ပြီး ၆ပတ်–၇ပတ်မတိုင်မီ တစ်ကြိမ် အသီးခြွေခြင်းကို ဆောင်ရွက်ရန်လိုသည်။ လုံလောက်သည့် အသီးအရေ အတွက်သာချန်၍ အသီးခြွေရန်သတိပြုသင့်သည်။ အသီး ၃၅ ရက်သား တွင် ၁၂း၁၂း၁၇ ကွန်ပေါင်းမြေသြဇာကို တစ်ပတ်လျှင် နှစ်ကီလိုဂရမ်နှုန်း ကျွေးရမည်။ အသီး ၅၆ ရက်မှ ၆၃ ရက်သားတွင် ဓာတ်စုံမြေသြဇာ Complex ကို တစ်ပင်လျှင် ၂၅၀ ဂရမ်နှုန်းဖြင့် မြေကြီးထဲ ကျင်းဖောက် ထည့်ပေးရမည်။ အနည်းလိုအာဟာရ ၁၀ ဂရမ်ကို ရေ ၂၀ လီတာနှင့် ဖျော်၍ အရွက်ပေါ်သို့ ဖျန်းပေးရန် လိုသည်။

ဒူးရင်းမျိုးကောင်းမျိုးသန့်များသည် ဧပြီ၊ မေတွင် ရင့်မှည့်တတ်ပြီး ဒေသမျိုးများသည် ဇွန်၊ ဇူလိုင်တို့တွင် ရင့်မှည့်တတ်ကြသည်။ အထူးသတိပြုရန်မှာ ဒူးရင်းပန်းဖူးပေါ်ချိန်မှ ရက်ပေါင်း ၁၅၀ ပြည့်မှသာ ကောင်းစွာရင့်မှည့်သဖြင့် ရက် ၁၅၀ ပြည့်မှသာ ဆွတ်ခူးသင့်ပါသည်။ သို့မဟုတ်လျှင် ကောင်းစွာမမှည့်ဘဲ အရည်အသွေး၊ အရသာအဆင့်မမီဖြစ်စေသည်။

ဒူးရင်းသီးများရင့်မှည့်ပြီး၍ ပင်လုံးကျွတ် ဆွတ်ခူးပြီးပါက နောက်ရာသီအတွက် (မေ၊ ဇွန်၊ ဩဂုတ်)တို့တွင် အပင်ကြိုတင်ပြုစုစောင့်ရှောက်ခြင်းကို ဆောင်ရွက်ရန် လိုအပ်သည်။ ရောဂါကျသည့်အကိုင်း၊ ကိုင်းသေး၊ ကိုင်းညှပ်များကို ဖြတ်တောက်ပစ်ရမည်။ ၁၅း၁၅း၁၅ အချိုး (သို့မဟုတ်) ၁၆း၁၆း၁၆ အချိုး ကွန်ပေါင်းဓာတ်မြေသြဇာကို တစ်ပင်လျှင် နှစ်ကီလိုဂရမ်နှုန်းကို သဘာဝမြေဆွေး၊ နွားချေး၊ ကြက်ချေးတစ်တင်းနှင့်ရော၍ ကျွေးပေးရန် လိုအပ်သည်။ အရွက်နုနှင့်အညွန့်များ ကောင်းစွာထွက်စေရန် ယူရီးယား ၂၀၀ ဂရမ်ကို ရေ ၂၀ လီတာနှင့်ဖျော်၍ ပက်ဖျန်းပေးရန် လိုအပ်သည်။

ရွက်စားအင်းဆက်ပိုးမွှားများကို ကာကွယ်နှိမ်နင်းရန် အင်ဒိုဆာလ်ဖန် ၃၅ ရာခိုင်နှုန်းကို အီးစီးဆေးရည် ၅၀ စီစီကို ရေလီတာ ၂၀ တွင်ဖျော်၍ ပက်ဖျန်းပေးပါ။ တစ်ပတ်အတွင်း တစ်ရက်လျှင် ရေ ၄ မီလီမီတာမှ ၅ မီလီမီတာသွင်းပေးရန် လိုအပ်သည်။ အပင်ခြေရှိ ပေါင်းမြက်များကို ရှင်းလင်းပေးရန် လိုအပ်သည်။

ဒူးရင်းသီးကို ပန်းဖူးစပေါ်ပြီး ရက် ၁၅၀ ကျော်ခန့်အကြာ အသီးညှာအရစ်ကြဲလာချိန် ဆူးကြီးလာချိန်၊ အသီးရောင်ပြောင်းလာချိန်၊ အနံ့မွှေး၍ ပျံ့လွင့်လာချိန် အသီးညှာ၏ အရစ်အထက်မှ နှစ်လက်မ၊ သုံးလက်မခွာ၍ ကတ်ကြေးဖြင့်ဖြတ်၍ ခူးယူနိုင်သည်။ လိင်မဲ့မျိုးဖြင့် စိုက်ပျိုးပါက သုံးလေးနှစ်တွင် စတင်၍သီးကင်းစပြသည်။ သို့သော် ငါးနှစ်သားကျော်မှသာ အသီးစတင်ယူသင့်သည်။ အနှစ် ၃၀ မှ ၅၀ အထိ အသီးဖြိုင်ဖြိုင်သီးနိုင်သည်။ မျိုးကောင်းလျှင်ပြုစုမှုမှန်လျှင် တစ်နှစ်လျှင် တစ်ပင်မှအသီး ၁၀၀ မှ ၃၀၀ အထိ သီးနိုင်သည်။ ပေါ်ဦးပေါ်ဖျားဖြစ်ပါက ဈေးကောင်းရသည်။

ဒူးရင်းသည် စီးပွားရေးတွက်ခြေကိုက်နိုင်သည့် အသီးပင်ဖြစ်သည်။ မြန်မာနိုင်ငံအချို့တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် စမ်းသပ်စိုက်ပျိုးသင့်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် မတ်၊ ဧပြီ ထွက်ရှိပြီး မွန်ပြည်နယ်တွင် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်အထိ အသီးရရှိပြီး ကရင်ပြည်နယ်တွင် အောက်တိုဘာလလယ်အထိ အသီးရရှိနေသည်။ အီကွေတာနှင့်အနီးအဝေးကို စိစစ်၍ တိုးချဲ့စမ်းသပ်စိုက်ပျိုးခြင်းအားဖြင့် မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး ဒူးရင်းသီးထွက်ရှိကာ စီးပွားရေးတွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်မည်မှာ မလွဲဧကန်ဖြစ်သည်။ ■

# စိတ်ကြည်ဆေး

မြတ်စိုး(လှိုင်)



**ဒီနေ့မနက် ကိုဘကောင်း အိပ်ရာကနိုးကတည်းက စိတ်မကြည်မလင်ဖြစ်နေသည်။ ဘာကြောင့်ဖြစ်ရသည်ကို အကြောင်းရှာကြည့်ရာ မည်မည်ရရ မတွေ့ရ။**

ညကအိပ်ရေးပျက်တာလည်း မဟုတ်။ စိတ်ညစ်စရာကြုံနေရတာလည်း မဟုတ်။ သွေးပေါင်ကြောင့်ဆိုရအောင်လည်း သူ့မှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ဘာမှမရှိ။

လွန်ခဲ့သည့်အနှစ် ၄၀ ခန့်ကတည်းက သူတို့မိသားစုသည် အခြေအနေပေးသဖြင့် လူတကာတို့ ဝယ်ယူသုံးစွဲရန် အခွင့်မသာခဲ့သည့် ဖွဲနုဆီကို လစဉ်လုံလောက်စွာ မှီဝဲသုံးစွဲခွင့်ရခဲ့ကြသည့် အကြောင်းတစ်ရပ်လည်း ပါနိုင်သည်။

ထိုစဉ်တုန်းက ဖွဲနုဆီဆိုသည်မှာ မင်းသုံးစိုးသုံး ကန့်သတ်ကုန်။ မြန်မာနိုင်ငံတွင် ထိုစဉ်က ဖွဲနုဆီစက်ပေါင်း ၂၀ ကျော်ရှိခဲ့ရာ ထိုစက်များထဲတွင် စားသုံးဆီထုတ်လုပ်ပေးနိုင်သည့်ဖွဲနုဆီစက်ရုံတစ်ရုံသာ ပါသည်။

ကိုဘကောင်းခမျာ ကံကောင်းသည်ဟု ဆိုရမည်။ အဆိုပါစက်ရုံမိသားစုဝင်ထဲမှအမျိုးသမီးတစ်ဦးနှင့်အိမ်ထောင်ကျခဲ့သဖြင့် ထိုစက်ရုံ၏ဝန်ထမ်းရိပ်သာတွင် နေထိုင်ခွင့်ရခဲ့သည်။

ထိုမျှသာမကသေး။ စက်ရုံဝန်ထမ်းများကို လစဉ်ရောင်းချပေးသည့် ကျန်းမာရေးနှင့်ညီညွတ်သောဖွဲနုဆီကိုလည်း ထူးထူးခြားခြား စားသုံးခွင့်ရခဲ့သည်။

သူအသက်နည်းနည်းရလာချိန်တွင် တစ်ခါမှာတော့ မိုက်ခနဲ မိုက်ခနဲမူးနောက်နောက်ဖြစ်ဖြစ်သွားသဖြင့် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် ဆီး၊ ဝမ်း၊ သွေး၊ နှလုံး စသည်တို့ ဆေးစစ်ကြည့်လိုက်သည်။

အဖြေထွက်လာတော့ ဘာရောဂါမျှ မရှိဟုဆို၏။ ထို့ကြောင့် မိတ်ဆွေဆရာဝန်က "ကိုဘကောင်း ခင်ဗျားမှာ ဘာရောဂါမှ မရှိဘူး၊ ဒါပေမယ့် ဘာကြောင့် မူးနောက်နောက်ဖြစ်တာလဲ စဉ်းစားဦးမယ်၊ ဒီလိုအရွယ်အထိ ဘာရောဂါမှမရှိတာ၊ အစားအသောက် ဘာတွေများစားခဲ့သလဲ"

ဆရာဝန်၏အမေးကို ကိုဘကောင်း ခေတ္တစဉ်းစားပြီး စားသောက်လေ့ထဲမှ ဖွဲနုဆီကို နှစ်ပေါင်း ၄၀ ခန့် စွဲစွဲမြဲမြဲ စားသုံးခွင့်ရခဲ့ကြောင်း ပြောပြလိုက်သောအခါ "ဟုတ်ပြီ–ဒါကြောင့် ဖြစ်မယ်၊ ကဲ–ကျွန်တော်လည်း ပြန်စဉ်းစားလိုက်ဦးမယ်" ဟုဆိုကာ "ခင်ဗျား – မျက်မှန်မစစ်တာ ဘယ်လောက်ကြာပြီလဲ"ဟု မေး၏။

"ဟုတ်ပြီ ဆရာ၊ ကျွန်တော် မျက်မှန်မစစ်မိတာ တော်တော်ကြာပြီ။ အဝေးအနီးတစ်တွဲတည်းလုပ်ထားတော့ အမြဲတပ်ထားမိလို့၊ ဒါဆိုရင် ဆရာပြောသလို စစ်ကြည့်လိုက်မယ်"

မှန်လိုက်လေ။ မျက်မှန်က ဒီဂရီ ၁၀၀ ခန့်တက်နေ၏။ မျက်မှန်အသစ် ပြန်လုပ်လိုက်သောအခါ မူးနောက်နောက်ဝေဒနာ လုံးဝပျောက်သွားတော့သည်။

ယခုနှစ်တွေ အတော်ကြာခဲ့ပါပြီ။ ဒီမနက်မှာ စိတ်မကြည်မလင်ဖြစ်တာ ရောဂါကြောင့်တော့ မဖြစ်နိုင်။

စိတ်ကိုမြူမှုန်ဖုံးတာပဲ ဖြစ်နိုင်သည်။ ဖုံးနိုင်သည့်မြူကလည်း လောဘ၊ ဒေါသနှင့်မောဟတို့ကြောင့်သာ ဖြစ်မည်။

မိမိလုပ်ငန်းခွင် အလုပ်တွေကြောင့်လား၊ ပါဝင်ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့များ၏ ကိစ္စဝိစ္စများကြောင့်လား၊ မိသားစုအရေးကိစ္စ (အဝေးတွင် နေထိုင်ကြသည့်သားသမီးများ၊ မြေးများနှင့်ပတ်သက်၍လား)များကြောင့်လား။

စဉ်းစားသော်လည်း အဖြေက တိတိကျကျ ထွက်မလာ။ ထိုအဖြစ်မျိုးကို လူအတော်များများလည်း ကြုံဖူးကြမည်ဖြစ်သည်။

ထို့ကြောင့်သူများမှာ ထိုအဖြစ်မျိုးကြုံ၍ မိမိကိုပြောပြလာခဲ့လျှင် မိမိက အကြံပြုလေ့ရှိတာက "လောကမှာ တစ်ညအိပ်ရေးပျက်လောက်အောင် တစ်နပ်စာထမင်းစားပျက်လောက်အောင်ကိစ္စဆိုတာ ဘာမျှမရှိဘူး။ တကယ်တော့ ဒီကနေ့အရေးတကြီးကိစ္စဆိုတာတွေဟာ နောင်တစ်ချိန်မှာ ပြန်တွေးကြည့်ရင် ပြုံးစရာရယ်စရာတွေတောင် ဖြစ်နေတတ်တယ်"

ထိုစကားဖြင့် မိမိကိုယ်ကို နှစ်သိမ့်ကာ ရုံးကိုလာရင်း လူရှင်းသောလက်ဖက်ရည်ဆိုင်တစ်ခုသို့ ဝင်လိုက်မိ၏။ ဆိုင်ထဲတွင် အသင့်ချိတ်ထားသောစာနယ်ဇင်းအတွဲတွေထဲမှ သတင်းစာနှင့်ဂျာနယ်တစ်စောင်စီယူကာ လက်ဖက်ရည်တစ်ခွက်မှာပြီး စိတ်အေးချမ်းစွာ စာဖတ်နေမိသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာနှင့်ယှဉ်၍ ဖတ်မိသည့်သတင်းတွေကလည်း အစုံပါပဲ။ သတင်းတွေဝအောင်ဖတ်ပြီးတော့ စိတ်ထဲမှာ အနည်းငယ် ကြည်လင်လာ၏။ လောကတစ်ခုလုံး ကံတရား၏စီမံရာအတိုင်း လိုက်ပါဖြစ်ပျက်နေကြပါလားဟု အတွေးတစ်ခု ရလိုက်၏။

စားပွဲထိုးကလေးက ဘီလ်ယူလာသောအခါ လက်ဖက်ရည်တစ်ခွက် ၁၅၀၀ ကျပ်တဲ့။

ထိုဆိုင်သည် ဆိတ်ငြိမ် ရပ်ကွက်တစ်ခု၏ သွားလာရေး လွယ်ကူသောလမ်းမကြီးဘေးတွင် ရှိသည်။ ကားရပ်ရန် အဆင်ပြေသည်။ လေအေးစက်နှင့် နေရာထိုင်ခင်းကောင်းသည်။ မိသားစုတွေ၊ မိတ်ဆွေတွေ အေးချမ်းစွာ စားသောက်နိုင်သည်။

မိမိသောက်လိုက်သည့် လက်ဖက်ရည်က အရသာကောင်းရုံသာမက ပုံမှန်ခွက်ထက် နှစ်ဆခန့်ရှိသည်။

ထို့ကြောင့် ကျသင့်ငွေကို ကျေကျေနပ်နပ်ပေးရင်း စိတ်ကြည်ဆေးတစ်ခွက်ဖိုးဟုသာ သဘောထားလိုက်ပါသည်။ ■

# နှလုံးသားအထူအပါး

မောင်မြင့်အောင်

**ကျောင်းသားဘဝက မောင်နှမသုံးယောက်ရှိသောမိသားစုလေးသည် ရိုးသားပြီး အပိုဝင်ငွေမရှိသော အဖေ၏လစာလေးနှင့် အဆင်ပြေခဲ့သည်။ ထို့နောက် ဆယ်စုနှစ်များကျော်လွန်လာပြီး ကမ္ဘာကြီးသည် အသစ်အသစ်သော နည်းပညာများဖြင့် တိုးတက်လာသောအခါ ကျွန်တော်တို့မိသားစု၏ရပ်တည်မှုပုံသေနည်းလည်း အပြောင်းအလဲ ဖြစ်ခဲ့ရသည်။**

ထို့ကြောင့် အိမ်ရှိလူကုန်အလုပ်ထွက်လုပ်ခြင်းနှင့် မီးဖိုချောင်ကိုအားဆေးထိုးနေရပြီး မိုးလင်းအိမ်ကထွက်၊ မိုးချုပ်အိမ်ပြန်ရောက်စနစ်၏ သားကောင်ဖြစ်လာသောအခါ သားသမီး၏ပညာရေးကိုလည်း အထောက်အကူမပေးနိုင်တော့ပေ။ ထို့အတူ ပဋိမတန်းတက်နေသောသားလေးကို ကျူရှင်ထားရသည်။ အိမ်နှင့်ကျူရှင်သည် အနည်းငယ်ဝေးသောကြောင့် နာရီဝက်လောက် လမ်းလျှောက်ရသည်။ ရပ်ကွက်နှစ်ခုကို ဖြတ်လျှောက်ရသောကြောင့် ဝိုင်ဘီအက်စ်စီးလို့လည်း မရပေ။

သို့သော် ကျွန်တော် စောစောပြန်ရောက်သောနေ့များတွင် သားကိုစက်ဘီးနှင့် သွားကြိုဖြစ်သော်လည်း မကြိုနိုင်လျှင် သူ့အစီအစဉ်နှင့်သူပြန်လေ့ရှိသည်။ တစ်ခုကံကောင်းသွားသည်မှာ အိမ်ရှေ့အိမ်က သားသူငယ်ချင်း 'ကျော်ဇင်'ကပါ သားနှင့်အတူ ကျူရှင်လိုက်တက်သောကြောင့် သားအတွက် အဖော်ရသွားခဲ့၏။

× × ×

ယခုတလော ကျွန်တော်အိမ်အပြန် နောက်ကျသည်။ အလုပ်ပြီးလျှင် စာရေးဆရာတချို့နှင့်လက်ဖက်ရည်ဆိုင်ထိုင်သည်။ သတင်းစာနှင့်ဂျာနယ်တိုက်တချို့သို့ ရောက်သည်။ ယာဉ်ကြောကျပ်သောကြောင့်လည်း အိမ်အရောက် နောက်ကျသည်။ သားသူငယ်ချင်း ကျောင်းလိုက်တက်ကတည်းက သားကိုတစ်ခါသာ သွားကြိုဖူးသည်။

ယနေ့အိမ်စောစောပြန်ရောက်သည်။ ထို့နောက် မနက်ကဝယ်ထားသော 'စံတော်ချိန်' သတင်းစာကိုဖတ်နေစဉ် ကျွန်တော့်အမျိုးသမီး အနားရောက်လာသည်။

"အစ်ကို–ဒီနေ့စောသားပဲ"

"အေး–ဟုတ်တယ်၊ အလုပ်လည်း ပါးတာနဲ့ပြန်ခဲ့တာ"

"အခု အစ်ကို ဘယ်သွားစရာရှိသေးလဲ"

"မရှိပါဘူး – ဘာဖြစ်လို့လဲ"

"ဒါဆို – သားကိုညနေကျူရှင်သွားကြိုလိုက်ပါဦး"

ကျွန်တော်ချက်ချင်းဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သွားမကြိုချင်ပေ။ ထို့ကြောင့် ငြင်းလိုက်၏။

"ဩော် အခုမှ သတိရတယ်၊ လမ်းထိပ်မှာ သူငယ်ချင်းတစ်ယောက်နဲ့ချိန်းထားလို့ သူ့ဘာသာသူပြန်လာလိမ့်မယ်၊ အဖော်လည်း ရှိနေတာပဲ"

အမျိုးသမီးက ကျေနပ်ပုံမရ။

"အစ်ကိုက တော်တော်ဖခင်စိတ်မရှိတဲ့သူပဲ"

"ဖခင်စိတ်မရှိတဲ့လူ"ဆိုသည့်စကားကို ကျွန်တော် ပြန်ဆွေးနွေးချင်သော်လည်း ကျွန်တော့်နှုတ်ခမ်းကို မဖွင့်ခဲ့ပေ။

တကယ်တော့ ကျွန်တော့်နှလုံးသားထဲမှာ ဖခင်စိတ်အပြည့်အဝရှိသည်။ အတ္တဆန်သည့်ဖခင်စိတ်တော့ မဟုတ်ပေ။ သားကိုစက်ဘီးပေါ်တင်ပြီး သွားခေါ်လာသည့်တစ်ရက်က လာကြိုမည့်သူမရှိသောကြောင့် မျက်နှာအနွမ်းလေးနှင့်ကျန်ခဲ့သည့် သားသူငယ်ချင်း 'ကျော်ဇင်'၏မျက်နှာလေးကို ဖခင်တစ်ယောက်၏စိတ်ဖြင့် ကျွန်တော်မကြည့်ရက်နိုင်သောကြောင့်ဖြစ်သည်။ ■




# ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာချီကျိ ဖောင်ဒေးရှင်းပရဟိတအသင်း ရေဘေးသင့်လယ်များအတွက် ဆင်းသုခမျိုးစပါးများ ပေးအပ်လှူဒါန်း

ဘားအံ ဖေဖော်ဝါရီ ၂၅

**ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသော တောင်သူလယ်သမားများအား ဆင်းသုခမျိုးစပါးပေးအပ် လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့နယ် ဝါးဆူနှင့် ဘားကပ်ကျေးရွာတို့တွင် တစ်ပြိုင်တည်း ကျင်းပသည်။**

အဆိုပါအခမ်းအနားများသို့ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦး၊ ဘားအံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး မြန်မာချီကျိဖောင်ဒေးရှင်းမှ Mr.Wan နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အကျိုးတော်ဆောင် ဦးကျော်ခင်နှင့် ဦးမြင့်သိန်းတို့က မျိုးစပါးလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆင်းသုခမျိုးစပါးများကို တောင်သူတစ်ဦးချင်းအား ပေးအပ်လှူဒါန်းကြသည်။(ပုံ)

ဘားအံမြို့နယ်အတွင်း ပြီးခဲ့သည့် မိုးတွင်းကာလရေကြီးရေလျှံမှုကြောင့် ကျေးရွာ ၈၂ ရွာ၊ ပျက်စီးဧက ၂၅၁၃၃ ဧကအတွက် ထိခိုက်တောင်သူ ၆၀၅၀ ဦးအား ဆင်းသုခမျိုးစပါးအိတ်ပေါင်း ၂၅၁၃၃ အိတ် ပေးအပ်လှူဒါန်းသည်။

မြန်မာချီကျိဖောင်ဒေးရှင်းကို ထိုင်ဝမ်နိုင်ငံမှ ဘိက္ခုနီဆရာကြီး ကျင့်ယန်က ထူထောင်ခဲ့ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံ၌ ဖောင်ဒေးရှင်းများဖွဲ့စည်းကာ နိုင်ငံပေါင်း ၉၈ နိုင်ငံကို လှူဒါန်းနိုင်ခဲ့သည် ဆို၏။ မြန်မာနိုင်ငံတွင်လည်း နာဂစ်ကာလမှစ၍ ပါဝင်လှူဒါန်းခဲ့ပြီး ကရင်ပြည်နယ်သို့ ယခုနှစ် ရေဘေးကျရောက်ခဲ့မှုအပေါ် အွန်လိုင်းမှ တွေ့မြင်ခဲ့ရ၍ ဖောင်ဒေးရှင်းအဖွဲ့များက ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ ဆင်းသုခမျိုးစပါးများကို လှူဒါန်းခြင်း ဖြစ်သည်။

**မြတ်သဥ္ဇာလှိုင်**

# နယ်စပ်ဒေသ မြန်မာ့ဆန်စျေးကွက် အခက်ကြုံနေမှုမှ ရုန်းထွက်ရန် နည်းလမ်းရှာကြ

အောင်ဆန်း
(စိုက်ပျိုးရေး)

**မြန်မာနိုင်ငံရဲ့ဆန်စျေးကွက်ဟာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ ပြည်တွင်းစားသုံးဖို့အတွက် ရောင်းဝယ်ဖောက်ကားတဲ့အပိုင်း၊ ဒုတိယအပိုင်းကတော့ ပြည်ပတင်ပို့ ရောင်းဝယ်ဖောက်ကားမှုအပိုင်း ဖြစ်ပါတယ်။**

ပြည်တွင်းရောင်းဝယ်ဖောက်ကားမှုအပိုင်းမှာတော့ တောင်သူလယ်သမားကြီးများ၊ ဆန်ရောင်းဝယ်မှုကို ကြိုးကိုင်ထားကြတဲ့ ကုန်သည်ကြီးများ၊ စက်ပိုင်ကြီးများ၊ ပွဲစားများဟာ ဒီဆန်စျေးကွက်ထဲမှာ ကျင်လည်ကျက်စားနေကြရပါတယ်။

ပြည်ပတင်ပို့ရောင်းဝယ်ဖောက်ကားမှုအပိုင်းမှာတော့ ပို့ကုန်လုပ်ငန်းရှင် (Exporter) ကြီးများ၊ ဆန်စက်ပိုင်များ၊ ကုန်သည်များ၊ ပွဲစားများနဲ့ပြည်ပဝယ်လက်နိုင်ငံများဟာ ဒီဆန်စျေးကွက်ထဲမှာ လူးလာခေါက်ပြန်စုန်ဆန်မျောနေကြပါတယ်။

ဒီလိုနည်းနဲ့မြန်မာ့ဆန်စျေးကွက်ဟာ မြန်မာ့လယ်ယာထွက်ကုန်စပါးသီးနှံကိုအခြေခံပြီး သန္ဓေတည်လာခြင်း ဖြစ်ပါတယ်။ မြန်မာ့လယ်ယာထွက်ကုန်ထဲမှာလည်း စပါးသီးနှံဟာ ပမာဏအများဆုံးနဲ့ နိုင်ငံခြားငွေရှာပေးမှုမှာလည်း အများဆုံးသီးနှံဖြစ်ပါတယ်။ ဒီသီးနှံကိုလည်း လူဦးရေပမာဏအများဆုံးဖြစ်တဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားအများစုက ထုတ်လုပ်ပေးနေတာ ဖြစ်ပါတယ်။

၂၀၁၅–၂၀၁၆ ခုနှစ် စာရင်းအရ မိုးစပါး နွေစပါး စုစုပေါင်းဟက်တာသန်းပေါင်း ၇ ဒသမ ၂၁ စိုက်ပျိုးပြီး တစ်ဟက်တာအထွက်နှုန်း ၃ ဒသမ ၉၇ မက်ထရစ်တန်ထွက်ရှိခဲ့လို့ စပါးစုစုပေါင်း မက်ထရစ်တန်သန်းပေါင်း ၂၈ ဒသမ ၂ သန်းကျော် ရရှိခဲ့ပါတယ်။ အဲဒီထဲကမှ ၁၀ ရာခိုင်နှုန်း မှ ၁၅ ရာခိုင်နှုန်းသာ ပြည်ပကိုတင်ပို့ရောင်းချခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဆန်ကိုအဓိကစားသုံးပြီး ဆန်ဟာအဓိကရိက္ခာသီးနှံလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆန်စပါးထုတ်လုပ်ရေးကို အဓိကလုပ်ငန်းကြီးတစ်ရပ်အဖြစ် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အဓိကရိက္ခာသီးနှံစပါးကို ခေတ်အဆက်ဆက်ဧရိယာတိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို အစဉ်တစိုက်ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ပြည်တွင်းစားသုံးမှုဖူလုံရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ပြီး ၁၈၅၂ ခုနှစ် အင်္ဂလိပ်အုပ်ချုပ်မှုအောက်မရောက်မီကာလမှပင် စပါးကိုပြည်တွင်းစားသုံးမှုအတွက်သာ စိုက်ပျိုးခဲ့တာကို တွေ့ရပါတယ်။ အဲဒီအချိန်မှာပဲ ရခိုင်ပြည်နယ်က ထွက်ရှိတဲ့ဆန်ကို ပြည်ပသို့အနည်းငယ်တင်ပို့နိုင်ခဲ့ခြင်းဟာ ဆန်ပြည်ပတင်ပို့ခြင်းရဲ့ ကနဦးဖြစ်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဆန်ကိုပြည်တွင်းစားသုံးမှုအပြင် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပတင်ပို့မှုကို အရှိန်အဟုန်တဖြည်းဖြည်းမြှင့်လာတာ တွေ့ရပါတယ်။ ၁၈၈၀–၈၁ ခုနှစ်မှာ ဆန်ကို ပြည်ပသို့ ဒသမ ၇ မီလီယံမက်ထရစ်တန် တင်ပို့ခဲ့ပါတယ်။ ကြားကာလမှာ ပြည်ပသို့ဆန်တန်ချိန် နှစ်မီလီယံမက်ထရစ်တန် ပျမ်းမျှတင်ပို့နိုင်ခဲ့ပါတယ်။ **၁၉၃၄–၃၅ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ပြည်ပသို့ဆန်တန်ချိန် မက်ထရစ်တန်သုံးသန်းခွဲအထိ စံချိန်တင်တင်ပို့နိုင်ခဲ့ပြီး အရှေ့တောင်အာရှမှာ ဆန်တင်ပို့မှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့တဲ့ သမိုင်းကြောင်း ရှိလာခဲ့ပါတယ်။** မြန်မာ့ဆန်ပြည်ပတင်ပို့မှု ကုန်သွယ်လမ်းကြောင်းဟာလည်း ၂၀၀၆–၂၀၀၇ ခုနှစ်အထိ ပင်လယ်ရေလမ်းကြောင်းတစ်ခုတည်းကသာ တင်ပို့ခဲ့တာကို တွေ့ရပါတယ်။



မြန်မာနိုင်ငံမှ ဆန်ပြည်ပတင်ပို့မှုကုန်သွယ်လမ်းကြောင်းများ ပွင့်လင်းလာတဲ့အခါ နယ်စပ်ဒေသလမ်းကြောင်းမှ တင်ပို့မှုများကလည်း တိုးချဲ့နေရာယူလာတာ တွေ့ရပါတယ်။ ၂၀၀၆–၂၀၀၇ ခုနှစ်မှစတင်ပြီး ဆန်ကိုပြည်ပတင်ပို့ရာမှာ ပုံမှန်ရေကြောင်းကုန်သွယ်ရေးအပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကိုပါ တရားဝင်ခွင့်ပြုခဲ့ပါတယ်။ အိန္ဒိယနယ်စပ်ဒေသ၊ တရုတ်ပြည်နယ်စပ်ဒေသ ကုန်သွယ်လမ်းကြောင်းများ လမ်းပွင့်သွားခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ဆန်ကိုပြည်ပတင်ပို့နေတဲ့ရေလမ်းကြောင်းကလည်း ဝယ်လက်နိုင်ငံများက နိုင်ငံရေးအခြေအနေအရ မြန်မာ့ဆန်ဝယ်ယူမှုလက်နှေးသွားခဲ့ပါတယ်။ ရေလမ်းကြောင်းကနေ မြန်မာ့ဆန်တင်ပို့မှုဟာ တဖြည်းဖြည်းကျဆင်းလာခဲ့တာ တွေ့ရပါတယ်။ ပုံမှန်ရေလမ်းကြောင်းမှ ဆန်ပြည်ပတင်ပို့မှုကျဆင်းလာတဲ့အချိန်မှာ နယ်စပ်ကုန်သွယ်လမ်းကြောင်းမှ ဆန်တင်ပို့မှုဟာ အလိုလိုအသာစီးရသွားပြီး တစ်နှစ်ထက်တစ်နှစ် တရိပ်ရိပ်မြင့်တက်လာခဲ့ပါတယ်။ အထူးသဖြင့် တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်တင်ပို့မှုလုပ်ငန်းဟာလည်း စျေးကွက်ကြီးထွားလာခဲ့တာ တွေ့ရပါတယ်။ အဲဒီကမှ စျေးကွက်တဖြည်းဖြည်း ချဲ့ထွင်လာခဲ့ကာ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့မှုပမာဏစုစုပေါင်းရဲ့ ထက်ဝက်ကျော်အထိပင် နေရာရလာတာကို တွေ့ရပါတယ်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်တင်ပို့နေမှုကို လေ့လာသုံးသပ်ကြည့်ရင် ၂၀၁၂–၂၀၁၃ ခုနှစ်က တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကတစ်ဆင့် ဆန်ကီလိုဂရမ်ပေါင်း ရှစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၂ သန်းကျော်ရရှိခဲ့တာ တွေ့ရပါတယ်။ အဲဒီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်တင်ပို့နိုင်ခဲ့တဲ့ပမာဏဟာ စုစုပေါင်းဆန်တင်ပို့မှုရဲ့ ၆၅ ရာခိုင်နှုန်းအထိရှိတာ တွေ့ရပါတယ်။ အဲဒီအချိန်မှာ ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ပြည်ပသို့ဆန်တင်ပို့နိုင်မှုဟာ ကီလိုဂရမ်ပေါင်း ခြောက်သိန်းကျော်သာရှိတာ တွေ့ရပါတယ်။

၂၀၁၄–၂၀၁၅ ခုနှစ်မှာတော့ မြန်မာနိုင်ငံဟာ တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ၁ ဒသမ ၃၄ သန်းတင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၄၉၄ သန်းကျော် ရှာဖွေပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ် ၄ ဒသမ ၇ သိန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၅၀ သန်းသာရရှိခဲ့ပါတယ်။ ၂၀၁၅–၂၀၁၆ ခုနှစ်မှာ တရုတ်နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ၁ ဒသမ ၂၃ သန်းတင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ ၄၃၈ ဒသမ ၇၄ သန်း ရရှိခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ပုံမှန် ပင်လယ်ရေကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ၂ ဒသမ ၄ သိန်းကျော်သာ တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၇–၂၀၁၈ ခုနှစ်မှာ ပြည်ပသို့ ဆန်မက်ထရစ်တန်ချိန်သန်းပေါင်း ၃ ဒသမ ၅၉ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်အထိ ရရှိခဲ့ပါတယ်။ အဲဒီအထဲမှာ ပြန်ကြည့်ရင် တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန် ၆၅ ရာခိုင်နှုန်းအထိ တင်ပို့ နိုင်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။



ယခုအချိန်မှာ အထက်ပါကိန်းဂဏန်းအထောက်အထားတွေအရ သုံးသပ်ကြည့်ရင် မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့နေမှုလုပ်ငန်းမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ ပုံမှန်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တွင်ကျယ်ကြီးထွားလာပြီး နှာတဖျားသာနေတာ တွေ့ရပါတယ်။

ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ တရုတ်ပြည်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကဆန်တင်ပို့ရင် ခရီးသွားလမ်းကြောင်းက ပိုပြီးနီးတယ်။ လွယ်ကူတယ်။ သယ်ယူပို့ဆောင်စရိတ် သက်သာတယ်။ စာရွက်စာတမ်းအထောက်အထား၊ ထောက်ခံချက်တွေ ဝန်ပေါ့တယ်။ ဆန်အမျိုးအစားသိပ်ချေးမများဘူး။ မြန်မာပြည်တွင်းပေါက်စျေးထက် စျေးနည်းနည်းပိုပေးဝယ်နိုင်တယ်။ လုပ်ငန်းဆောင်ရွက်မှု သွက်လက်မြန်ဆန်တယ်ဆိုတဲ့ အခြေခံအကြောင်းတရားတွေကြောင့်လို့ ဆိုရမှာပါပဲ။

၂၀၁၇–၂၀၁၈ ခုနှစ်ကစပြီး စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ဦးဆောင်မှု၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ရဲ့ ပူးပေါင်းမှုနဲ့ မြန်မာနိုင်ငံဆန်တင်ပို့နေသော ကုန်သည်ကြီးများကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင်လုပ်ဆောင်လာမှုတို့ကြောင့် ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းဟာလည်း တဖြည်းဖြည်းဦးမော့လာနေပါတယ်။ စျေးကွက်အသစ်နိုင်ငံတွေ ရရှိလာပါတယ်။ အစိုးရအချင်းချင်း (G to G) ဆန်ရောင်းဝယ်မှုစာချုပ်တွေ ချုပ်ဆိုလာနိုင်တာ ဖြစ်ပါတယ်။ ဒီအခြေအနေအားသာချက်တွေကြောင့် ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းဟာလည်း ပြန်လည်ကြီးထွားဖွံ့ဖြိုးလာတာ တွေ့ရှိရပါတယ်။

ဒီလိုပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနဲ့ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများကနေ ဆန်ပြည်ပတင်ပို့ကြဖို့ လုံးပန်းကြတဲ့နေရာမှာ မြန်မာ့ဆန်စပါးလောက ဆန်စျေးကွက်ဟာ အားပြိုင်လွန်ဆွဲသလို ဖြစ်လာတာ တွေ့နေရပါတယ်။

လမ်းကြောင်းနှစ်ကြောင်းလုံးထဲမှာ ပါဝင်ပတ်သက်နေတဲ့ ဆန်ပို့ကုန်လုပ်ငန်းရှင် (Exporter) ကြီးများ၊ ဆန်ကုန်သည်ကြီးများ၊ ဆန်ပွဲစားကြီးများဟာ ဆန်စျေးကွက်ထဲမှာ မိမိတင်ပို့ရမယ့် ဆန်ပမာဏရရှိရေးအတွက် ပျာယာခတ်ပြီး အလုအယက်ဝယ်ယူနေကြပါတယ်။ ဆန်စျေးကွက်ကတော့ ကုန်သည်ကြီးများ ဟိုဘက်ဒီဘက် လွန်ဆွဲတာခံနေရတဲ့မြေစာပင်လို ဖြစ်နေပါတယ်။ ဆန်စျေးဟာလည်း တက်လိုက်ကျလိုက် ဖြစ်နေပါတယ်။

အဲဒီလိုဆန်စျေးကွက်ကို လွန်ဆွဲသလို အားပြိုင်ဝယ်ယူနေကြရတဲ့ ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုရဲ့ ဆန်ဝယ်လိုအားကို ဆန်းစစ်ကြည့်ရင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအတွက် ဝယ်ယူနေကြတဲ့ ကုန်သည်ကြီးများဟာ တရုတ်ပြည်နယ်စပ်ရဲ့ အထက်ပါအားသာချက် ဝန်ပေါ့စေမှုတွေကြောင့်လည်းကောင်း၊ စျေးအနည်းငယ်ပိုပေးဝယ်လို့ရနေတာကတစ်ကြောင်း၊ ဆန်တင်ပို့မှုအတွက် အစိုးရကို မြန်မာငွေ နှစ်ကျပ်နှုန်းနဲ့ အခွန်ဆောင်ခွင့်ရနေတာကတစ်ကြောင်း၊ ဆန်ဝယ်ယူရရှိမှု ပိုမိုသာလွန်နေတာ တွေ့ရပါတယ်။ သို့သော်လည်း တရုတ်ပြည်နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းကတစ်ဆင့် ဆန်တင်ပို့နေတာဟာ နှစ်ဖက်အစိုးရအချင်းချင်း တရားဝင်သဘောတူညီချက်ရရှိထားတဲ့လုပ်ငန်း မဟုတ်တာ တွေ့ရပါတယ်။

ယခုအခါမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင်းမှာရှိတဲ့ မြန်မာနိုင်ငံသားတွေကို ငွေကြေးထိုက်ထိုက်တန်တန်ပေးပြီး ဝယ်လက်ကိုယ်စားလှယ်တွေမွေးလာကြတာ တွေ့ရပါတယ်။ အဲဒီဝယ်လက်တွေကို အသုံးချပြီး မြန်မာနိုင်ငံအတွင်းမှာ ဆန်သာမက စပါးကိုပါတိုက်ရိုက်ဝယ်ယူနေကြတာဟာ မြန်မာပြည်အထက်ပိုင်းဒေသ၊ အလယ်ပိုင်းဒေသမှသည် မြန်မာပြည်

စာ – ၇ သို့



## စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တတိယအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ARDSCG)၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ ၌ကျင်းပရာ အခမ်းအနားတွင် ARDSCG ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။ (ပုံ)**

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးကျော်မင်းဦးနှင့် ဦးကျော်ငွေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ FAO၊ USAID၊ ADB၊ LIFT Fund၊ GIZ၊ IRRI နှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NGO, INGOs, CSO များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ DACU ၏ လမ်းညွှန်ချက်အရ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပေးအပ်သော ပြည်ပချေးငွေ/ ထောက်ပံ့ငွေများအား ပိုမိုထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းအသုံးပြုရန် ရည်ရွယ်၍ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ARDSCG) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော FAO၊ USAID တို့မှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ကာ စုစုပေါင်း ၂၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည်။

ယနေ့ကျင်းပသော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ARDSCG) တတိယအကြိမ် အစည်းအဝေးတွင် စိုက်ပျိုးရေးနှင့်ဆည်မြောင်းကဏ္ဍ၊ သမဝါယမကဏ္ဍ၊ အသားကဏ္ဍ၊ ငါးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍစသည့် ကဏ္ဍငါးခု၏ လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရေရှည်အတွက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဦးစားပေးလုပ်ငန်းများအလိုက် ဆောင်ရွက်ရန်ကိစ္စရပ်များကို လည်းကောင်း၊ စီမံအုပ်ချုပ်ရေး၊ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားများနှင့် ပတ်သက်၍ လည်းကောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာပါ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ် ၂၅၀ ခုအပေါ် ဝန်ကြီးဌာနရန်ပုံငွေနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ အထောက်အပံ့ အကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း အစည်းအဝေး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး (ARDSCG) အဖွဲ့ တတိယအကြိမ် အစည်းအဝေးတွင် ဒုတိယဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**MOALI ပြန်ကြားရေး**

## ဟင်းသီးဟင်းရွက်တွင် ဓာတုဆေးသုံးစွဲမှု အခြေအနေများ လယ်ဝေးမြို့နယ်တွင် မှတ်တမ်းကောက်ယူ

မြဝတီ ဖေဖော်ဝါရီ ၂၀

**စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဟင်းသီးဟင်းရွက် စားသောက်ကုန်များတွင် ဓာတုဆေးဓာတ်ကြွင်း အာနိသင်ပါဝင်မှုကို လေ့လာရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အပင်ရောဂါဌာနစုမှ တာဝန်ခံ ဒေါ်စီစီမြင့် ဦးဆောင်၍ ဒေါက်တာသက်ရီခိုင်၊ ဒေါ်နေနေဦးနှင့် ဒေါ်နန်းအိအိခိုင် တို့ပါဝင်သော သုတေသနပညာရှင်များအဖွဲ့သည် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ဓာတုဆေးသုံးစွဲမှုအခြေအနေများကို မှတ်တမ်းကောက်ယူကြသည်။ (ပုံ)**

လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာတွင် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ အစိမ်းနှင့်အဖြူ၊ မြေပဲ၊ ခရမ်းချဉ်၊ ကန်စွန်း၊ ပြောင်းချို၊ မေမြို့ပန်း၊ နံနံ၊ ကြက်သွန်၊ မတ်ပဲ၊ ဆလတ်ရွက်၊ တိုင်ထောင်ပဲ၊ ခရမ်း စသည်တို့ကို သီးညှပ်စိုက်ပျိုးနည်းဖြင့် အများဆုံးစိုက်ပျိုးကြရာ ထိုကျေးရွာများတွင် မြေခံမြေဩဇာအဖြစ် အာမိုကွန်ပေါင်း၊ ပုလဲမြေဩဇာနှင့် မြေတွင်းအောင်းပိုးများ၏ အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် ဖျူရာဒမ် ၃ ဂျီတို့ကို ထည့်သွင်းအသုံးပြုကြောင်း မှတ်တမ်း ကောက်ယူရရှိသည်။

ရာသီဥတုအခြေအနေအပေါ်မူတည်၍ မိုးအုံ့ပါက စိုက်ပျိုးရေးဆေးဆိုင်၏အကူအညီဖြင့် မှိုသတ်ဆေး၊ ပိုးသတ်ဆေးများကို သုံးရက်ခြား၊ ငါးရက်ခြား၊ ခုနစ်ရက်ခြားတစ်ကြိမ်ဖျန်းကြောင်း လေ့လာသိရှိရသည်။

ဓာတုပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို ရိတ်သိမ်းခါနီးအထိ အသုံးပြုနေကြပြီး အထူးသဖြင့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာနှင့် ကန်စွန်းရွက်တွင် ရိတ်သိမ်းချိန်နီးသည့်အထိ အသုံးပြုနေကြောင်း လေ့လာသိရှိရသဖြင့် ဓာတုဓာတ်ကြွင်းနှင့် ပတ်သက်၍ သုတေသနပြု လေ့လာရန် လိုအပ်နေကြောင်း သိရှိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်ရောဂါသုတေသနဌာနစုအနေဖြင့် မှိုရောဂါကျရောက်လေ့ရှိသော ဟင်းသီးဟင်းရွက် အထူးသဖြင့် ဂေါ်ဖီထုပ်နှင့် ဂေါ်ဖီပန်း (အော်တာနေးရီးယား-ရွက်ခြောက်ရောဂါ)နှင့် ကန်စွန်းသံချေးဖြူရောဂါများကို လက်ရှိအများဆုံး အသုံးပြုနေသည့် မှိုသတ်ဆေးများ၏ ဆေးဖျန်းသည့်အကြိမ်အရေအတွက်ပေါ်မူတည်၍ ဓာတုဓာတ်ကြွင်းများ ကျန်ရှိခြင်း ရှိ/ မရှိ သုတေသနကို ၂၀၁၉ ခုနှစ် မိုးကြို၊ မိုးနှင့် မိုးနှောင်းရာသီများတွင် သုတေသနပြုဆောင်ရွက်ရန်နှင့် ပဏာမအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အပါအဝင် နည်းပညာကော်မတီဝင်များသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နဝရတ်ခန်းမ၌ အကြိုညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။



**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

စာ - ၆ နယ်စပ်ဒေသ မှ

အောက်ပိုင်းဒေသ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီအထိ ခြေဆန့်လာနေကြ တာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံဘက်မှ မြန်မာပြည်တွင်းအထိ စပါးများ တိုက်ရိုက်ဝယ်ယူနေမှုဟာ မြန်မာ့ဆန်စပါးဈေးကွက်ကို ကိုင်လှုပ်သလို ဖြစ်လာပါတယ်။ မြန်မာပြည်တွင်းမှာရှိတဲ့ ဆန်ကုန်သည်၊ ဆန်စက်ပိုင် ပွဲစားတွေဟာ အဲဒီဂယက်ကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ကမောက်ကမ ခံစားနေကြရပါတယ်။ တချို့ဆိုရင် စပါးဝယ်မရလို့ ဆန်စပါးကို တိုက်ရိုက်ကားကြီးတွေနဲ့ တရုတ်ပြည်ကို သယ်ယူနေတာကို တားတယ်ဆိုပေမယ့် ယနေ့အထိ ထိရောက်မှုမရှိဘဲ ရှင်သန်နေဆဲပါပဲ။ စက်တွေပိတ်ထားရတဲ့အထိ ဖြစ်ကုန်တယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်တင်ပို့မှုကို ချင့်ချိန်ကြည့်ဖို့လိုအပ်နေပြီ ဖြစ်ပါတယ်။ နယ်စပ်က ဆန်တင်ပို့မှုဟာ မြန်မာနိုင်ငံတစ်ခုလုံးရဲ့ ဆန်ပြည်ပတင်ပို့မှုစုစုပေါင်းရဲ့ ၆၅ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် မြန်မာနိုင်ငံက ဆန်ပြည်ပတင်ပို့နိုင်မှုကို လွှမ်းမိုးထားတာ တွေ့ရပါတယ်။ တရုတ်က မြန်မာနိုင်ငံက ဆန်ဝယ်ယူမှုကို အကြောင်းတစ်မျိုးမျိုးကြောင့် ပိတ်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ဆန်တင်ပို့နိုင်မှုပမာဏကို ဦးစွာထိခိုက်စေမှာ အသေအချာပါပဲ။ ယခုနှစ် ဆန်ပြည်ပတင်ပို့နိုင်မှုဟာ ယခင်နှစ်ကထက် သာလွန်မလား၊ လျော့မလား ဆိုရင် တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှာပဲ တည်မှီနေတယ်လို့ ဆိုရမှာ အမှန်ပါပဲ။

မြန်မာနိုင်ငံဟာ အိန္ဒိယသို့ ၂၅ နှစ်ကြာ ကုန်သွယ်မှု ခိုင်မာခဲ့တဲ့ မတ်ပဲဈေးကွက်ရဲ့ ယခုခံစားနေရတဲ့အဖြစ်အပျက်က သာဓကတစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာရဲ့ဆန်ဈေးကွက်ဟာ တရုတ်နယ်စပ်ဒေသက ဆန်အနုတ်အသိမ်းပေါ်မှာပဲမူတည်ပြီး ဈေးအတက်အကျဆိုတာ ဖြစ်နေတာတွေ့ရပါတယ်။ ကြာရင် မြန်မာ့ဆန်ဈေးကွက်တည်ငြိမ်မှုကို လှုပ်ကိုင်လာမလားဆိုတာ တွေးဆစဉ်းစားစရာ ဖြစ်လာပါတယ်။

ယခုအခါမှာလည်း နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အဓိကအားထားနေရတဲ့ တရုတ်ပြည်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို တရုတ်နိုင်ငံဘက်က ဖြန်းဆိုတင်းကျပ်ချုပ်ကိုင်လိုက်တာ နှစ်လနီးပါးခန့်ရှိပြီဖြစ်တဲ့အတွက် ကုန်စည်စီးဆင်းမှု လုံးဝရပ်တန့်သလောက် ဖြစ်သွားရပါတယ်။ ဒီတော့ မြန်မာနိုင်ငံဘက်က တရုတ်နယ်စပ်ဒေသလမ်းကြောင်းကနေ တင်ပို့နေတဲ့ဆန်အပါအဝင် အခြားသစ်သီးဝလံထွက်ကုန်တွေလည်း ပြည်တွင်းမှာရော မူဆယ် ၁၀၅ မိုင် ဂိုဒေါင်တွေမှာပါ ပြည့်လျှံပြီး စုပုံနေပါတယ်။ တရုတ်နိုင်ငံဘက်က အဟန့်အတားတွေ အဖမ်းအဆီးတွေ လုပ်နေတဲ့အတွက် ပစ္စည်းပို့မယ့်ကုန်တင်ကားကြီးတွေလည်း တရုတ်နိုင်ငံဘက်ကိုဝင်လို့မရဘူး ဖြစ်နေပါတယ်။ တချို့လည်း အဆင့်ဆင့်မှောင်ခိုအနေနဲ့ ပုန်းလျှိုးကွယ်လျှိုးဝင်နေကြတော့ အချိန်ကြန့်ကြာတယ်။ ငွေကုန်ကျမှုများလည်း များလာတယ်။ ပစ္စည်းဆုံးရှုံးမှုလည်း ရှိလာတယ်။ ဒါကြောင့် တွက်ခြေမကိုက်ဘဲ ဖြစ်နေကြပါတယ်။

တရုတ်နိုင်ငံက နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းကို ပိတ်လိုက်တာဟာ အိန္ဒိယက ပဲတင်သွင်းမှု ပိတ်ခံရသလိုပါပဲ။ ကုန်သွယ်မှုလုပ်နေတဲ့လုပ်ငန်းစားအားလုံး အရုပ်ကြိုးပြတ်ဖြစ်ကုန်ကြပါတယ်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကုန်ကြပါတယ်။ မြန်မာနိုင်ငံက တရုတ်ဘက်ကိုပို့နေတဲ့ဆန်ပမာဏလည်း ပြည်ပတင်ပို့မှုအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းကျော်ရှိနေတဲ့အတွက် ဆန်ပြည်ပတင်ပို့မှုပမာဏကိုလည်း ထိခိုက်မယ်။ ပြည်တွင်းမှာလည်း ဆန်တွေစုပုံမိနေပြီး ပြည်တွင်းဆန်ဈေးကွက်လည်း ဦးနင်းပွဲထောင်၊ ပွဲနင်းဦးထောင်နဲ့ မုန့်လုံးစက္ကူကပ်တဲ့ သံသရာ ဖြစ်လာမှာ အမှန်ပါပဲ။

ဒီလိုဘာကြောင့်ဖြစ်ရသလဲလို့ လေ့လာသုံးသပ်ကြည့်လိုက်တော့ တရုတ်နယ်စပ်ဒေသမှတစ်ဆင့် ဆန်တင်ပို့နေရမှုမှာ တရုတ်ကဖွင့်လိုက် ပိတ်လိုက်နဲ့ ကျားကစားသလို ကစားနေလို့ပါပဲ။ မြန်မာနိုင်ငံက ဆန်တင်ပို့ရောင်းချကြရမယ့် ကုန်သည်တွေလည်း သူ့မျက်နှာကြည့်ပြီး စခန်းသွားနေရတဲ့ နယ်စပ်ဒေသဆန်ဈေးကွက် ဝဲဂယက်ထဲမှာ လူးလာခေါက်ပြန်နဲ့ဂျမ်းပြန်ကျသလို ဒုက္ခတွေခံစားနေကြပါတယ်။ ဒါကြောင့် သူ့မျက်နှာကြည့်၊ သူ့ခြေသလုံးဖက်ပြီး မျက်နှာငယ်လေးနဲ့ တမျှော်မျှော်ဖြစ်နေကြရတဲ့ဘဝက လွတ်မြောက်အောင်ရန်းထွက်ဖို့ စီမံရန်လိုအပ်နေပြီ ဖြစ်ပါတယ်။

**ဒီလိုတမျှော်မျှော်ဘဝက လွတ်မြောက်ဖို့စီစဉ်ကြတဲ့နေရာမှာ တရုတ်နိုင်ငံတစ်ခုတည်းရဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုတည်းကို ဖက်တွယ်အားကိုးမနေဘဲ ပင်လယ်ရေကြောင်းကုန်သွယ်ရေးကတစ်ဆင့် နိုင်ငံအချင်းချင်း (G to G) ရောင်းဝယ်မှုစနစ်ကို ထိထိရောက်ရောက် ချိတ်ဆက်တိုးချဲ့တင်ပို့နိုင်ဖို့ ကြိုးပမ်းဖို့လိုနေပြီ။** မိမိနိုင်ငံက ထွက်တဲ့ ပစ္စည်း ဘယ်အပေါက်ကပဲဖြစ်ဖြစ် တင်ပို့လို့ရရင် တင်ပို့ရမှာပါပဲ။ တရုတ်နိုင်ငံကိုလည်း တင်ပို့လို့ရနေရင် တင်ပို့ရမှာ အမှန်ပါပဲ။ ဒါပေမယ့် မြန်မာနိုင်ငံဘက်က တရားဝင်တင်ပို့မှု ခွင့်ပြုချက်ပေးထားသော်လည်း တရုတ်နိုင်ငံဘက်က တရားဝင်တင်သွင်းခွင့်မပြုထားတဲ့အတွက် သူတို့သဘောနဲ့ သူတို့ပိတ်ချင်ရင် ပိတ်၊ ဖွင့်ချင်ရင်ဖွင့်နဲ့ ရုပ်သေးရုပ်လို ကြိုးဆွဲကစားခံနေတာ ဖြစ်ပါတယ်။ ဒီကိစ္စကို တရုတ်နိုင်ငံနဲ့နိုင်ငံအချင်းချင်း အကြေအလည်ညှိနှိုင်းဆွေးနွေးပြီး တရားဝင်ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်ပေးဖို့ လိုနေပြီ ဖြစ်ပါတယ်။

သို့ပါ၍ သူ့မျက်နှာကြည့်၊ သူ့ခြေသလုံးဖက်ပြီး စခန်းသွားနေကြရတဲ့ တရုတ်နယ်စပ်ဒေသ မြန်မာ့ဆန်ဈေးကွက် ဝဲဩဃဂယက်မှ ရုန်းထွက်နိုင်ဖို့ မူဝါဒတစ်ရပ် ပြတ်ပြတ်သားသားချမှတ်ဆောင်ရွက်ချိန်တန်နေပြီလို့ တင်ပြလိုပါတယ်။ ■



# စပါးစိုက်ပျိုးရာတွင် ရေလေလွင့်ဆုံးပါးမှု လျှော့ချရန် နည်းပညာများ

ဦးပရက်သိန်းပေ

**စိုက်ပျိုးရေးလုပ်ငန်းမှာ ရေလေလွင့်ဆုံးပါးမှု အကြီးဆုံးဖြစ်သည်။ စိုက်ပျိုးသီးနှံများထဲတွင် စပါးမှာ ရေအမြောက်အမြားလိုအပ်သောသီးနှံ ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းကြီးမားချိန်နှင့် ရေရရှိရေးပြဿနာကြီးမားနေစဉ်ကာလ၌ စပါးစိုက်ပျိုးရာတွင် ရေလျှော့သုံးနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရန် အရေးတကြီးလိုအပ်လာသည်။ ရေရရှိနိုင်သည့်အနေအထားနှင့် စပါးပင်၏ကြီးထွားမှုအဆင့် လိုအပ်သောရေ ရရှိနိုင်မည့်နည်းပညာများ ထွက်ပေါ်လာခဲ့သည်။**

ကမ္ဘာအရပ်ရပ်မှာ ရေရှားလာစဉ်ကာလ၌ စိုက်ပျိုးရေးအတွက် အသုံးပြုနေရသောရေများပင်လျှင် စက်မှုလုပ်ငန်းများနှင့် အိမ်သုံးရေအဖြစ် အသုံးပြုလာကြရသည်။ ထို့ကြောင့် စပါးစိုက်ပျိုးရေးတွင် ရေများလေလွင့်ဆုံးပါးမှုလျှော့ချပြီး ခြိုးခြံအသုံးပြုရန် လိုအပ်လာသည်။ စပါးစိုက်ရန် ပြုပြင်ချိန်မှပင် လယ်အတွင်း ပပ်ကြားအက်များကြောင့် ရေလေလွင့် ဆုံးပါးမှုအလွန်ကြီးမားသည်။ ထိုသို့ ရေမသွင်းမီကောက်ရိုးများဖြင့် အက်ကြောင်းများကို ပိတ်ဆို့ထားနိုင်ပါက ထိုအက်ကြောင်းများမှ ရေလေလွင့်ဆုံးပါးမှုကို အတန်ငယ်လျှော့ချနိုင်မည်ဖြစ်သည်။

စိုက်ခင်းသို့ရေမသွင်းမီ ထွန်ရေးတိမ်တိမ်ဖြင့် ထွန်ယက်ပြီးမှ ရေသွင်းပါက အက်ကြောင်းများအတော်အတန် ပိတ်ဆို့သွား၍ ရေကိုလျှော့သွင်းနိုင်မည်ဖြစ်သည်။ ဤသို့အခြောက်အနေ၌ပင် ထွန်ရေးတိမ်တိမ်ဖြင့် ထွန်ယက်ခြင်းကို ပညာရှင်များက ထွန်ရေးတိမ်အခြောက်ထွန်ယက်ခြင်း (Shallow dry tillage) ဟုခေါ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် စပါးစိုက်ခင်းအတွင်းသို့ ရေအသုံးချရမှု ၃၁ မှ ၃၄ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း စမ်းသပ်တွေ့ရှိရသည်။

စပါးစိုက်ရာတွင် အစေ့အခြောက်စိုက် Dry Seeding၊ **အစေ့အစိုခတ်** Wet Seeding နှင့် ပျိုးပင်စိုက်နည်း (သမားရိုးကျကောက်စိုက်ခြင်း)ဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။ သာမန်ကောက်စိုက်နည်းဖြင့် စိုက်ပျိုးပါက စပါးပင်၏ကြီးထွားမှုအချိန်ကို လျှော့ချနိုင်၍ ရေအသုံးပြုမှုနည်းနိုင်သည်။

စပါးခင်းတွင် ရေသွင်းစိုက်ပျိုးရာ၌ စိုတစ်လှည့်၊ ခြောက်တစ်လှည့် (Alternate wetting and Drying) စနစ်ကို ကျင့်သုံးကြသည်။ စပါးခင်းအတွင်းသို့ နောက်ထပ်သွင်းရေမလွှတ်ခင် အခြောက်ခံထားခြင်းဖြစ်သည်။ ဤသို့ စိုတစ်လှည့် ခြောက်တစ်လှည့်နည်းပညာကို အသုံးပြုခြင်းမှာ စပါးအထွက်နှုန်းကိုမလျှော့စေဘဲ ရေအသုံးပြုရမည့်ပမာဏကို ၃၅ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း တွေ့ရှိရသည်။ ဤသို့ စိုတစ်လှည့်၊ ခြောက်တစ်လှည့်နည်းပညာ အသုံးပြုရာတွင် စိုက်ခင်းအတွင်းမှ ရေအနေအထားကို တိုင်းတာပြီးမှ လိုအပ်သော အခြေအနေရောက်မှ ရေသွင်းရခြင်းဖြစ်သည်။ စိုက်ခင်း၏မြေမျက်နှာပြင်မှ ၁၅ စင်တီမီတာအနက်ဆီသို့ ရေကျဆင်းသွားသောအခါမှ ရေသွင်းရန်လိုအပ်သည်။ ထိုအနက်အထိ ရေမရောက်သေးပါက စပါးပင်အတွက် ထိခိုက်မှုမရှိသေးပေ။

ပညာရှင်များ၏ တွက်ချက်မှုအရ ခရစ်နှစ် ၂၀၂၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ စပါးစိုက်ဧရိယာ ဟက်တာနှစ်သန်းတွင် ရေအခက်အခဲကြုံတွေ့နိုင်သည်။ ထိုကာလ၌ အာရှနိုင်ငံများမှာလည်း ဟက်တာ ၁၃ သန်း ရေအခက်အခဲနှင့် ကြုံရမည်ဟု ဆိုသည်။ ထိုသို့သော ရုပ်ပိုင်းဆိုင်ရာ ရေမရ (Physical Water Scarcity) ရာမှ စီးပွားရေးဆိုင်ရာ ရေအခက်အခဲ (Economic Water Scarcity) ဖြစ်လာမည်ဟု ပညာရှင်ဘိုမန်နှင့်အဖွဲ့ (Bouman) ကို ၂၀၀၅ ခုနှစ်က ဟောကိန်းထုတ်ခဲ့သည်။

ကမ္ဘာအရပ်ရပ်တွင် ရေအသုံးပြုမှု ယှဉ်ပြိုင်ရာနေရာများတွင် ရေအခက်အခဲကို ကြုံတွေ့နေရပြီဖြစ်သည်။

စပါးပင်မှာ ရေအသုံးပြုရာတွင် လေလွင့်ဆုံးပါးမှု အလွန်ကြီးမားသော အပင်မျိုးဖြစ်သည်။ စပါးတစ်ကီလိုရရှိရန် ရေလီတာ ၂၀၀၀ မှ ၃၀၀၀ အထိ အသုံးပြုရကြောင်း လေ့လာတွေ့ရှိရသည်။ ရေရှားပါးလာခြင်းမှာ တိုးနေသော ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာမလုံလောက်မှု ဖိအားတိုးစေလျက်ရှိသည်။ ရေရှားပါးလာခြင်းက သွင်းရေဖြင့် စိုက်ပျိုးသောစပါးကွင်းများကို ခြိမ်းခြောက်လျက်ရှိသည်။ စားနပ်ရိက္ခာလုံလောက်မှုအတွက် ရေကိုလေလွင့်မှု အနည်းဆုံးအသုံးပြုနိုင်ရန် လိုအပ်လာသည်။

## စပါးစိုက်ပျိုးရာတွင် ရေအသုံးပြုမှု

စပါးစိုက်ပျိုးရေးလုပ်ငန်းတွင် ရေလိုအပ်မှုကို သီးသန့်အပိုင်းနှစ်ပိုင်း ခွဲခြားလေ့လာနိုင်သည်။ ပထမအပိုင်းမှာ စိုက်ခင်းအတွင်း စပါးပင်များ အခြေချရှင်သန်နိုင်ရန် လိုအပ်သော ရေဖြစ်သည်။ ဒုတိယအပိုင်းမှာကား လယ်ကွင်းအတွင်း သက်ရှိသက်မဲ့နေရာများမှ လေထုအတွင်း အငွေ့ပျံဆုံးပါးခြင်းဖြစ်သည်။ ဤအဆင့်တွင် သက်ရှိဖြစ်သော စပါးပင်များနှင့် သက်မဲ့ဖြစ်သော အခြားနေရာများမှ ရေငွေ့ပျံဆုံးပါးခြင်းကို ဆိုလိုသည်။ ဘာသာရပ်အနေဖြင့် Evaporatranspiration - (ET) ဟုခေါ်သည်။ စပါးပင်နှင့် အခြားသက်မဲ့ဧရိယာနေရာမှာ ရေငွေ့ဆုံးပါးခြင်းမှာ စပါးပင်၏ ကြီးထွားဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုများ ရှိနေသော်လည်း မြေဆီလွှာအောက်ပိုင်း အမြစ်ဝန်းကျင်အလွန်နေရာသို့ စိမ့်ယိုခြင်း (Leapage) နှင့် မြေဆီလွှာအောက်ပိုင်းဆီသို့ တွဲကျယိုစီးခြင်း (percolation) မှာ စပါးပင်အတွက် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုမရှိပါ။ တစ်နည်းအားဖြင့် ET မှာ စပါးပင်ကြီးထွားဖွံ့ဖြိုးခြင်းအတွက် တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းစေသော်လည်း စိမ့်ယိုခြင်းနှင့် တွဲကျယိုစီးခြင်း SAP မှာ စပါးပင်အတွက် သက်ရောက်မှုမရှိပေ။ အကယ်၍ စပါးပင်အတွက် အကျိုးသက်ရောက်မှုမရှိသော ဆုံးပါးမှုမျိုးကို တားဆီးကာကွယ်နိုင်ပါက စပါးပင်စိုက်ပျိုးရာတွင် အသုံးပြုရသော ရေလိုအပ်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။

## မြေပြင်ချိန်၌ ရေခြိုးခြံခြင်း

စပါးစိုက်ခင်းအတွင်း ပပ်ကြားအက်ကြောင်းများ၏အနက်မှာ ၂၀ မှ ၆၅ စင်တီမီတာအနက်အထိရှိသည်။ စိုက်ခင်းအတွင်း ရေ "ဝ" အောင်သွင်းရာတွင် ထိုရေ၏ ၄၀ ရာနှုန်းမှ ၅၇ ရာနှုန်းမှာ ထိုအက်ကြောင်းများအတွင်း ဆုံးပါးရသည်။ စိုက်ခင်းအတွင်း ထိုသို့ဆုံးပါးရသော ရေပမာဏမှာ စပါးပင်သက်တမ်းတစ်လျှောက် အသုံးပြုရသောရေ၏ ၄၀ ရာနှုန်းခန့်ရှိသည်။

## မြေခြောက်တွင် တိမ်တိမ်ထွန်ခြင်း (Shallow dry tillage)

## ပပ်ကြားအက် (သို့မဟုတ်) ပပ်ကြားအက်ကို ပိတ်အောင်ထွန်ခြင်း(Crack Ploughing)

မြေခြောက်တွင်ထွန်ခြင်းကြောင့် ပပ်ကြားအက်ကြောင်းများအတွင်းသို့ မြေစိုင်ခဲများပိတ်ဆို့စေမည်ဖြစ်သည်။ ဤသို့ပိတ်ဆို့ခြင်းကြောင့်လည်း ပပ်ကြားအက်ကြောင်းများအကြား ရေဝင်ရောက်မှုကို လျော့နည်းစေမည်ဖြစ်သည်။ ဤသို့ဖြင့် သွင်းရေရောက်လာသောအခါ အပေါ်ယံမြေဆီလွှာတွင် ရေများပိုမိုတင်ကျန်မည်ဖြစ်သည်။ ဤသို့ အခြောက်တိမ်ထွန်ယက်ခြင်းကြောင့် မြေပြုပြင်ရာနှင့် သွင်းရသည့်ရေ၏ ၃၁ မှ ၃၄ ရာနှုန်းကို လျော့နည်းစေမည်ဖြစ်သည်။

## စိုက်ခင်းဆီသို့ ရေသွယ်မြောင်းများအား ပြုပြင်ခြင်း

စပါးစိုက်ခင်းအတွက် အသုံးပြုသော ရေသွယ်စနစ်တွင် ရေရရှိရာနေရာမှ စိုက်ခင်းအထိ ရေသွယ်မြောင်းများ ရှိနေမည်ဖြစ်သည်။ ထိုရေသွယ်မြောင်းများ ချို့ယွင်းမှုအမျိုးမျိုးကြောင့် စီးလာသောရေများစပါးခင်းသို့မရောက်မီ လေလွင့်ဆုံးပါးမှုများဖြစ်လိမ့်မည်။ အကယ်၍ စိုက်ပျိုးသူက လိုအပ်သောပြုပြင်မှုများကို ကြိုတင်ပြုလုပ်ထားပါက ထိုရေသွယ်မြောင်းနေရာများမှ ရေဆုံးပါးမှုကို ကာကွယ်ရာရောက်မည်ဖြစ်သည်။

## တမန်းကောင်းရန် ပြုလုပ်ပေးခြင်း

စပါးစိုက်ခင်းအတွင်းသို့ ရောက်လာသောရေများ စပါးပင်၏အမြစ်ဝန်းကျင် အောက်ဘက်အနက်ဆီသို့ တွဲဆင်း ယိုစိမ့် Percolation မဖြစ်ရန်မှာ စပါးစိုက်ခင်း မြေဆီလွှာ၏ မူလဂုဏ်သတ္တိနှင့် တမန်းရရှိမှု အနေအထားပေါ်တွင် မူတည်သည်။ အကယ်၍ တမန်းကောင်းအောင် ထွန်ယက်မထားပါက စပါးခင်းအတွင်း ရောက်ရှိလာသောရေများ မြေဆီလွှာမှ အာဟာရများကိုတွဲခေါ်ပြီး အောက်ဘက်ဆီသို့ ယိုဆင်းသွားမည်ဖြစ်သည်။

ဤသို့ယိုဆင်းမှုများခြင်းကြောင့် စပါးပင်၏နောက်သက်တမ်းအတွက် လိုအပ်သောရေအတွက် အခက်အခဲဖြစ်စေမည်ဖြစ်သည်။ ထိုသို့ရေအတွက် အခက်ကြုံရပါက စပါးပင်၏ကြီးထွားဖွံ့ဖြိုးခြင်းကို ထိခိုက်ပြီးအဆုံးတွင် စပါးအထွက်နှုန်းကို လျော့စေမည်ဖြစ်သည်။

## ကန်သင်းများကို ထိန်းသိမ်းပြုပြင်ခြင်း

စပါးစိုက်ခင်းများတွင် သက်ဆိုင်ရာကန်သင်းရိုးများကောင်းမွန်မှသာ ထိုစိုက်ခင်းအတွက် ရေကိုမှန်ကန်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကန်သင်းရိုး၏ ကြွက်တွင်းများ၊ ကဏန်းတွင်းများ၊ ငါးရှဉ့်တွင်းများရှိနေပါက ရေမခြဲဘဲဆုံးပါးရမည်သာဖြစ်သည်။ မဲခေါင်မြစ်ဝှမ်းရှိ အချို့သောစပါးစိုက်ခင်းများတွင် ကန်သင်းရိုးများမှ ရေယိုစီးခြင်းမဖြစ်စေရန် ပလတ်စတစ်အပြာစဖြင့် ကာရံထားကြသည်။

## စိုက်ခင်းအတွင်း ရေအနိမ့်အမြင့် ညီစေခြင်း

စပါးစိုက်ခင်းအတွင်း မြေအနိမ့်အမြင့်မညီခြင်းသည် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းအပေါ် ထိခိုက်မှု ကြီးမားစေသည်။ နိမ့်သောနေရာများ၌ ရေများရှိနေပြီး မြင့်သောနေရာများ၌ ရေမလုံလောက်ခြင်းမှာ စပါးပင်၏ ကြီးထွားဖွံ့ဖြိုးခြင်းကို ထိခိုက်စေသည်။ အသုံးပြုသော မြေသြဇာများလည်း နေရာအနှံ့ ညီညာမှုမရှိသဖြင့် စပါးပင်၏ကြီးထွားမှု မညီညာနိုင်ပါ။ ထို့ပြင် ပေါင်းထကြသည် ကလည်း ပို၍ရှုပ်ထွေးစေသည်ဖြစ်သည်။

## အော်ဂဲနစ်ပစ္စည်းများ အသုံးပြုခြင်း

စပါးစိုက်ခင်းအတွင်း ဓာတ်သတ္တုများ သဲ၊ နုန်း၊ ရွှံ့စေးများပါရှိရုံနှင့် လုံလောက်မှုမရှိပါ။ စပါးစိုက်ခင်း (သို့မဟုတ်) စိုက်ပျိုးမြေ၏အသက်မှာ အော်ဂဲနစ်ပစ္စည်းများသာ ဖြစ်သည်။ အော်ဂဲနစ်ပစ္စည်းများမှာ မြေဆီလွှာ၏ ၁ ရာနှုန်းမှ ၅ ရာနှုန်းအထိရှိရန် လိုအပ်သည်။ အော်ဂဲနစ်ပစ္စည်းများဆိုသည်မှာ သက်ရှိများဖြစ်သော အပင်နှင့်တိရစ္ဆာန်များ၏ရုပ်ကြွင်းနှင့်အညစ်အကြေးများ ဖြစ်သည်။ စိုက်ပျိုးရေးတွင် အများဆုံး အသုံးပြုရသည့် အော်ဂဲနစ်ပစ္စည်း

စာ - ၁၃ သို့



# သစ်တောများရှင်း၍ ဒူးရင်းစိုက်ပျိုးမှု များလာ



**အရှေ့တောင်အာရှ၌သာ စိုက်ပျိုးဖြစ်ထွန်းနေသော ဒူးရင်းသီးကို ဒူးရင်းသီးကြိုက်သူများက အသီးတကာ့ဘုရင်ဟု တင်စားပြီး ပြောကြသည်။**

အရှေ့တောင်အာရှနိုင်ငံအချို့မှ ထွက်သောဒူးရင်းသီးကို အများဆုံး ဝယ်စားသောနိုင်ငံမှာ တရုတ်နိုင်ငံ ဖြစ်၏။

စီးပွားရေးအထောက်အကူပြု ဒူးရင်းပင်များကို စိုက်ပျိုးမှုများလာရာ မြန်မာနိုင်ငံတောင်ဘက်၌ရှိသည့် နိုင်ငံတစ်နိုင်ငံတွင် ဒူးရင်းပင်များကို တိုးချဲ့စိုက်ပျိုးရန် သစ်တောများကို ရှင်းလင်းမှုများလာကြသည်။

ဒူးရင်းသီးအနံ့မှာ စူးရှပြီး ပြင်းလွန်းသောကြောင့် အချို့ကမကြိုက်ပေ။ အချို့ဟိုတယ်ကြီးများ၌ ဒူးရင်းသီးများကို မရောင်းပေ။

ကမ္ဘာတွင် လူဦးရေ ဒုတိယအများဆုံးဖြစ်သော တရုတ်ပြည်မှ တရုတ်လူမျိုးများသည် ဒူးရင်းသီးများကို ဈေးမည်မျှပေးရပေးရ အကောင်းစားဒူးရင်းသီးများကိုသာ ဝယ်စားလေ့ရှိကြသောကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဒူးရင်းသီးစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လာခြင်းဖြစ်သည်။

"သစ်တွေခိုးထုတ်လို့ သစ်တောတွေပျက်ပြုန်းလာနေတဲ့ကြားထဲက ယခုတစ်ဖန် ဒူးရင်းသီးအတွက် သစ်တောတွေကို ရှင်းလာပြန်တော့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဟာ တိုးပြီးသာလာနေတော့တာပဲ"ဟု သဘာဝပတ်ဝန်းကျင်ချစ်သူတစ်ဦးက ပြောသည်။

"သစ်တောများပြုန်းတီးမှုများလာရင် တောရိုင်းတိရစ္ဆာန်တွေအတွက် နေစရာရှားပါးလာမယ်၊ မိုးခေါင်မယ်၊ ရေရှားမယ်"ဟု အဆိုပါ သဘာဝချစ်သူက ထောက်ပြသည်။

တရုတ်ပြည်ရှိ သစ်သီးအရောင်းဆိုင်ကြီးတစ်ဆိုင်မှ အရောင်းမန်နေဂျာက "ကျုပ်တို့လူမျိုးတွေဟာ ဒူးရင်းသီး သိပ်ကြိုက်တယ်၊ အမွှာကြီးကြီး၊ အသားများများ၊ အစေ့သေးသေး ဒူးရင်းသီးဆိုရင် ဈေးဘယ်လောက်ကြီးကြီး ဝယ်စားကြတာပါပဲ"ဟု ပြောပြသည်။

တရုတ်ပြည်တွင် ဒူးရင်းသီးအကောင်းစားတစ်လုံးကို ယွမ်ငွေ ၈၀၀ အထိ ပေးဝယ်ကြ၏။

ဒူးရင်းသီးစိုက်ပျိုးရေးကို အလေးထားလာသော အရှေ့တောင်အာရှနိုင်ငံသည် ၂၀၁၈ ခုနှစ် ပထမရှစ်လ၌ တရုတ်ပြည်သို့ ဒူးရင်းသီး ၇ ဒသမ ၄ သန်းဖိုးစံချိန်တင်ရောင်းချခဲ့ရသည်။ ၂၀၁၇ အလားတူ ကာလကထက် နှစ်ဆပိုများ၏။ ၂၀၃၀ ပြည့်နှစ်ရောက်လျှင် တစ်နှစ်လျှင် ဒူးရင်းသီး ၄၄၃၀၀၀ တန် တင်ပို့ရောင်းချရန် စီစဉ်ထားသည်ဟုလည်း သိရသည်။

ဒူးရင်းသီးတိုးချဲ့စိုက်ပျိုးနေသော အဆိုပါအရှေ့တောင်အာရှနိုင်ငံ၏ သစ်တောများတွင် ကျားများ၊ ဆင်များ၊ အဆင့်မြင့်နို့တိုက်သတ္တဝါများနှင့် ရှားပါးငှက်များ အလွန်ပေါများသည်ဟု အေအက်ဖ်ပီသတင်းဌာနမှ သတင်းရေးထားသည်။

**(စထရိတ်တိုင်းမ်စ် ၇.၂.၂၀၁၉)**



# မျိုးသုဉ်းတော့မည့် ချိုးငှက်တစ်မျိုး

**ကမ္ဘာတွင် မျိုးသုဉ်းတော့မည့်အန္တရာယ်ကျရောက်နေသော ဆန်တာခရုဇ်မြေပြန့်ချိုးငှက်တစ်ကောင်သည် စင်ကာပူနိုင်ငံ ဂျူရောင်းငှက်ဥယျာဉ်ထဲ၌ သားငယ်လေးကောင်ပေါက်ရာ ငှက်ချစ်သူများသည် ဝမ်းသာအားရဖြစ်ကုန်ကြ၏။ သက်ဆိုင်ရာတာဝန်ရှိသူများသည် အဆိုပါ ချိုးငှက်နှင့် သားပေါက်များကို အထူးဂရုတစိုက် စောင့်ရှောက်နေကြ၏။**

၎င်းငှက်မျိုး၏ မူရင်းဒေသမှာ ဆော်လမွန်ကျွန်းဖြစ်၏။

၂၀၁၈ ဩဂုတ်လတွင်း၌ ဆန်တာခရုဇ်ချိုးကောင်ရေ ၆၀ ကို ဆော်လမွန်ကျွန်း၌ ငှက်ဖမ်းသမားများ၏ လက်တွင်းမှ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတွင် ယခုအခါ၌ ၎င်းချိုးငှက်ကောင်ရေမှာ ၁၂၀ ခန့်သာ ကျန်တော့ကြောင်း ငှက်များကို အမြဲလေ့လာနေသောအဖွဲ့များမှ တာဝန်ရှိသူတို့က ပြောကြသည်။

စင်ကာပူဂျူရောင်းငှက်ဥယျာဉ်မှ တာဝန်ရှိသူများသည် ဆော်လမွန်ကျွန်းမှ ဖော်ပြပါငှက်ကောင်ရေ ၆၀ ကို ရယူပြီး ထိန်းသိမ်းစောင့်ရှောက်ထားရာမှ ယခုကဲ့သို့ ငှက်တစ်ကောင်မှ သားပေါက်လေးကောင် ပေါက်လာခြင်းဖြစ်သည်။

ဂျူရောင်းဥယျာဉ်တွင် အဆိုပါ ချိုးငှက်ကောင်ရေများလာပါက တချို့တစ်ဝက်ကို ၎င်းတို့၏ဇာတိမြေ ဆော်လမွန်ကျွန်းသို့ ပြန်ပို့ပေးမည်ဟုလည်း သိရသည်။

ဂျူရောင်းငှက်ဥယျာဉ်သည် အရှေ့တောင်အာရှတွင်တွေ့ရသည့် ဗွတ်ကလုံငှက်မျိုးများကိုလည်း ရှာဖွေမွေးမြူထားသည်။ ၎င်းငှက်မျိုးအသံမှာ သာယာ၏။

အဆိုပါဗွတ်ကလုံငှက်မျိုး မျိုးပွားရန်ကိုလည်း ဂျူရောင်းငှက်ဥယျာဉ်မှ တာဝန်ရှိသူတို့က ကြိုးစားခဲ့ကြရာ အောင်မြင်သည်ဟု သိရသည်။

ငှက်များကို တရားမဝင် လိုက်လံဖမ်းဆီးသူများကြောင့် ငှက်မျိုးကောင်ရေနည်းပါးလာသည်ဟု ငှက်ချစ်သူတို့က ပြောကြသည်။

**(စထရိတ်တိုင်းမ် ၂၄.၁.၂၀၁၉)**

— — — — —

# ကျန်းမာရေးအတွက် ကြိုးခုန်ပါ



**ယနေ့ခေတ်တွင် ကျန်းမာရေးအတွက် ပစ္စည်းမျိုးစုံကို တီထွင်အသုံးပြုလာကြ၏။ သို့သော်လည်း ရှေးအစဉ်အဆက်ကတည်းက ကျန်းမာရေးအတွက် အသုံးပြုလာသော ကြိုးခုန်၍ လေ့ကျင့်ခန်းယူခြင်းသည်လည်း ကျန်းမာရေးအတွက် အထောက်အကူများစွာပြုသလို ငွေကုန်ကြေးကျလည်းသက်သာကာ နေရာကျယ်ကျယ်ဝန်းဝန်းလည်း မလိုပေ။**

ကြိုးခုန်ခြင်းဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုပြီး ကြိုးမှန်မှန်ခုန်သွားပါက ခန္ဓာကိုယ်တွင်းမှ အဆီများ ကျဆင်းသွားမည်။ ၁၀ မိနစ်အတွင်း ခန္ဓာကိုယ်အတွင်း ကယ်လိုရီ ၁၀၀ သည် ကုန်ခန်းသွားမည်။ အချိန် ၅ မိနစ်ခန့်ယူပြီး ကြိုးခုန်လေ့ကျင့်ခန်းကို နေ့စဉ်မှန်မှန် ပြုလုပ်သွားပါ။

ကြိုးခုန်ခြင်းကြောင့် အရိုးများ၏ ကျန်းမာရေးကောင်းမည်။ ကြိုးခုန်လေ့ကျင့်ခန်းယူခြင်းဖြင့် အရိုးများကျစ်လျစ်သန်မာလာပါလိမ့်မည်။

ကြိုးမှန်မှန်ခုန်ပါက ကြွက်သားများသန်မာလာလိမ့်မည်။ လက်မောင်းကြွက်သားများ၊ ပခုံးသားများ သန်မာလာမည်။ ဝမ်းဗိုက်ကြွက်သားများလည်း သန်မာလာမည်။

လူတို့စားသောအစာများမှ စွမ်းအားကိုပေးရာ ကယ်လိုရီမှာ အစာမှရသော အပူချိန်၏ယူနစ်ဖြစ်သည်။ ကြွက်သားများသည် ကိုယ်တွင်းဓာတ်များ ပြောင်းလဲဖြစ်ပေါ်ခြင်း၌ လှုပ်လှုပ်ရှားရှားရှိလေရာ လေ့ကျင့်ခန်းယူပြီးသည့်တိုင်အောင် ကယ်လိုရီများကုန်ခန်းမှုသည် မြန်ဆန်မည်ဖြစ်၏။

ရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာခဲ့သော ကြိုးခုန်လေ့ကျင့်ခန်းယူခြင်းကို ပြုလုပ်ပါ။ ကျန်းမာရေးကို အထောက်အကူပြုမှာ စေန်မလွဲပါ။

**(စထရိတ်တိုင်းမ်စ် ၂၀.၁၁.၂၀၁၈)**

မြသိန်း



# နှစ် ၁၀၀ အတွင်း ပျက်စီးမှုများပြားသည့် ရေကြီးမှု

**ကမ္ဘာ ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို ကမ္ဘာ့နိုင်ငံဒေသအချို့၌ လက်တွေ့ခံစားနေကြရ၏။**

၂၀၁၉ ဇန်နဝါရီလအတွင်း၌ ပူပြင်းခြောက်သွေ့မှုဒဏ်ကို အလူးအလဲခံကြရ၍ သိုး၊ နွားစသော အိမ်မွေးတိရစ္ဆာန်များနှင့် တောတွင်းသားရိုင်းတိရစ္ဆာန်များသည် ရေနှင့်အစာရေစာများ ပြတ်လပ်ခြင်းနှင့်ကြုံရပြီး သေကြေပျက်စီးမှုများစွာရှိခဲ့၏။ ၎င်းဖြစ်ရပ်မှာ ကမ္ဘာ့တောင်ဘက်ခြမ်းမှ နိုင်ငံကြီးတစ်နိုင်ငံဖြစ်သော ဩစတြေးလျနိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ် ကွင်းစ်လန်တွင် ဖြစ်ပေါ်ခဲ့၏။

သက်ဆိုင်ရာအာဏာပိုင်များမှ အပူဒဏ်ကြောင့် အစာရေစာပြတ်နေသည့် တိရစ္ဆာန်များအတွက် အစာရေစာများ ရှာဖွေ၍ ပေးပို့နေစဉ်မှာပင် များမကြာမီရက်အတွင်းက မိုးကြီးသည်းထန်စွာ ရွာသွန်းလာပြန်ရာ ၁၄ ရက်ခန့် မိုးဆက်တိုက်ရွာသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခဲ့၏။

"ယခင်က တစ်နှစ်လုံးမှာမှ ရွာတဲ့ မိုးရေချိန်စုစုပေါင်းဟာ ယခု ၁၄ ရက်အတွင်းမှာ တစ်နှစ်စာနဲ့ညီမျှသွားတယ်"ဟု သက်ဆိုင်ရာ မိုးလေဝသဌာနမှ တာဝန်ရှိသူက ပြောသည်။

လူပေါင်းများစွာ ရေဘေးလွတ်ရာသို့ ရှောင်တိမ်းသွားကြရပြီး ရေကြီးရေလျှံမှုကြောင့် မိကျောင်းများသည် မြို့ပေါ်ရှိ ရေမြုပ်နေသောနေရာများ၌ပင် သွားလာလှုပ်ရှားလာကြ၏။

ရေဘေးဒဏ်အခံရဆုံးမြို့မှာ တောင်းစ်ဗီးလ်မြို့ဖြစ်သည်။ ကားများမှာ ရေထဲ၌ နစ်မြုပ်ကုန်၏။ အိမ်ပေါင်း ၂၀၀၀၀ ခန့်မှာလည်း ထက်ဝက်နီးပါး ရေနစ်မြုပ်နေ၏။

ဩစတြေးလျတွင် အိမ်မွေးတိရစ္ဆာန်နွားများနှင့်သိုးများ ကောင်ရေစုစုပေါင်းမှာ ၂၅ သန်းခန့်ရှိရာ ၎င်းကောင်ရေ၏ တစ်ဝက်ခန့်မှာ ကွင်းစ်လန်၌ရှိ၏။ ဤရေကြီးမှုကြောင့် ဩစတြေးလျနိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို ထိခိုက်သွား၏။

ကွင်းစ်လန်ပြည်နယ်သည် ဩစတြေးလျနိုင်ငံရှိ ပြည်နယ်များတွင် ရာသီဥတုဆိုးဝါးခြင်းဒဏ်ကို အများဆုံးခံနေရသော ပြည်နယ်ဖြစ်၏။

နွေရာသီ၌ တောမီးလောင်ခြင်း၊ အပူလှိုင်းများ ကျရောက်ခြင်း၊ မိုးရာသီတွင် လေမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းစသည်တို့နှင့် နှစ်စဉ်ကြုံတွေ့နေရလေရာ ယခုနှစ်ဖြစ်ရပ်များသည် အဆိုးဝါးဆုံးဟု သိရသည်။

**(ဘန်ကောက်ပို့စ် ၅.၂.၂၀၁၉ စထရိတ်တိုင်းမ်စ် ၉.၂.၂၀၁၉)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် FAO ဌာနေကိုယ်စားလှယ်တို့အား တွေ့ဆုံ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နေ့လယ် ၂ နာရီက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် Assistant Director General Ms.Kundhavika diresan နှင့် မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် Ms.Xiaojie Fan ဦးဆောင်သော အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ပုံ)**



ဆွေးနွေးရာတွင် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှု၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ မြေနှင့်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးဒဏ်ခံရမှုလျော့ပါးရေး ကဏ္ဍများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးဂေဟစနစ်များတွင် စိုက်ပျိုးမြေနှင့်သစ်တောများ ရေရှည်တည်တံ့စေရေးဆိုင်ရာကိစ္စရပ်များ၊ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ တိရစ္ဆာန်ကျန်းမာရေး အပါအဝင် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ရေးစီမံကိန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မဟာမဲခေါင်ဒေသခွဲအတွင်း နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးဒေသဆိုင်ရာစီမံကိန်းဆောင်ရွက်နေမှုများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ငါးဖမ်းဆီးခြင်းလုပ်ငန်းနှင့် ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပေါ် အားထားမှုပြုနေရသည့် အသက်မွေးဝမ်းကျောင်းမှုများအနေဖြင့် ကြံ့ကြံ့ခံနိုင်မှုရှိနိုင်စွမ်းနှင့်လိုက်လျောညီထွေမှုရှိနိုင်စွမ်းတို့အားကောင်းလာစေရန် ဖြည့်တင်းပေးခြင်းဆိုင်ရာ စီမံကိန်းနှင့်ရာသီဥတုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ထိခိုက်မှုများအပေါ် အလေးထား၍ ငါးလုပ်ငန်းရပ်များစီမံခန့်ခွဲရာတွင် ပတ်ဝန်းကျင်ဂေဟ စနစ်အားထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့မှုရှိစေရေး တိုးမြှင့်လုပ်ဆောင်သည့်နည်းလမ်းများ အသုံးချခြင်းဆိုင်ရာ အထောက်အကူဖြစ်စေမည့် စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ စာရင်းအင်း ပညာရှင်များနှင့်ပူးပေါင်း၍ မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ တိုးတက်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံတွင် တီလားပီးယားသားဖောက်ထုတ်လုပ်ခြင်းနှင့် အသားတိုးမွေးမြူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်လာစေရန် နည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးကြသည်။ **MOALI ပြန်ကြားရေး**

---

# ၂၆ ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၁ ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၈

**အာဆီယံနိုင်ငံများသည် ကဏ္ဍစုံတွင် လိုအပ်သောအဖွဲ့အစည်းများဖွဲ့စည်း၍ အဖွဲ့ဝင်အချင်းချင်း ဆက်သွယ်ပေါင်းစပ် ဆောင်ရွက်လျက်ရှိရာတွင် သမဝါယမကဏ္ဍမှ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး (The ASEAN Centre for the development of Agricultural Cooperatives) ဘုတ်အဖွဲ့ (ACEDAC)၊ အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ၏ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (The ASEAN SECTORAL Working Group on Agriculral Cooperatives) (ASWGAC)တို့၏ အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ နှစ်စဉ်ကျင်းပလျက် ရှိသည်။**

မြန်မာနိုင်ငံအနေဖြင့် ACEDACနှင့် ဆက်စပ်အစည်းအဝေးများကို ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ၂၀၀၂ ခုနှစ်တွင် မန္တလေးမြို့၌ လက်ခံကျင်းပခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်တွင် လက်ခံကျင်းပခဲ့သည်။ ယခု ၂၀၁၉ ခုနှစ်တွင် တတိယအကြိမ် အိမ်ရှင်နိုင်ငံအနေဖြင့် ၂၆ ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့အစည်းအဝေး ACEDACနှင့် ၂၁ ကြိမ်မြောက် အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ၏ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေး (ASWGAC) များကို ၂၀၁၉ ခုနှစ် မေ ၂၁ ရက် မှ ၂၄ ရက်အထိ နေပြည်တော်တွင် လက်ခံကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

ဗဟိုကော်မတီအကြိုညှိနှိုင်းအစည်းအဝေးကို ၆.၂.၂၀၁၉ ရက်က ကျင်းပရာ(ပုံ) အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက မြန်မာနိုင်ငံမှ ၂၆ ကြိမ်မြောက် ACEDACနှင့် ၂၁ ကြိမ်မြောက် ASWGAC အစည်းအဝေးကို အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပရမှာဖြစ်ကြောင်း၊ ယခင် ၂၀၁၀ ခုနှစ်တွင်လည်း မြန်မာနိုင်ငံမှ ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ၁၇ ကြိမ်မြောက် ACEDACအစည်းအဝေးကို ကျင်းပခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအဆင့်မီ စီစဉ်ဆောင်ရွက်ရန်၊ တိုင်းပြည်နှင့်လူမျိုးဂုဏ်သိက္ခာမကျစေရေး၊ ဂရုပြုဆောင်ရွက်ရန် လမ်းညွှန်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် ACEDAC နှင့် ASWGAC အစည်းအဝေးများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အောင်မြင်အောင် ကျင်းပရန် ဖွဲ့စည်းထားသည့် ကော်မတီအလိုက် ဆွေးနွေးအကြံပြုဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုပိုင်းအနေဖြင့် နိုင်ငံတကာအဆင့်မီဖြစ်ရေး၊ မိမိနိုင်ငံဂုဏ်သိက္ခာမကျရေးအတွက် စီစဉ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် ASEAN Secretariat တို့နှင့် ဆက်စပ်ညှိနှိုင်း၍ လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ ကြိုတင်ပြင်ဆင်သွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအလိုက် ၂၆ ကြိမ်မြောက် ACEDACနှင့် ၂၁ ကြိမ်မြောက် ASWGAC အစည်းအဝေးကို Royal Nay Pyi Taw နေပြည်တော်ဟိုတယ်တွင် ၂၀၁၉ ခုနှစ် မေ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဧည့်သည်တော်များ Sight Seeing ခရီးစဉ်အဖြစ် မန္တလေးမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သမဝါယမဦးစီးဌာန**


**စိုက်ပျိုးရေးပြဿနာ အလျင်အမြန် အဖြေရှာကာကွယ်သွားနိုင်ရန်နှင့် ခေတ်မီတိုးတက်သော နည်းပညာသစ်များ အသုံးပြုဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ Call Center သို့ ဆက်သွယ်ပါ။**

Facebook, Messenger,
Viber-09764000841,
Website - www.doa.gov.mm

# SRI စိုက်နည်းစနစ်အပါအဝင် ကောက်စိုက်စက်များဖြင့် စိုက်နည်းစနစ် စမ်းသပ်

# Minoru - Keiwa Myanmar ကုမ္ပဏီမှ ကောက်စိုက်စက်နှင့်မျိုးစေ့သန့်စင်စက် လှူဒါန်း

## လယ်ယာလုပ်သားရှားပါးလာမှုပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ခေတ်မီနည်းပညာနှင့်စက်ကိရိယာများ အပြည့်အဝအသုံးပြုရန် တောင်သူတစ်ဦးချင်းအတွက် ခက်ခဲနိုင်သော်လည်း သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်ပါက ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာများ ကူညီ ဆောင်ရွက်ပေးသကဲ့သို့ တောင်သူအစုအဖွဲ့ သမဝါယမလုပ်ငန်းများ ဥပဒေနှင့်အညီ ထူထောင်လုပ်ကိုင်နိုင်ရေးကိုလည်း အားပေးကူညီကြရန် လိုအပ်ကြောင်း ယနေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနစိုက်ကွင်း၌ ကျင်းပသည့် ကောက်စိုက်စက်များဖြင့် စိုက်နည်းစနစ်စမ်းသပ်ခြင်းနှင့်ကောက်စိုက်စက်နှင့် မျိုးစေ့သန့်စင်စက်လှူဒါန်းပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောကြားသည်။



SRI စိုက်နည်းစနစ်အပါအဝင် ကောက်စိုက်စက်များဖြင့် စိုက်နည်းစနစ် စမ်းသပ်ခြင်းနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသို့ Minoru - Keiwa Myanmar ကုမ္ပဏီမှ Minoru RX 61 ကောက်စိုက်စက်နှင့် STS 600 မျိုးစေ့သန့်စင်စက် လှူဒါန်းပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဆွေလင်း၊ ဦးနိုင်ကြည်ဝင်းနှင့်ဒေါက်တာရဲတင့်ထွန်း၊ JICA Myanmar ရုံးမှ တာဝန်ရှိသူများ၊ Keiwa Innovation Co.,Ltd နှင့် Minoru-Keiwa Myanmar Co.,Ltd တို့မှ တာဝန်ရှိသူများ၊ လယ်ယာကဏ္ဍအထူးပြု ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နေပြည်တော်ရှစ်မြို့နယ်ရှိ ကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ လယ်ယာလုပ်သားရှားပါးလာမှုပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည့် လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေးကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလယ်ယာဝန်ဆောင်သူများ၊ လယ်ယာသမဝါယမအသင်းအဖွဲ့များနှင့် လယ်ယာကဏ္ဍနှင့် ပါဝင်ပတ်သက်သူအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူဘေးကင်းလုံခြုံရေးစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ တောင်သူ့အကျိုးအမြတ်ဝင်ငွေနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာများကိုလည်း လေ့လာဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Keiwa Innovation Co.,Ltd နှင့် Minoru - Keiwa Myanmar Co.,Ltd တို့မှ တာဝန်ရှိသူများက ကောက်စိုက်စက်နှင့် မျိုးစေ့သန့်စင်စက်လှူဒါန်းရခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တစ်နာရီလျှင် ကီလိုဂရမ် ၆၀၀ ကျ မျိုးစေ့သန့်စင်စက်ကိုလည်းကောင်း၊ စက်ကိရိယာအသုံးပြု၍ လယ်မြေမျက်နှာပြင်ညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ Minoru RX61 ဂျပန်ကောက်စိုက်စက်အသုံးပြု၍ SRI စိုက်စနစ်ဖြင့်ကောက်စိုက်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။(ပုံ)

Minoru-Keiwa Myanmar ကုမ္ပဏီမှ စိုက်ပျိုးရေးသုတေသနဌာနသို့ ယနေ့ပေးအပ်လှူဒါန်းသည့် Minoru RX61 ဂျပန်ကောက်စိုက်စက်သည် ၆ တန်းပါ ကောက်စိုက်စက်ဖြစ်ပြီး စိုက်တန်းအကွာအဝေး တစ်ပေတွင် ပင်ကြား ၆ လက်မမှ ၁၂ လက်မအထိ လိုသလို ချိန်ညှိအသုံးပြုနိုင်ကာ ပျိုးပင် ၄၄၈ ပင်ပါသော ပျိုးဗန်း ၂၃ ချပ် တင်ဆောင်အသုံးပြုနိုင်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

# ရေဆင်းစိုက်ပျိုးရေးသုတေသနတွင် ကောက်စိုက်စက်အသုံးပြုနည်း ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၄

တောင်သူများအနေဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြု၍ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးမှာ လွန်စွာအရေးပါလျက်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR - ရေဆင်း)ရှိ သီးနှံစိုက်စနစ်နှင့် လယ်ယာစီးပွားသုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမှုမှုကျော်နှင့် သုတေသနဌာနစု တာဝန်ခံ ဒေါ်ဝင်းဝင်းသန်း ခေါင်းဆောင်သော သုတေသနပညာရှင်များသည် စပါးစိုက်ပျိုးရေး၌ ကောက်စိုက်စက်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များကို မှန်ကန်ကျွမ်းကျင်စွာ အသုံးချတတ်စေရန်၊ ကောက်စိုက်စက်ဖြင့် စပါးမျိုးစေ့ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ယခု ၂၀၁၈–၂၀၁၉ ခုနှစ် နွေရာသီတွင် Minoru Keiwa Myanmar Co.,Ltd မှ တင်သွင်းလာသည့် Minoru RX 61 ဂျပန်ကောက်စိုက်စက်၊ Kubota ကောက်စိုက်စက်နှင့် လက်ဖြင့်ကောက်စိုက်ခြင်းစသော စိုက်ပျိုးနည်းစနစ်များကို သုတေသနပြုဆောင်ရွက်ကြမည်ဟု သိရသည်။



သုတေသနပြုစမ်းသပ်မှုများကို ပျိုးသက် ၂၀ ရက်နှင့် ၂၅ ရက် သက်တမ်းရှိသည့်ကောက်ပင်များအား လက်ဆတစ်ပင်နှင့်သုံးပင်နှုန်းကို Minoru RX61 ဂျပန်ကောက်စိုက်စက်ဖြင့် လည်းကောင်း၊ ပျိုးသက် ၁၂ ရက်သက်တမ်းရှိသည့် ကောက်ပင်များကို လက်ဆသုံးပင်မှ ငါးပင်နှုန်းကို Kubota ကောက်စိုက်စက်ဖြင့်လည်းကောင်း အသီးသီးအသုံးပြု၍ တန်းကြားပင်ကြားအကွာအဝေး ၁ပေ× ၈ လက်မနှင့် ၁ပေ× ၆လက်မစီထားကာ စမ်းသပ်ခြင်းများနှင့် ပျိုးသက် ၁၂ ရက်သားကောက်ပင်များကို လက်ဆတစ်ပင်နှုန်းဖြင့် တန်းကြားပင်ကြား အကွာအဝေး ၉ လက်မ ပတ်လည်နှင့် ၁၀ လက်မပတ်လည်အသီးသီးထားကာ လက်ဖြင့်စိုက်ပျိုးခြင်းစသည်ဖြင့် စမ်းသပ်စိုက်ပျိုးသွားမည်ဟု သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ယခုစတင်သုတေသနပြုစမ်းသပ်မည့် Minoru RX61 ဂျပန်ကောက်စိုက်စက်သည် ခြောက်တန်းပါကောက်စိုက်စက်ဖြစ်ပြီး စိုက်တန်းတစ်တန်းနှင့်တစ်တန်း အကွာအဝေးသည် ၁ပေ (၃၃ စင်တီမီတာ)ဖြစ်သည်။ စိုက်တန်းအကွာအဝေးမှာ ပုံသေဖြစ်သော်လည်း ကောက်ပင်ကြား အကွာအဝေးကို ၆ လက်မ မှ ၁၂ လက်မအထိ လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်မည့် စက်ဖြစ်ပြီး ကောက်စိုက်စက်ပေါ်တွင် ပျိုးဗန်း ၂၃ ချပ်အထိ တင်ဆောင်နိုင်ကာ ပျိုးဗန်းတစ်ဗန်းလျှင် ပျိုးပင် ၄၄၈ ပင် ဝင်ဆံ့သည်ဆို၏။ အဆိုပါ Minoru RX31 ဂျပန်ကောက်စိုက်စက်၏



အားသာချက်မှာ ကောက်စိုက်ရာတွင် ပျိုးပင်၏ အမြစ်ကိုမထိခိုက်ဘဲ မြေလုံးမပျက် စိုက်ပျိုးနိုင်ခြင်းကြောင့် ကျန်းမာသန်စွမ်းသည့် ပျိုးပင်ရရှိခြင်းနှင့် ကောက်ပင်လှန်မြန်ခြင်းတို့ ဖြစ်သည်။

ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးခြင်းဖြင့် တစ်ဧကမျိုးစေ့နှုန်းထား သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်အားသက်သာသဖြင့် လုပ်သားရှားပါးမှုပြဿနာဖြေရှင်းနိုင်ခြင်း၊ စိုက်တန်း အကွာအဝေးညီ၍ တစ်ဧကကောက်ကွက်ပြည့်မီကာ ပျိုးပင်အတိမ်အနက်ညီညာခြင်း၊ ကောက်ပင်လှန်ချိန် မြန်ဆန်ခြင်း၊ အပင်သန်စွမ်းမှုကောင်းခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းစသော အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



## ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် အဆင့်မြင့် စိုက်ပျိုးနည်းပညာပေးသင်တန်း ထားဝယ်တွင် ဖွင့်လှစ်

ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်အဆင့်မြင့်စိုက်ပျိုးနည်းပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် စက်မှုသီးနှံ စည်းဝေးခန်းမတွင်ကျင်းပရာ (ပုံ) စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနိုင်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ ခွဲတာဝန်ခံများ၊ ထားဝယ်ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဥယျာဉ်ခြံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ တက်ရောက်ကြသည်။

ပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်နည်းပညာများကို စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှမိုလ်က လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ၊ နည်းပညာများ သီးနှံစနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်ကိစ္စရပ်များကို စိုက်ပျိုးရေးပညာရှင် ဦးမြင့်ဆွေ (ကိုရဲ – စိုက်ပျိုးရေး)ကလည်းကောင်း ပို့ချဆွေးနွေးသည်။ ■

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ် ပညာပေးဆွေးနွေးပွဲ တာလေတွင် ကျင်းပ





လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့် သိပ္ပံနည်းကျ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ် ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ် ရန်အောင်ကျေးရွာ ဘုရားရှိခိုးကျောင်းတွင် ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် တာလေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်ရေး၊ သီးနှံအလိုက် ဇရိယာ တိုးချဲ့စိုက်ပျိုးရေးကိစ္စများကို ထည့်သွင်းဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှဝင်းက နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးတွင် သွင်းအားစုများ အသုံးပြုခြင်း၊ ထောက်ပံ့ပေးအပ်ခြင်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ (အပေါ်ယာ)

ဆက်လက်၍ တာဝန်ရှိသူတို့က တောင်သူလယ်သမားများအား (မျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး) စသည့်သွင်းအားစုများကို ပေးအပ်ကြသည်။(အပေါ်ဝဲပုံသေး)

ထို့နောက် ခရိုင်ဦးစီးမှူး ဦးလှဝင်းနှင့် စိုက်ပျိုးရေးပညာရှင်တို့က သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Myanmar GAP) စနစ်အကြောင်း သိကောင်းစရာ၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းပညာများကို ပညာပေးဆွေးနွေးပြီး (ဗမာ၊ ရှမ်း၊ လားဟူ၊ အာခါ) တိုင်းရင်းသားဘာသာများဖြင့် ရေးသားထားသော စိုက်ပျိုးရေးပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ ■

## ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး လပွတ္တာတွင် ပညာပေး ဆွေးနွေး





ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နေ့လယ်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများတက်ရောက်ကြသည်။ (ပုံ)

အဆိုပါပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က သီးနှံအလိုက် ရာသီအလိုက် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး (IPM) စနစ်နည်းလမ်းများနှင့် ယခုအချိန်တွင် သတိထားရမည့် ငမြောင်တောင်ပိုး (Fall Army worm) ၏ ပုံ့နှံ့ကျရောက်ပုံ၊ ဘဝစက်ဝန်း၊ ဖျက်ဆီးမှုလက္ခဏာများ၊ ပိုးမွှားကင်းထောက်ခြင်းလုပ်ငန်းများ ကာကွယ်ခြင်း၊ ထိရောက်စွာနှိမ်နင်းခြင်း နည်းလမ်းများနှင့် ဆင့်ပွားသတင်းမျှဝေခြင်း၊ နည်းပညာမျှဝေခြင်းကိစ္စရပ်များကို ဆွေးနွေးသည်။ ■

**သိန်းဖေ**
**စုစည်းတင်ပြသည်။**

## သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်(GAP) လှိုင်ကော်တွင် ပညာပေးဆွေးနွေး

သိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်၊ စိုက်ပျိုးထုတ်လုပ်ခြင်း ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကုန်းသာယာကျေးရွာ ခန်းမဆောင်တွင်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစိုင်းသန်းအောင်က စိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် စားနပ်ရိက္ခာလုံခြုံစိတ်ချရမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံကျသော အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လူမှုဘဝဖူလုံရေးကဏ္ဍ၊ ပြည်ပပို့ကုန်စံချိန်စံညွှန်းမီစေရန်၊ နိုင်ငံတကာသတ်မှတ်ချက်အတိုင်း စိုက်ပျိုးထွက်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးများကို ပညာပေးဆွေးနွေးသည်။ (ပုံ)

ဆက်လက်၍ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ဝါဝါရွှေက စိုက်ပျိုးသီးနှံအလိုက် သက်တမ်းအလိုက် ကျရောက်ဖျက်ဆီးတတ်သော ဖျက်ပိုးများ၊ ရောဂါများအကြောင်း သိကောင်းစရာများနှင့် စနစ်တကျကြိုတင်ကာကွယ်ခြင်း၊ ထိရောက်စွာနှိမ်နင်းခြင်း၊ မိတ်ဆွေပိုးများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ယခုရက်ပိုင်းအတွင်း သတိထားရမည့် ငမြောင်တောင်ဖျက်ပိုး(Fall Armyworm) အကြောင်း သိကောင်းစရာများနှင့် ကာကွယ်နှိမ်နင်းရမည့်နည်းလမ်းများကို ပညာပေး ဆွေးနွေးသည်။ ■



# ရခိုင်ပြည်နယ် စီးပွားရေးပုံရိပ်များ - ၂

ကျွန်းသားမေနှင်း

**ရခိုင်ပြည်နယ်၏ စီးပွားရေးတွင် စိုက်ပျိုးရေးကဏ္ဍပြီးလျှင် ရေလုပ်ငန်းများကလည်း အရေးပါသည်။ အလျားမိုင်ပေါင်း ၄၂၀ ခန့် ရှည်လျားသော ရခိုင်ကမ်းရိုးတန်းဒေသမှ ရေထွက်ကုန်ပစ္စည်းမျိုးစုံ ထွက်ရှိနေသည်။ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုတွင် အရေးပါသည့်လုပ်ငန်းကြီး တစ်ခုလည်း ဖြစ်သည်။**

### ရေထွက်ပစ္စည်းများ

ရခိုင်ကမ်းရိုးတန်းထွက် သားငါးနှင့်ပုစွန်များကို နိုင်ငံခြားသို့တင်ပို့လျက်ရှိသည်။ မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဖြင့် ငါးခြောက်မျိုးစုံနှင့် ရေငန်ပုစွန်များ တင်ပို့နေရသည်။ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် တည်ဆောက်နေသည့် စစ်တွေခေတ်မီပင်လယ်ကူးဆိပ်ကမ်းကြီးမှာ မကြာမီစတင်လည်ပတ်နိုင်တော့မည်ဖြစ်သည်။ ထိုအချိန်တွင် စစ်တွေဆိပ်ကမ်းမှ ရခိုင်ကမ်းရိုးတန်းဒေသထွက် ရေထွက်ပစ္စည်းများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့နိုင်ကြမည်ဖြစ်သည်။

အထူးသဖြင့် ရေထွက်ပစ္စည်းများထဲမှ ရေငန်ပုစွန်များတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေကောင်းစွာရရှိနိုင်ပြီး ဒေသ၏ဖွံ့ဖြိုးရေးကို အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

သို့ရာတွင် ရခိုင်ကမ်းရိုးတန်းတွင် လက်ရှိအခြေအနေ၌ ရေငန်ပုစွန်တို့ရှားပါးကုန်ပြီ။ ၁၉၉၀ ပြည့်နှစ်လွန်တွေက ရခိုင်ပင်လယ်ပြင်မှ ဖမ်းဆီးရရှိခဲ့သော ပင်လယ်ပုစွန်ကျား၊ ပင်လယ်ပုစွန်မီးနီ၊ ပုစွန်ကြောင်၊ ကျောက်ပုစွန်အစရှိသည့်ပစ္စည်းများလည်း ရှားပါးကုန်ပြီ။ မဆင်မခြင်ဖမ်းဆီးခဲ့ခြင်း၏ အကျိုးဆက်များဖြစ်သည်။ ရေငန်ပုစွန်ကျား (Sea Tiger) များကိုမူကား မွေးမြူရေးဖြင့်သာ ရရှိနိုင်တော့သည်။ ရခိုင်ရေလုပ်ငန်းတွင် ကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ကမ်းနီးငါးဖမ်းလုပ်ငန်းများက ထင်ရှားသည်။ ပြီးလျှင် ပုစွန်မွေးမြူရေး (ပုစွန်တာ)လုပ်ငန်း။

သို့ရာတွင် ရေချိုပုစွန်၊ ရေချိုငါးမွေးမြူရေးလုပ်ငန်းတို့က ယခုမှအစပျိုးရုံရှိသေးသည်။

ရေချိုငါးဈေးကွက်မှာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်က ဝယ်လိုအားရှိနေသည်။ သို့ရာတွင် ရခိုင်ဒေသတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မလုပ်ကိုင်နိုင်သေး။ လက်ငင်းအခြေအနေတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းငါးမွေးကန်များမှ ငါးများကိုသာ မှာယူတင်ပို့နေကြရသည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေချိုငါးဈေးကွက်ကို အိန္ဒိယနိုင်ငံနှင့်အပြိုင်လုနေရကြောင်းလည်း သိရသည်။

လတ်ဆတ်သော ငါးများတင်ပို့နိုင်ရန် ရခိုင်ဒေသတွင် ရေချိုငါး မွေးမြူရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် လိုနေသည်။

ရခိုင်စီးပွားရေး လုပ်ငန်းရှင်တို့ စွန့်ဦးတီထွင်ကြဖို့ လိုပါလိမ့်မည်။ အမျိုးကိုချစ်ပါသည်ဟု ပြောနေရုံမျှဖြင့်မပြီး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ရင်း ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ အားဖြည့်ဆောင်ရွက်ပေးရန် လိုအပ်ပေလိမ့်မည်။

### အပြောနှင့်အလုပ် ညီစေလို

စာရေးသူကတော့ စစ်တွေမြို့ ပင်လယ်ကမ်းနား၏ အထင်ကရနေရာဖြစ်သော ပွိုင့်ကမ်းခြေရှိ အဆင့်မြင့်စားသောက်ဆိုင်ကြီး၏ အထက်ဆုံးထပ်မှနေ၍ မြင်တွေ့နေရသော ဘင်္ဂလားပင်လယ်အော်ကြီးကို လှမ်းကြည့်ရင်း ရခိုင်ဒေသ၏ ရေလုပ်ငန်းစီးပွားရေးကို စဉ်းစားနေမိခြင်းဖြစ်သည်။ မိမိလိုလူတွေ ဘယ်လောက်များရှိနေမည်လဲ။ မည်သို့ဆိုစေ မိမိလေ့လာမိသလောက်ပြောရမည်ဆိုလျှင် ရခိုင်ပြည်နယ်၏ စီးပွားရေးအတွက် အားရစရာမရှိသေး၍ ကြိုးပမ်းကြရပါဦးမည်။

ရခိုင်ပြည်နယ်၏ တောတောင်၊ ရေမြေအနေအထား၊ သဘာဝရေခံ၊ မြေခံတွေ၊ မြေသြဇာတွေက ကောင်းလှသည်။ သယံဇာတတို့လည်း ပေါကြွယ်လှသည်။ အနာဂတ်ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ အလားအလာကောင်းများရှိသည်ဟု ဆိုနေကြရုံဖြင့်မပြီးပေ။

ရခိုင်ရှေးဟောင်းအမွေအနှစ်ဒေသ မြောက်ဦးကို အခြေပြု၍ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သလို ရှည်လျားလှသည့် ပင်လယ်ကမ်းရိုးတန်းရှိ ကမ်းခြေများကို ဖွံ့ဖြိုးအောင်လုပ်ပြီး ခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ကြောင်း လက်တွေ့အခြေအနေများက ပြဆိုနေသည်။ ရေခံမြေခံကောင်းပြီး မြေသြဇာထက်သန်ကောင်းမွန်သော လယ်ယာမြေများကို အခြေပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ရခိုင်ပြည်သူတို့၏စီးပွားရေးကို တိုးတက်စေနိုင်ကြောင်း ပြောဆိုနေကြရုံဖြင့်မပြီး အပြောနှင့်အလုပ် ထပ်တူကျဖို့လိုက်သည်။ ပြောခဲ့ကြ၊ ဆိုခဲ့ကြ၊ အားပေးခဲ့ကြသည်မှာ ဆယ်စုနှစ်တွေတောင် ကျော်ခဲ့ပြီ။ ရခိုင်ပြည်သူတို့၏လက်တွေ့ဘဝမှာ တိုးတက်ပြောင်းလဲလာမှုထက် အလုပ်အကိုင် အခွင့်အလမ်းများရှားပါးမှုကြောင့် နေရပ်စွန့်ခွာမှုတွေ များပြားလာနေသည်။

ကျေးလက်ဒေသများတွင် ကလေးမွေးဖွားနှုန်းများ ကျဆင်းလာခြင်းကြောင့် မူလတန်းတက်မည့် ကျောင်းသားများ ရှားပါးလာနေကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုနေကြသည်။

### ဆက်လက်ကြိုးစားကြရမည်

ရခိုင်ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ရေချိုငါးမွေးမြူရေးလုပ်ငန်းများ၊ ကမ်းနီ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ ရှိပါသေးသည်။ နွားမွေးမြူရေးလုပ်ငန်းကလည်း အားထားစရာဖြစ်သည်။ ၂၀၀၅ ခုနှစ်ခန့်က မလေးရှားသို့ပင် တင်ပို့ရောင်းချခဲ့ရသေးသည်။ ဆိတ်မွေးမြူရေးလုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်းအပြင် အခြားကြက်မွေးမြူရေးလုပ်ငန်းများကလည်း လုပ်စရာတွေ တစ်ပုံတစ်ပင်ကြီးပင်ရှိသည်။ ထို့အတူပင် သစ်တောထွက်ပစ္စည်းများ၊ ဆားထုတ်လုပ်မှုလုပ်ငန်းများ အစီအရီပင်ရှိသည်။

ထိုသို့ရှိနေပါလျက် ရခိုင်ပြည်နယ်၏စီးပွားရေးသည် စိုက်ပျိုးရေးကိုသာ အခြေခံလျက်ရှိသေးသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးကို ဖော်ဆောင်ခဲ့ပြီဆိုသော်လည်း ရခိုင်ပြည်နယ်၏ စီးပွားရေးကား မဖွံ့ဖြိုး၊ မတိုးတက်သေး။ ဒေသတစ်ခု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ စီးပွားရေးတိုးတက်ကောင်းမွန်မှသာ ဖြစ်နိုင်သည်။ စီးပွားရေးအခြေခံကောင်းများကို သက်ဆိုင်သူများက ဖန်တီးပေးပြီး လုပ်ငန်းရှင်များကလည်း အရအမိဖမ်းယူဆုပ်ကိုင်လုပ်ကိုင်တတ်ကြဖို့ လိုသည်။

ခက်သည်က ရခိုင်စီးပွားရေးလုပ်ငန်းရှင်များမှာ ကုန်ထုတ်လုပ်ငန်းထက် ကုန်သွယ်မှုလုပ်ငန်းတွင် နစ်မျောနေကြခြင်းဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကလည်း ဗဟိုချုပ်ကိုင်မှုကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ခွင့်မသာခဲ့။ ပြီးတော့ ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးမရခြင်းကြောင့် လုပ်ငန်းများ မထူထောင်နိုင်ခဲ့ပေ။

ယခု ၁၉၈၈ ခုနှစ်နောက်ပိုင်း စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းစွာ၊ လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်ရရှိလာခဲ့ပြီ။ ၂၀၀၅ ခုနှစ်မှစ၍ မြို့နယ်အသီးသီးတွင် လျှပ်စစ်ဓာတ်အားတွေ ရရှိလာနေပြီ။ သို့ရာတွင် ယနေ့ လက်ရှိလုပ်ကိုင်နေကြသူများမှာ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များသာ ဖြစ်သည်။ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များပင် လက်ချိုးရေလို့ရသည်။ အရင်းအနှီးအတော်အသင့်ဖြင့် ဝင်လာသူများမှာလည်း ရခိုင်တိုင်းရင်းသားဒေသခံများမဟုတ်ကြဘဲ ရိုးမအရှေ့ဒေသ၊ အရှေ့မြောက်ပိုင်း နယ်စပ်ဒေသမှ တိုင်းရင်းသားလုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကဏန်းမွေးမြူရေး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် အခြေချလာကြသည်ကို တွေ့မြင်နေရသည်။ ဒေသခံတိုင်းရင်းသားတို့အတုယူကြရန် လိုသည်။ စွန့်ဦးတီထွင်လိုသော ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်များ လိုအပ်နေသေးသည်။

ရခိုင်ပြည်နယ်အစိုးရကလည်း ရခိုင်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်လျက်ရှိသည်။ တိုင်းရင်းသားဒေသခံ လုပ်ငန်းရှင်များကိုလည်း အသေးစား၊ အလတ်စားလုပ်ငန်းများ လုပ်ကိုင်ကြဖို့ ဆော်ဩနေသည်။ နှိုးဆော်တိုက်တွန်းလျက်ရှိသည်။

ရခိုင်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ရခိုင်လုပ်ငန်းရှင်များအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့၊ ဆောင်ရွက်ကြဖို့ ဆွေးနွေးကြရာတွင် နည်းပညာနှင့် အရင်းအနှီးလိုအပ်ကြောင်း အဓိကထား ဆွေးနွေးပြောဆိုဖြစ်ကြသည်။

လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကျွမ်းကျင်သောပညာရှင်များ လိုအပ်နေသေးသည်။ မွေးမြူရေးပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ လိုအပ်နေသေးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များရှိလာသည်ထားဦး။ အရင်းအနှီးကလည်း လိုအပ်ပြန်သေးသည်။ တစ်ဦးချင်း တစ်ယောက်ချင်း မလုပ်နိုင်သည့်တိုင် အစုအဖွဲ့များဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရမည်။

အသေးစား၊ အလတ်စားလုပ်ငန်းများ ပေါ်ထွန်းဖို့ ဖြစ်ထွန်းအောင်မြင်စေဖို့ နိုင်ငံတော်က အရင်းအနှီးတွေ ထုတ်ချေးပေးနေကြောင်း ကြားသိရသော်လည်း ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များမှာ တစ်ဦးချင်းလုပ်ကိုင်ဆောင်ရွက်မှုကိုသာ အားသန်ကြသည်။ မိမိတစ်ဦးတည်းပိုင်ငွေကြေးဖြင့် ကုန်သွယ်မှုစီးပွားရေးတွင် ရင်းနှီးခြင်းသာ များပြားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမှုအားနည်းနေသည်ကို တွေ့ရသည်။

၂၀၀၄ ခုနှစ်ခန့်က လေ့လာတွေ့ရှိအရ ရခိုင်စီးပွားရေးလုပ်ငန်းရှင်များ၏ ဘဏ်ချေးငွေ ၇၅ ရာခိုင်နှုန်းခန့်မှာ ကုန်သွယ်မှုလုပ်ငန်းအတွက်သာ ဖြစ်ပြီး ၁၅ ရာခိုင်နှုန်းခန့်သာ ကုန်ထုတ်မှုလုပ်ငန်းတွင် ရင်းနှီးခဲ့ကြသည်။

မည်သို့ဆိုစေ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှု၊ နည်းပညာများတိုးတက်လာမှုများကြောင့် ရခိုင်တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြားဒေသမှရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ယှဉ်ပြိုင်လုပ်ကိုင်ကြရတော့မည်ဖြစ်သည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ၂၀၁၉ ကို ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း(JETRO) နှင့် Myanmar Survey Research Co., Ltd.(MRS) နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ဤသို့ဆောင်ရွက်ရာ၌ ရခိုင်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီများစုဖွဲ့ခြင်း၊ သမဝါယမအသင်းများစုဖွဲ့ခြင်းဖြင့် စီးပွားရေးအင်အားစုပြီး ရခိုင်စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ကြရာတွင် လယ်ယာစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်စရာများ ကျန်သေးသည်။ မွေးမြူရေးလုပ်ငန်းတွင် သား၊ ငါး၊ ပုစွန်၊ နွားမွေးမြူရေးလုပ်ငန်းများ ရှိသေးသည်။ သစ်တောစိုက်ခင်းများ ထူထောင်လုပ်ကိုင်နိုင်ရေးလည်း ရှိသေးသည်။ ခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်စရာတွေ ကျန်သေးသည်။ ဤလုပ်ငန်းများအတွက် ရခိုင်စီးပွားရေးလုပ်ငန်းရှင်များ စုစုစည်းစည်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဖြင့် ရှေ့ခရီးကို မျှော်မှန်းလျှောက်လှမ်းကြရန် လိုအပ်နေပြီဖြစ်သည်။ ■

---

**စာ – ၈ စပါးစိုက်ပျိုးရာတွင် မှ**

(Organic Matter - OM) မှာ သစ်ဆွေးမြေဖြစ်သည်။ သစ်ဆွေးမြေ (Compost) သည် မြေဆီလွှာ၏ရုပ်ပိုင်း၊ ဓာတုပိုင်း၊ ဇီဝပိုင်းဂုဏ်သတ္တိများကို ကောင်းစေသည်။ မြေဆီလွှာအတွင်းရေကို ပမာဏများစွာ ကာလကြာရှည်စွာ ထိန်းပေးထားနိုင်သည်။ သီးနှံပင်၏အမြစ်များ ကြီးထွားဖွံ့ဖြိုးရန်အတွက် နေရာကောင်းများကို ဖြစ်စေသည်။ အမြစ်များလိုအပ်သောလေကိုလည်း ရရှိစေသည်။ စိုတစ်လှည့်၊ ခြောက်တစ်လှည့် AWD ပြုလုပ်သောအခါ လေကိုပို၍ကောင်းမွန်စွာရရှိစေသည်။

**စိုတစ်လှည့်ခြောက်တစ်လှည့်သက်ရောက်မှုများ**

စပါးပင်များ၏ပင်ခြေကို စဉ်ဆက်မပြတ် ရေမြုပ်ထားခြင်းထက် စိုတစ်လှည့်၊ ခြောက်တစ်လှည့် ပြုလုပ်ခြင်းက စပါးပင်အတွက်သာမက ဝန်းကျင်ထိခိုက်မှုကိုပါ လျော့နည်းစေသည်။ ရေကို စဉ်ဆက်မပြတ်ပြည့်ထားခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့များဖြစ်သော မီသိမ်းနိုက်ထရပ်(စ်)အောက်ဆိုက်များကို ပို၍ထွက်ရှိစေသည်။ စိုတစ်လှည့် ခြောက်တစ်လှည့် ပြုလုပ်ပေးခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ ၄၀ ရာနှုန်းခန့် လျော့နည်းစေသည်။ မျက်မှောက်ကာလ ဖန်လုံအိမ် ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးခြင်းနှင့်အခြားသောဖိစီးမှုများကိုပါ လျော့နည်းစေသည်။

ကမ္ဘာ့စိုက်ပျိုးရေးတစ်ခုလုံးကို ခြိမ်းခြောက်နေသော ရေအခက်အခဲပြဿနာကို ဖြေရှင်းရာတွင် စပါးစိုက်ပျိုးစိုက်ခင်းများ၌ ရေဆုံးပါးလေလွင့်မှုကို လျှော့ချရန် အရေးတကြီးလိုအပ်နေသည်။ မကြာမီကျရောက်မည့် ပို၍ခက်ခဲသော ရေပြဿနာကို ဖြေရှင်းရာတွင် စပါးခင်းများ၌ ရေများမလိုအပ်ဘဲ လေလွင့်ဆုံးပါးမှုများကို ပိတ်ဆို့ရန်လိုအပ်လျက်ရှိသည်။ သာမန်စိုက်ပျိုးသူများပင်လျှင် ရေပမာဏကို များစွာလျှော့ချနိုင်သော နည်းပညာများရှိနေပြီးဖြစ်သည်။ ထိုနည်းပညာများကို လက်တွေ့ဖော်ဆောင်အသုံးပြုခြင်းဖြင့် စပါးကိုစိုက်ပျိုးပါက ရေကို ချွေတာ ခြိုးခြံနိုင်ရုံမက စီးပွားရေးအရပါ အကျိုးကြီးမားစွာရရှိမည်ဖြစ်သည်။ ရေကို ချွေတာခြင်းမှာ ဝန်းကျင်ထိခိုက်မှုကိုပါ ကာကွယ်နိုင်သဖြင့် ဤလုပ်ရပ်မှာ သားရွှေအိုးထမ်းလာသည်ကို မြင်တွေ့ရသည့်အဖြစ်မျိုး ဖြစ်သည်။

**ဦးဖရက်သိန်းဖေ**

# အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် ဆွေးနွေး

ရေဆင်း ဖေဖော်ဝါရီ ၂၀

**အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် တာဝန်ရှိသူများ ပါဝင်သောလေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR-ရေဆင်း) သို့ ယနေ့နံနက် ၁၁ နာရီခွဲက လာရောက်လေ့လာရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ၆၅ နှစ်တာသုတေသနခရီးတစ်လျှောက် သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြသကြသည်။**

အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်ကာ ပညာရေးမူဝါဒများရေးဆွဲချမှတ်လျက်ရှိရာ မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ၁၈၇ ခုအတွက် ဘက်စုံသုံးသုတေသနဓာတ်ခွဲခန်းဗဟိုစင်တာ ထူထောင်ရန်နိုင်ငံတကာစံနှုန်း၊ စံညွှန်းများနှင့်အညီ နည်းပညာအကူအညီများ ရယူဆောင်ရွက်ရန်၊ တက္ကသိုလ်စာကြည့်တိုက်များကို အီလက်ထရောနစ်နည်းပညာဖြင့် အဆင့်မြှင့်တင်ရေး (E-Library)အတွက် လိုအပ်သည့် အခြေခံအဆောက်အဦးနှင့် နည်းပညာများ ထောက်ပံ့ပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သိပ္ပံနှင့်နည်းပညာဌာနတို့ပူးပေါင်းကာ အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေး၌ အပင်တစ်သျှူးမွေးမြူခြင်းကဲ့သို့သော အဆင့်မြင့်နည်းပညာများအား မျိုးဆက်သစ်များကို လက်ဆင့်ကမ်းမျှဝေသွားရန်နှင့် အရှိန်အဟုန်မြင့် တိုးချဲ့ဆောင်ရွက်ရန်၊ သီးနှံမျိုးရိုးဗီဇကွဲများနှင့် မူလအရည်အသွေးလက္ခဏာများ ပျောက်ကွယ်မသွားရေးအတွက် ထုတ်ကုန်များအား မူပိုင်ခွင့်ရရှိရန်နှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးမူဝါဒဆိုင်များကို ညှိနှိုင်း ဆွေးနွေးကြသည်။ (ပုံ)

ထို့နောက် ဧည့်သည်တော်များနှင့်အဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေဆီလွှာ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲလက်အောက်ရှိ မြေဆီလွှာဓာတ်ခွဲခန်းအတွင်း မြေနမူနာနှင့်အပင်နမူနာများဓာတ်ခွဲခြင်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းက မြေဆီလွှာ ဓာတ်ခွဲခန်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ဓာတ်ခွဲခန်းများ အတွက် ISO - 9001: 2015 Quality Management System (QMS) အသိ အမှတ်ပြုလက်မှတ်ရရှိရေးစနစ်တကျ ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရေအသုံးချရေးသုတေသနဓာတ်ခွဲခန်းတွင် သုတေသနမှူး ဒေါက်တာ ခင်မာဌေးက မြေဆီဓာတ်ခွဲသေတ္တာ၊ စိုက်ပျိုးရေဓာတ်ခွဲနိုင်မှုများနှင့် မီသိန်းဓာတ်ငွေ့လက်တွေ့တိုင်းတာနေမှုများကို ရှင်းလင်းတင်ပြကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**





# စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန် အဆင့်မြှင့်နည်းပညာပေးသင်တန်းသားများ ထားဝယ်ခရိုင်တွင် လေ့လာ

ထားဝယ် ဖေဖော်ဝါရီ ၁၈

**စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ စိုက်ပျိုးရေးပညာရှင် ဒေါက်တာစိန်လှဗိုလ်၊ ဦးမြင့်ဆွေ (ကိုရဲ-စိုက်ပျိုးရေး)၊ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်အဆင့်မြှင့်စိုက်ပျိုးနည်းပညာပေးသင်တန်းသားများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၈၀ ဦးတို့သည် ထားဝယ်ခရိုင်အတွင်း ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်မှုများကို ယနေ့လေ့လာကြည့်ရှုကြသည်။**

အဆိုပါလေ့လာရေးအဖွဲ့သည် နံနက် ၇ နာရီတွင် ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းတွင် Green House ဖြင့် စိုက်ပျိုးထားရှိသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ (ဆော်ဂျန်) (တစ်မြောင်းတစ်ဘောင်စနစ်ဖြင့် ရေပေးခြင်းစမ်းသပ်ကွက်)ဖြင့် စိုက်ပျိုးထားရှိသော နှစ်ရှည်သီးနှံများကို လေ့လာ၍ ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်ရှိ တောင်သူများ စိုက်ပျိုးထားရှိသော ရာသီသီးနှံ ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းမှု၊ ပိုးမွှားကျရောက်မှုအခြေအနေ၊ ဈေးကွက်တင်ပို့နိုင်မှုများကို လက်တွေ့လေ့လာကြသည်။

ဆက်လက်၍ ၇ မိုင်ခွဲရှိ သစ်သီးဝလံသုတေသနစိုက်ခင်းသို့ရောက်ရှိပြီး ကြက်မောက်၊ ဒူးရင်းစိုက်ပျိုးခြင်းကို လေ့လာကြပြီး ကလိန်အောင် (ကျောက်ရှပ်) ကျေးရွာရှိ ကိုကိုးသီးနှံစိုက်ခင်းနှင့် သရက် GAP စိုက်ခင်းများကို ကြည့်ရှုလေ့လာကာ ကလိန်အောင် (မိကျောင်းလှောင်ကျေးရွာ) ရှိ အောင်ဇမ္ဗူမျိုးစေ့ ပျိုးပင်အရောင်းဆိုင်တွင် ဒူးရင်း၊ ကန့်ဇော်၊ ပိန္နဲ၊ ကိုကိုးနှင့်အခြားဒေသထွက်သစ်သီးဝလံပင်များ ကိုင်းကူးကိုင်းဆက်ခြင်း လုပ်ငန်းနှင့်မျိုးစေ့ပျိုးပင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကို လေ့လာကြသည်။

ကလိန်အောင် (ကျောက်ရှပ်) ကျေးရွာရှိ တောင်သူ ဦးအောင်နိုင်၏ ပတ္တမြားငမောက်သရက်စံပြစိုက်ခင်းအတွက် GAP လျှောက်ထားမှုကို စစ်ဆေးကြည့်ရှုကြပြီး ရေဖြူမြို့နယ်တွင် တစ်မြို့နယ်တစ်ရွာစံပြ စပါးပြီးသီးထပ် စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ဝင်ရောက်လေ့လာကြသည်။ လေ့လာရေး ခရီးစဉ်ခေါင်းဆောင်များကလည်း ဒေသရေမြေနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းဟောပြောပြီး ဈေးကွက်လုပ်ငန်းအတွက် လုပ်ဆောင်ရန်အချက်များကို အကြံပြုဆွေးနွေးသည်။ နတ်တွင်းကျေးရွာတွင် ငရုတ်၊ မုန်လာ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ခရမ်းချဉ်၊ ပဲမျိုးစုံ၊ နှမ်း၊ ဘူး၊ ကျောက်ဖရုံစသည့် သီးနှံများကို သီးထပ်စိုက်ပျိုးထားသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# စိုက်ပျိုးရေးနည်းပညာ မြို့နယ်အချင်းချင်း ဖလှယ်နိုင်ရန် ကွင်းဆင်းလေ့လာ

ဘားအံ မတ် ၅

**မြို့နယ်အချင်းချင်း စိုက်ပျိုးရေးနည်းပညာများ ဖလှယ်နိုင်ရန်အတွက် ဘားအံမြို့နယ်မှ စိုက်ပျိုးရေးပညာရှင်များသည် မတ် ၂ ရက်က ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများသို့ သွားရောက်လေ့လာကြသည်။** (ပုံ)



ဘားအံမြို့နယ်မှ စိုက်ပျိုးရေးပညာရှင်များသည် ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်ရှိ သီးနှံစိုက်ပျိုးမှုအခြေအနေများ၊ ကုန်စည်စီးဆင်းမှုအခြေအနေများ၊ ဈေးကွက်ရရှိမှု အခြေအနေများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားများအား နည်းပညာပေး ဆွေးနွေးထားရှိမှုများ၊ တောင်သူလယ်သမားများ တွေ့ကြုံနေရသော အခက်အခဲများကို လေ့လာကြပြီး ဘားအံမြို့နယ်မှ စိုက်ပျိုးရေးပညာရှင်များအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးများ၊ ခြံများအတွင်း တောင်သူများအား လက်တွေ့နည်းပညာပေး ပြသနိုင်ရန် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ၊ ပျိုးခင်းများ၊ မှိုစိုက်ပျိုးမွေးမြူထားရှိမှုများ Integrated Farm ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများက ဆောင်ရွက်ထားရှိမှုတစ်ခုချင်းအလိုက် ရှင်းလင်းပြသသည်။

ထိုသို့ လေ့လာကြည့်ရှုပြီးနောက် မြို့နယ်အချင်းချင်းမှ စိုက်ပျိုးရေး ပညာရှင်များက ဒေသတစ်ခုချင်းစီ၌ တွေ့ရှိရသော အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို အပြန်အလှန်ဆွေးနွေးကြပြီး လာမည့်စိုက်ပျိုးရာသီကာလများတွင် ယခင်တွေ့ကြုံရသော အားနည်းချက်များ၊ အခက်အခဲများကို ဖြေရှင်းကာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

**မြတ်သဥ္ဇာလှိုင်**

သင့်လုပ်ငန်းများ အောင်မြင်တိုးတက်လိုလျှင် လယ်ယာစီးပွားသတင်းတွင် ကြော်ငြာပါ။

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၆-၃-၁၉ | ယခင်အပတ် ၂၇-၂-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၆-၃-၁၉ | ယခင်အပတ် ၂၇-၂-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၄၉၅၀၀ | ၄၉၀၀၀ | တက် | ၄၇၅၀၀ | ၄၈၀၀၀ | ကျ |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၇၀၀၀ | ၃၈၀၀၀ | ကျ | ၄၅၀၀၀ | ၄၃၅၀၀ | တက် |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၅၅၀၀ | ၂၆၀၀၀ | ကျ |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၃၀၀ | ၁၉၅၀၀ | ကျ | ၂၂၅၀၀ | ၂၅၀၀၀ | ကျ |
| ဆန်(ညှော်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၃၀၀ | ၁၉၅၀၀ | ကျ | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၃၈၅၀၀ | ၂၂၀၀၀ | တက် |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၂၈၀၀၀ | ၂၈၀၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၆၇၅ | ၃၃၇၅ | တက် | ၄၂၀၀ | ၄၃၀၀ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၃၈၂၅ | ၃၇၂၅ | တက် | ၄၁၀၀ | ၄၅၀၀ | ကျ |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၇၅၀ | ၆၇၅၀ | | ၉၀၀၀ | ၁၀၀၀၀ | ကျ |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၇၅၀ | ၇၇၅ | ကျ | ၈၅၀ | ၈၅၀ | |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၆၇၅ | ၇၂၅ | ကျ | ၇၀၀ | ၈၀၀ | ကျ |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၅၇၅ | ၆၀၀ | ကျ | ၅၅၀ | ၅၇၅ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၉၀၀ | ကျ |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၁၉၀၀ | ၁၄၇၅ | တက် | ၁၉၀၀ | ၁၆၀၀ | တက် |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၉၆၇ | ၉၃၃ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၆၀၀ | ၅၅၀ | တက် | ၇၀၀ | ၇၀၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၅၅၀ | ၄၅၀ | တက် | ၅၅၀ | ၃၅၀ | တက် |
| ချင်း | ပိဿာ | ၁၆၅၀ | ၁၆၅၀ | | ၁၆၀၀ | ၁၄၀၀ | တက် |

| ဟင်းသီးဟင်းရွက်များ | ရေတွက်ပုံ | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၆၁၁ | ၅၀၀ | တက် | ၅၅၀ | ၅၁၇ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ထုပ် | ၂၅၀ | ၃၀၀ | ကျ | ၂၅၀ | ၃၀၀ | ကျ |
| ပန်းမုန်လာ (မြေပြန့်) | ထုပ် | ၃၅၀ | ၄၀၀ | ကျ | ၄၀၀ | ၄၀၀ | |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၀၀၀ | ၁၂၀၀ | ကျ | ၉၀၀ | ၁၀၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၈၀၀၀ | ၁၀၀၀၀ | ကျ | ၁၀၀၀၀ | ၁၂၀၀၀ | ကျ |
| ငရုတ်စို (မိုးထောင်) | ပိဿာ | ၁၀၀၀ | ၁၀၀၀ | | | | |
| ငရုတ်စို (ပီနန်) | ပိဿာ | ၃၅၀၀ | ၄၀၀၀ | ကျ | | | |
| ငရုတ်စို (အရှည်) | | | | | ၁၁၀၀ | ၁၂၀၀ | ကျ |
| ငရုတ်စို (လတ်) | | | | | ၁၄၀၀ | ၁၅၀၀ | ကျ |
| ငရုတ်စို (လုံး) | | | | | ၁၃၀၀ | ၁၅၀၀ | ကျ |
| စားပြောင်း | ၁၀၀ဖူး | ၁၃၀၀၀ | ၁၅၀၀၀ | ကျ | ၁၃၀၀၀ | ၁၄၀၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၃၀၀ | ၁၃၀၀ | | | | |
| ရုံးပတီသီး | ပိဿာ | | | | ၁၂၀၀ | ၁၂၀၀ | |
| ဘူးသီး | လုံး | ၈၀၀ | ၇၀၀ | တက် | | | |
| ကြက်ဟင်းခါးသီး | ၁၀၀ လုံး | | ၁၀၀၀၀ | | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၅၀၀ | ၁၅၀၀ | | ၁၁၀၀ | ၁၃၅၀ | ကျ |
| ဘိုစားပဲ | ပိဿာ | | | | ၁၄၀၀ | ၁၀၀၀ | တက် |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၄၅၀ | ၃၅၀ | တက် |
| မုန်လာဥဖြူ | ပိဿာ | ၁၀၀၀ | ၁၂၀၀ | ကျ | | | |
| ရွှေဖရုံသီး | လုံး | ၁၅၀၀ | ၁၅၀၀ | | ၇၀၀ | ၆၀၀ | တက် |

| သစ်သီးဝလံများ | ရေတွက်ပုံ | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၄၀၀ | ၄၀၀ | |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၁၅၀၀ | ၁၅၀၀ | | ၅၀၀ | ၅၀၀ | |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | |
| နာနတ်သီး | တစ်လုံး | ၁၀၀၀ | ၁၀၀၀ | | | | |
| စတော်ဘယ်ရီ | ခြင်း | ၇၀၀ | ၇၅၀ | ကျ | | | |
| စပျစ်သီး (နီညို) | ပိဿာ | ၁၇၅၀ | ၁၇၅၀ | | ၂၁၀၀ | ၂၁၀၀ | |
| လိမ္မော်သီး | ပိဿာ | ၁၆၀၀ | ၁၆၀၀ | | ၁၃၀၀ | ၁၀၀၀ | တက် |
| သခွားမွှေး | ၁လုံး | | | | ၆၀၀ | ၆၅၀ | ကျ |
| ဖရဲ | ၁လုံး | | | | ၉၀၀ | ၁၀၀၀ | ကျ |
| ထောပတ်သီး | ၁၀ လုံး | ၁၁၀၀၀ | ၁၁၀၀၀ | | ၃၀၀၀ | ၂၁၆၇ | တက် |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၁၃၀၀၀ | ၁၂၅၀၀ | တက် | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၂၅၀၀ | ၁၇၀၀ | တက် |

| စားသုံးဆီ | ရေတွက်ပုံ | ရန်ကုန်(ညောင်ပင်လေးဈေး) | တက်/ကျ |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၅၆၀ | ကျ |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၆၀၀ | ကျ |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၅၆၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၆၈၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၃၀၀ | |

| မန္တလေး(ကုန်စည်ဒိုင်) | ရေတွက်ပုံ | | | တက်/ကျ |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၀၀၀၀ | ၉၅၀၀ | တက် |
| စမုန်နက် | ပိဿာ | ၃၀၀၀ | ၃၀၀၀ | |
| ပဲဖတ် | ပိဿာ | ၁၁၉၀ | ၁၁၉၀ | |
| နှမ်းဖတ် | ပိဿာ | ၁၂၂၅ | ၁၂၂၅ | |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၄၅ | ၁၆၇၅ | ကျ |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | ရေတွက်ပုံ | ယခုအပတ် ၆-၃-၁၉ | ယခင်အပတ် ၂၇-၂-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၆၄၆၀ | ၂၆၄၆၀ | |
| မတ်ပဲ (သင်္ဘောတင်) | မ တန် | ၆၉၅၀၀၀(အစ်) | ၆၃၀၀၀၀ | တက် |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၀၈၄၅၀ | ၁၀၇၄၀၀ | တက် |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၁၉၅၀ | ၆၁၅၀၀ | တက် |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၃၅၀ | ၁၃၉၀ | ကျ |
| ပဲစင်းငုံ (သင်္ဘောတင်) | မ တန် | ၇၀၀၀၀၀ | ၇၀၆၀၀၀ | ကျ |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၆၅၅၀ | ၅၆၅၅၀ | |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၄၉၅၀ | ၆၆၀၀၀ | ကျ |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၄၆၁၀၀ | ၁၄၆၁၀၀ | |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၂၁၆၇ | ၂၃၅၀၀ | ကျ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၅၀၀၀ | ၅၅၀၀၀ | ဘူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၅၃၅၀၀ | ၅၄၅၀၀ | ကျ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၂၅၀၀ | တက် |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၂၈၅၀၀ | ၁၂၅၆၆၇ | တက် |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၆၂၅၀ | ၅၈၀၀၀ | ကျ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၅၉၆၆၇ | ၆၀၀၀၀ | ကျ |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၇၅၇၅၀ | ၇၇၇၅၀ | ကျ |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၉၀၀၀ | ဘူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၂၀၀၀ | ၈၅၀၀၀ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၄၀၀၀ | ၇၆၀၀၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၉၀၀၀၀ | ၈၆၅၀၀ | တက် |
| ပဲလွန်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၅၁၅၀၀ | ၅၃၀၀၀ | ကျ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၁၀၅၀၀၀ | ၉၂၆၆၇ | တက် |
| ပဲယင်း | ၆၀ ပိဿာ | ၇၇၅၀၀ | ၇၄၀၀၀ | တက် |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၂၁၆၆၇ | ၁၂၀၀၀၀ | တက် |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၂၈၆၂၅၀ | ၂၉၀၀၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၇၄၁၆၇ | ၂၇၄၁၆၇ | ဘူ |
| ပန်းနှမ်း | ၄၅ ပိဿာ | ၆၁၅၀၀ | ၆၉၀၀၀ | ကျ |
| နေကြာ | ၂၇ ပိဿာ | ၄၅၅၀၀ | ၄၇၀၀၀ | ကျ |
| နှမ်းနက် | ၄၅ ပိဿာ | ၂၁၅၀၀၀ | ၂၁၀၀၀၀ | တက် |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ရာဘာ (RSS-3) | ၁ပေါင် | ၈၀၅ | တက် |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၄၀၀၀ | ကျ |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၅၀၀၀ | ကျ |
| ညှော်မထ | တစ်တင်းခွဲ | ၁၉၅၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၃၁၀၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၀၅၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၄၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၁၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | တက် |
| ပုစွန်ခြောက်ပုံး | ၁၀ ပိဿာ | ၂၄၀၀၀ | |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၈၆၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၃၈၀၀ | |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၄၅၀ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၅၅၀ | |
| အာလူး (အိုကေ) | ပိဿာ | ၆၀၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၅၃၀ | ကျ |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒွေသ) | ပိဿာ | ၇၀၀ | တက် |
| ပန်းဂေါ်ဖီ (မြေပြန့်) | ပွင့် | ၄၀၀ | |
| ဂေါ်ဖီထုပ် (မြေပြန့်) | ၂၀ ပိဿာ | ၄၅၀၀ | တက် |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| ချင်း | ပိဿာ | ၁၃၅၀ | |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၆-၃-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၄၀၀၀ | တက် |
| ဧယာ | တစ်တင်းခွဲ | ၂၃၂၅၀ | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၁၈ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၄၄၇ | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၂၇၅ | ကျ |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၈၄ | |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၂၈၉ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၃၀၀၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၁၃၂ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၄၇၅ | ကျ |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၃၂၅ | ကျ |
| ကြက်သွန်နီ (သေး) | ပိဿာ | ၁၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၆၅၀ | ကျ |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၇၅၀ | တက် |
| ရောမင်း | တစ်တင်းခွဲ | ၃၉၀၀၀ | တက် |
| အိုင်အာ - ၇၄၇ | တစ်တင်းခွဲ | ၂၃၅၀၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ၂၀ ပိဿာ | ၈၀၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၈၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၆၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၇၂၅ | ကျ |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၅၇၅ | ကျ |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၂၀၀၀ | |
| နှမ်းနီ | ၁၅ ပိဿာ | ၅၂၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၂၀၀၀ | ကျ |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၁၀၀၀ | ကျ |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၃၅၀၀ | တက် |
| **နံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၃၀၀ | ကျ |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၈၅၀၀ | ကျ |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၇၂၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၂၀၀၀ | တက် |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၀၅၀၀ | တက် |
| ပဲပုပ် | ၂၀ ပိဿာ | ၁၈၅၀၀ | |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၂၅၂၀၀ | ကျ |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၃၀၀၀ | ကျ |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၄၃၀၀ | ကျ |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၈၀၀၀ | |
| ပဲလွန်းပြာ | ၁၈ ပိဿာ | ၁၈၀၀၀ | ကျ |
| ပဲကြီး | ၁၈ ပိဿာ | ၃၀၅၀၀ | |
| နံနံစေ့ | ၁၈ ပိဿာ | ၁၀၀၀၀ | ကျ |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | – |
| ပြောင်း (စီပီ) | ပိဿာ | ၄၁၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၂၂၅ | – |
| ပဲပုပ် | ပိဿာ | ၁၀၄၀ | – |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၂၀၀ | ကျ |
| ကုလားပဲလုံးဖြူ (ကြီး) | ပိဿာ | ၁၂၅၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၀၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၇၁၃ | ကျ |
| နှမ်းညို | ပိဿာ | ၃၄၅၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၀၅၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၃၃၈ | – |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၅၅၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၉၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၇၅၀ | – |
| နှမ်းဆီ | ပိဿာ | ၆၅၀၀ | – |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး — စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ | အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | | |
| ရေဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၃၃၉၀၄ | | | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၄၆၂၈၅ | | | တစ်တင်းခွဲ | ၃၈၀၀၀ | |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | ၁၁၃၉၀၄၇ | | | တစ်တင်းခွဲ | ၄၅၀၀၀ | |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၂၀၀၀၀ | | | တစ်တင်းခွဲ | ၃၇၅၀၀ | |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၆၉၀၀၀၀ | | | တစ်တင်းခွဲ | ၂၈၅၀၀ | တက် |
| ရောမင်း | ၁၀၀ တင်း | ၆၉၀၀၀၀ | | | တစ်တင်းခွဲ | ၂၈၅၀၀ | တက် |
| မနောသုခ | ၁၀၀ တင်း | ၆၁၁၈၀၀ | တက် | | တစ်တင်းခွဲ | ၂၂၅၀၀ | ကျ |
| မီးကောက် | ၁၀၀ တင်း | ၅၉၈၀၀၀ | တက် | | တစ်တင်းခွဲ | ၂၃၀၀၀ | |
| သီးထပ်ရင် | ၁၀၀ တင်း | ၅၇၉၆၀၀ | | | တစ်တင်းခွဲ | ၂၁၀၀၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၆-၃-၁၉ | ရန်ကုန် ၂၇-၂-၁၉ | မန္တလေး ၆-၃-၁၉ | မန္တလေး ၂၇-၂-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ) ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၀၅၀ | ၁၀၈၀ |
| သကြား(အလတ်စ) ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ) ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၁၀၃၀ | ၁၀၆၀ |

## ရန်ကုန်ဈေးကွက်အတွင်း သီးနှံအလိုက် သုံးသပ်ချက်များ

မြန်မာနိုင်ငံဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)မှ ၆.၃.၁၉ ရက်ထုတ်ပြန်သော ဆန်ဈေးနှုန်းများအရ ဆန်အလတ်စ ဈေးနှုန်းများအနေဖြင့် ညှော်မထဆန်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေသောဆန်ကို တရားဝင်ခွင့်ပြုထားခြင်းမရှိသောကြောင့် နယ်စပ်ကုန်သည်များ၏ ဝယ်လိုအားမှာ ယခင်ထက်လျော့ကျမှုရှိလာခြင်း၊ ပြည်ပတင်ပို့မှုလျော့နည်းခြင်းကြောင့် ပြည်တွင်းတွင် ဆန်လက်ကျန်များနေ၍ နွေစပါးထွက်ရှိလာပါက သိုလှောင်ရန်နေရာအခက်အခဲများ ဖြစ်နိုင်ဖွယ်ရှိခြင်းတို့ကြောင့် လည်းကောင်း၊ ပေါ်ဆန်းဆန်မှာ စားသုံးသူဝယ်လိုအားနည်းသွားခြင်းကြောင့်လည်းကောင်း ယခင်တစ်ပတ် ၂၇.၂.၁၉ရက် ဈေးနှုန်းများထက် အနည်းငယ်ဈေးကျခဲ့ရခြင်းဖြစ်ပြီး၊ ရွှေဘိုပေါ်ဆန်းဆန်မှာ စားသုံးသူကြိုက်နှစ်သက်မှုများခြင်း၊ ဝယ်လိုအားများခြင်းတို့ကြောင့် ၂၇.၂.၁၉ ရက်တွင် ဆန်အလတ်စတစ်အိတ်လျှင် ၄၉၀၀၀ ကျပ်မှ ယခုတစ်ပတ် ၆.၃.၁၉ ရက်တွင် ၄၉၅၀၀ ကျပ်သို့ ဈေးအနည်းငယ်တက်ခဲ့သည်။

ပဲမျိုးစုံဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲနှင့်ပဲပုပ်များ အရောင်းအဝယ်ဖြစ်သည်။ မတ်ပဲကို ပြည်တွင်းပဲခွဲစက်များမှ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ အိန္ဒိယမှဝယ်ယူမှုရပ်တန့်ခဲ့ခြင်းကြောင့် ပြည်ပဝယ်လိုအားနည်းခဲ့သော်လည်း ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းကြောင့် သီးနှံအထွက်လျော့ကျမှုရှိခြင်း၊ ပဲဟောင်းလက်ကျန်နည်းလာခြင်းနှင့်အတူ ပဲသစ်ဝင်ရောက်မှု (ရောင်းလိုအား) နည်းသေးခြင်းတို့ကြောင့် ယခင် တစ်ပတ် ၂၇.၂.၁၉ ရက်တွင် မတ်ပဲ (သင်္ဘောတင်) တစ်တန်လျှင် ၆၃၀၀၀၀ ကျပ်မှ ယခု တစ်ပတ် ၆.၃.၁၉ ရက်တွင် ၆၉၅၀၀၀ ကျပ်သို့ ဈေးမြင့်ခဲ့သည်။

ပဲစင်းငုံမှာဆောင်းစိုက်ပဲအသစ်များလည်း ဈေးကွက်သို့စတင်ဝင်ရောက်နေပြီဖြစ်ပြီး၊ အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှုကို ရပ်တန့်ထားခြင်းကြောင့် ပြည်ပတင်ပို့ရန် ဝယ်လိုအားနည်းခြင်း၊ ပဲဟောင်းလက်ကျန်များကိုသာ ရောင်းဝယ်မှုရှိခြင်းကြောင့် ၆.၃.၁၉ ရက် ဈေးနှုန်းအရ ပဲစင်းငုံ (သင်္ဘောတင်) တစ်တန်လျှင် ၇၀၀၀၀၀ ကျပ်ဖြစ်သောကြောင့် ယခင်တစ်ပတ်ထက် တစ်တန်လျှင် ၆၀၀၀ ကျပ် ဈေးကျခဲ့သည်။

ပဲတီရွှေဝါမှာ ခရမ်း၊ သုံးခွမှ ပဲတီစိမ်း (ပဲတီရွှေဝါ)များအပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသော ပဲတီစိမ်း (ပဲတီရွှေဝါ)၊ မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူမြို့နှင့်ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တို့မှ ဆောင်းစိုက်ပဲတီစိမ်းအသစ်များ ဈေးကွက်သို့ ဝင်ရောက်မှုရှိသည်။ တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကောင်းပေးဝယ်ယူမှုရှိခြင်း၊ ခရမ်း၊ သုံးခွမှထွက်ရှိသောပဲများမှာ အရည်အသွေးပိုမိုကောင်းမွန်ခြင်းကြောင့် ယခုတစ်ပတ်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ၁၀၇၄၀၀ ကျပ်ဈေးရှိသောကြောင့် ယခင်တစ်ပတ် ၂၇.၂.၁၉ ရက် ဈေးနှုန်းထက် ၁၀၅၀ ကျပ် မြင့်တက်ခဲ့သည်။

သစ်သီးဝလံဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ပန်းသီး (တရုတ်)မှာ နယ်စပ်မှကုန်အဝင်နည်းခြင်းနှင့် ဝယ်ဈေးမြင့်ခြင်းကြောင့် ပန်းသီးတစ်သေတ္တာလျှင် ယခင်တစ်ပတ်တွင် ၁၂၅၀၀ ကျပ်မှ ၆.၃.၁၉ ဈေးနှုန်းအရ ၁၃၀၀၀ ကျပ်သို့ မြင့်တက်ခဲ့သည်။ ရမည်းသင်းမှ ထွက်ရှိသော စပျစ်သီး(အစိမ်း)မှာ အဝင်နည်းသော်လည်း အရောင်းအဝယ်အေးခြင်း၊ အရည်အသွေးညံ့ခြင်းတို့ကြောင့် တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့် ဈေးကျခဲ့သည်။ စတော်ဘယ်ရီသီးမှာ ပြင်ဦးလွင်မှ စိုက်ပျိုးထွက်ရှိသော ဒေသမျိုးများအပြင် ပြည်ပမျိုးများပါ ဈေးကွက်သို့ဝင်ရောက်မှုရှိလာခြင်းကြောင့် ပလတ်စတစ်ဗူး(အကြည်) တစ်ဗူးလျှင် ၂၇.၂.၁၉ ရက်တွင် ၇၅၀ ကျပ်မှ ယခုတစ်ပတ်တွင် ၆၅၀ ကျပ်သို့ ဈေးကျခဲ့သည်။

ဟင်းသီးဟင်းရွက်ဈေးကွက်အနေဖြင့် ဖူးစားပြောင်းတွင် ငမြောင်တောင်ပိုးများ ကျရောက်ဖျက်ဆီးမှု ရှိသဖြင့် အထွက်နှုန်းကျဆင်းခဲ့သောကြောင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း၊ မအူပင်မြို့နယ်များမှ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုနည်းခဲ့သည်။ ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင်း လမ်းဘေးဈေးသည်များအား အဖမ်းအဆီးများ ရှိခြင်းကြောင့် ကုန်ဝင်ရောက်မှုနည်းသော်လည်း အရောင်းအဝယ်အေးသဖြင့် ၂၇.၂.၁၉ ရက်တွင် စားပြောင်းအဖူး ၁၀၀ လျှင် ၁၅၀၀၀ ကျပ်မှ ၆.၃.၁၉ ရက်တွင် ၁၃၀၀၀ ကျပ်သို့ ဈေးကျခဲ့သည်။ ပြင်ဦးလွင်နှင့်အောင်ပန်းဒေသမှ မုန်လာဥနီ(ရှမ်း)များမှာ အရည်အသွေးကောင်းသော် လည်း ဝင်ရောက်မှုများခြင်း၊ အရောင်းအဝယ်အေးခြင်း တို့ကြောင့် တစ်ပိဿာလျှင် ၂၀၀ ကျပ် ဈေးကျခဲ့သည်။ ခရမ်းချဉ်(မြေပြန့်) (မုံရွာ)ရန်ကုန် ဝန်းကျင်ဒေသများနှင့် ဘိုင်းဒါ၊ ဇလွန်စသည့်ဒေသများမှ ခရမ်းချဉ် (မြေပြန့်) ဝင်ရောက်မှုများခြင်း၊ ဒေသအသီးသီးတွင် ထွက်ရှိနေခြင်းကြောင့် နယ်ဒေသများမှ အဆွဲမရှိခြင်း၊ ပွဲရုံလက်ကျန်များခြင်းတို့ကြောင့် မုံရွာဒေသထွက်ခရမ်းချဉ်များအား ကုန်အမှာနည်း၍ ဈေးကွက်အတွင်း မုံရွာသီးများ ဝင်ရောက်မှုနည်းခဲ့ပြီး ဈေးအနည်းငယ်မြင့်ခဲ့သည်။ ၁၆ ပိဿာ တစ်သေတ္တာလျှင် ယခင်တစ်ပတ် ၂၇.၂.၁၉ တွင် ၉၀၀၀ကျပ်ဖြစ်ပြီး ယခုတစ်ပတ်ဈေးနှုန်းမှာ ၁၁၀၀၀ ကျပ်ဖြစ်သည်။

ဖြူမာချို (ရန်ကုန်ဈေးကွက်)

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား ၃-၃-၁၉ | တက်/ကျ | တပ်ကုန်း ၃-၃-၁၉ | တက်/ကျ | လယ်ဝေး ၃-၃-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၆၀၀၀၀ | ကျ | ၆၀၀၀၀ | တူ | ၆၀၀၀၀ | ကျ |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၅၀၀၀ | | ၂၆၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၄၀၀၀ | | ၂၄၀၀၀ | | ၂၄၀၀၀ | |
| | သုခထွန်း (ဒေသ) | ၂၂၀၀၀ | | ၂၂၀၀၀ | | ၂၂၀၀၀ | |
| | ဧယာ | ၂၄၀၀၀ | | ၂၆၀၀၀ | | ၂၄၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၄၀၀၀ | | ၄၅၀၀ | တူ | ၅၀၀၀ | |
| | ငရုတ်ခြောက် (မိုးထောင်) | ၅၀၀၀ | | ၄၅၀၀ | | ၅၅၀၀ | |
| | ငရုတ်ခြောက် (ပွ) | ၁၀၀၀၀ | | ၇၀၀၀ | | ၁၂၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၁၈၀၀ | တက် | ၁၀၀၀ | | ၂၀၀၀ | |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၁၅၀၀ | | ၁၆၀၀ | | ၁၅၀၀ | |
| | ကြက်သွန်နီ (ကြီး) | ၈၀၀ | တက် | ၈၀၀ | | ၈၀၀ | တက် |
| | ကြက်သွန်နီ (လတ်) | ၇၀၀ | တက် | ၆၀၀ | | ၇၀၀ | တက် |
| | ကြက်သွန်နီ (သေး) | ၆၀၀ | တက် | ၄၀၀ | | ၆၀၀ | တက် |
| | အာလူး (ကြီး) | ၁၂၀၀ | | ၁၀၀၀ | | ၁၂၀၀ | ကျ |
| | အာလူး (လတ်) | ၁၀၀၀ | | ၈၀၀ | | ၁၀၀၀ | ကျ |
| | အာလူး (သေး) | ၈၀၀ | | ၆၀၀ | | ၈၀၀ | ကျ |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၆၂၀၀ | | ၆၅၀၀ | တက် | ၆၂၀၀ | တူ |
| | မြေပဲဆီ (ရိုးရိုး) | ၃၅၀၀ | | ၅၀၀၀ | | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၅၀၀၀ | | ၇၀၀၀ | တက် | ၅၀၀၀ | |
| | စားအုန်းဆီ (ကန်ဆီ) | ၁၈၀၀ | တက် | ၁၇၀၀ | | ၁၈၀၀ | |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၆၀၀ | ကျ | ၈၀၀ | | ၇၀၀ | ကျ |
| | ရွှေပဲသီး (ပိဿာ) | ၂၅၀၀ | | ၃၀၀၀ | | ၃၅၀၀ | |
| | ဂေါ်ဖီထုပ် (ထုပ်) | ၂၀၀ | | ၂၀၀ | | ၂၀၀ | |
| | ပန်းမုန်လာ (ပွင့်) | ၂၀၀ | | ၃၀၀ | | ၂၅၀ | |
| | ဂျုံးမြစ် (ပိဿာ) | ၂၀၀၀ | | ၂၀၀၀ | | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၂၅၀ | တက် | ၃၀၀ | တက် | ၃၀၀ | တက် |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၁၅၀၀ | | ၁၆၀၀ | | ၁၆၀၀ | တက် |
| | ဘိုစားပဲ (ပိဿာ) | ၂၅၀၀ | တက် | ၁၆၀၀ | | ၃၀၀၀ | တက် |
| | ချင်း (ပိဿာ) | ၁၅၀၀ | | ၁၆၀၀ | | ၁၆၀၀ | တက် |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၄-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေးအသစ်(ရှယ်) | ။ | ၄၆၀၀၀ | တက် |
| မီးဒုံး(အသစ်) | ။ | ၂၈၀၀၀ | တက် |
| ညို့မထ | ။ | ၂၇၀၀၀ | – |
| ငစိန် | ။ | ၂၆၀၀၀ | တက် |
| ကောက်ညှင်းဆန် | ။ | ၄၀၀၀၀ | – |
| ကုလားပဲ | ၁ပိဿာ | ၃၇၀၀ | – |
| ပဲနီလေး | ၁ပိဿာ | ၃၉၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၀၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၄၈၀၀ | – |
| စားအုန်းဆီ | ၁ပိဿာ | ၂၈၀၀ | – |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၁၄၅၀ | – |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၆၀၀ | – |
| ငရုပ်သီး | ၁ပိဿာ | ၇၀၀ | ကျ |
| ဂျင်း | ၁ပိဿာ | ၁၇၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၅၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၁၄၀၀ | ကျ |
| အာလူး | ၁ပိဿာ | ၁၇၀၀ | – |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၁၀၀၀ | ကျ |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၁၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ ကီလို | ၂၂၀၀၀ | – |
| ငါးနီတူခြောက်(ရှယ်) | ၁ ကီလို | ၈၀၀၀ | – |
| ငါးနီတူခြောက် | ၁ ကီလို | ၇၅၀၀ | – |
| ငါးဂျင်လိပ်ခြောက် | ၁ ကီလို | ၈၅၀၀ | – |
| ငါးပိ | ၁ ကီလို | ၃၅၀၀ | – |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၄-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ရေငန်ငါး** | | | |
| ကုလားကုတ် | ၁ ကီလို | ၆၇၀၀ | တက် |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၆၂၀၀ | ကျ |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၄၃၀၀ | ကျ |
| ငါးပါးနီ | ၁ ကီလို | ၆၅၀၀ | တက် |
| ကျောက်ငါး | ၁ ကီလို | ၄၃၀၀ | – |
| ကုလားငှ | ၁ ကီလို | ၅၂၀၀ | – |
| ဇာဗျက် | ၁ ကီလို | ၂၅၀၀ | – |
| ဇလုံး | ၁ ကီလို | ၆၅၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၄၉၀၀ | – |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၉၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၁၅၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၃၀၀၀ | – |
| ကဏ္ဍူရံ | ၁ ကီလို | ၁၃၀၀၀ | – |
| ကကတစ် | ၁ ကီလို | ၅၀၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၅၅၀၀ | – |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | – |
| ငါးမုတ်ဖြူ | ၁ ကီလို | ၉၅၀၀ | – |
| သဲကဏန်း | ၁ ကီလို | ၁၃၀၀၀ | – |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၈၅၀၀ | – |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၅၀၀ | – |
| **ရေငန်ပုစွန်** | | | |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၂၂၀၀၀ | တက် |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၈၅၀၀ | – |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၂၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၂၈၀၀ | – |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၀၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၀၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| | ၃-၃-၁၉ | တက်/ကျ |
|---|---|---|
| **ပျဉ်းမနား** | | |
| ပဲမျိုးစုံ (သုံးတင်းအိတ်) | | |
| မတ်ပဲ (၆၀ ပိဿာ) | ၆၀၀၀၀ | တူ |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၁၂၀၀၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၀၀၀၀ | – |
| နှမ်းနီ (၄၅ ပိဿာ) | ၁၅၀၀၀၀ | – |
| နေကြာ (ပိဿာ) | ၁၁၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၈၀၀ | တက် |
| **တပ်ကုန်း** | | |
| ပဲမျိုးစုံ(တစ်တင်း) | | |
| မတ်ပဲ (၂၀ ပိဿာ) | ၁၈၀၀၀ | – |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၄၀၀၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၅၅၀၀၀ | ကျ |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၀၀၀ | ကျ |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၄၀၀ | ကျ |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၆၀၀ | တူ |
| နေကြာ (ပိဿာ) | ၁၂၀၀ | ကျ |
| **လယ်ဝေး** | | |
| ပဲမျိုးစုံ | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၀၅၀၀ | တူ |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၀၀၀၀ | တူ |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၀၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၄၀၀ | – |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၂၀၀ | – |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ရောဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၅၀၀၀ | ကျ |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၈၃၃ | ကျ |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၀၃၃၃ | ကျ |
| ဧယာ | တစ်တင်းခွဲ | ၂၆၁၆၆ | ကျ |
| မနောသုခ | တစ်တင်းခွဲ | ၃၁၀၀၀ | ကျ |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၃၃၃ | ကျ |
| ခေါက်နှမ်းခမ်းဆန် | နှစ်တင်း | ၇၆၁၆၆ | တက် |
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၇၈ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၂၃၃ | ကျ |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၀၆၇ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၁၂၀ | တက် |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၂၁၇ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၄၀၀၀ | ကျ |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၄၆၀၀ | ကျ |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၉၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၂၁၇ | ကျ |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၄-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညို့မထ(၂၅%) | တန် | ၂၀၈၀ယွမ် | တက် |
| ပဲတီစိမ်း | တန် | ၅၉၀၀ယွမ် | – |
| ပဲပုတ် | တန် | ၃၇၅၀ယွမ် | – |
| ပဲလွမ်းဖြူ | တန် | ၅၂၅၀ ယွမ် | |
| ထောပတ်ပဲ | တန် | ၅၅၀၀ယွမ် | – |
| အစေ့ထုတ်ပြောင်း | တန် | ၁၈၀၀ယွမ် | – |
| မြေပဲဆန် | တန် | ၁၂၅၀၀ယွမ် | တက် |
| နှမ်း | တန် | ၉၇၅၀ယွမ် | – |
| ကြက်သွန်နီ | တန် | ၂၈၀၉ယွမ် | ကျ |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၂၀၀ကျပ် | – |
| RSS 3 (ရော်ဘာ) | တန် | ၇၉၅၀ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၃၄၀၀ဒေါ်လာ | – |
| ငါးရှဉ့် | တန် | ၅၀၀၀ဒေါ်လာ | – |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၀၈ကျပ် | ကျ |
| ယွမ် | ၁ ယွမ် | ၂၃၅ကျပ် | – |

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇောတိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၈၀၀၀ | |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၅၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၉၀၀၀ | တက် |
| ညို့မထ | တစ်တင်းခွဲ | ၂၇၇၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၈၀၀ | |
| စားအုန်းဆီ (ပုလွန်နှစ်ကောင်) | ပိဿာ | ၂၀၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၈၀၀ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၇၅၀ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၇၀၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၁၆၀၀ | |
| အာလူး (အိုကေ) | ပိဿာ | | |
| **မူဆယ် (Export)** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၉၂ | |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း = ၂၂၀ . ၄၈ နယ်စပ်တွင် တရားမဝင်တင်သွင်းသော ပြောင်းများကို လူ၊ ပစ္စည်းနှင့်ယာဉ်ပါသိမ်းခြင်းကြောင့် ကုန်သည်များပြောင်းရောင်းဝယ်မှုရပ်ဆိုင်းထား၍ ပြောင်းဈေးမရပါ။

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT — FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၂.၂.၂၀၁၉ | ၆၅၃ | ၇၃၃ |
| ၁၃.၂.၂၀၁၉ | ၆၁၇ | ၇၂၉ |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၅၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၄၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၈၃၃ | တက် |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၂၂၀၀၀ | တက် |
| မတ်ပဲ | ၂၀ ပိဿာ | ၂၃၃၀၀ | တက် |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၀၀၀ | |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၂၅၅၀၀ | |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၁၉၅၀၀ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၈၅၀၀ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ၂၀ ပိဿာ | ၂၆၀၀၀ | ကျ |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၅၀၀၀ | တက် |
| ထောပတ်ပဲ (သေး) | ၂၀ ပိဿာ | ၃၅၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၂၇၃၃ | ကျ |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၄၅၀ | ကျ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၉၈၃၃၃ | ကျ |
| နှမ်းနီ | ၄၅ ပိဿာ | ၁၇၃၃၃၃ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၄၃၃ | တက် |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၃၀၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၅၅၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၈၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၇၁၇ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၈၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၈၀၀ | တက် |
| ချင်း | ပိဿာ | ၁၅၆၇ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၃၀၀ | |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၀၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၁၅ | ကျ |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၅-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၀ | ကျ |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၇၈၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၁၀၀ | တက် |
| နေကြာ | ပိဿာ | ၈၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | ကျ |
| ချင်း (အစို) | ပိဿာ | ၁၂၀၀ | တက် |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၁၁၀၀ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၀၅၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၁၀၀၀ | တက် |
| ဂေါ်ဖီထုပ် | ထုပ် | ၁၀၀ | ကျ |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၁၅၀ | ကျ |
| မုန်လာဥနီ | ပိဿာ | ၈၀၀ | ကျ |
| ဂေါ်ရခါးသီး | လုံး | ၁၀၀ | ကျ |
| ဂျုံး | ပိဿာ | ၁၀၀၀ | |
| ရွှေပဲသီး | ပိဿာ | ၂၅၀၀ | တက် |
| ဘိုစားပဲ | ပိဿာ | ၁၂၀၀ | တက် |
| **သစ်သီးဝလံ** | | | |
| လိမ္မော်သီး | ပိဿာ | ၁၅၀၀ | |
| ထောပတ်သီး | လုံး | ၅၅၀ | ကျ |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ် — ၆-၃-၂၀၁၉

| အမျိုးအမည် | ရန်ကုန် | မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၅၅၀၀ | ၂၆၃၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃S)(၄-ရောင်ခြယ်) | ၃၇၅၀၀ | ၄၀၀၀၀ |
| အာမို(၁၅း၁၅း၁၅း၇S) | ၄၀၅၀၀ | ၄၃၀၀၀ |
| ရွှေခြင်္သေ့(၁၅း၇း၈) | | ၂၃၀၀၀ |
| ရွှေခြင်္သေ့(၁၀း၁၀း၅) | | ၁၇၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၈၄၀၀ | ၁၆၆၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၃၉၅၀၀ | ၃၅၅၀၀ |
| **တီဆူပါ** | | |
| GTSP 46% | ၂၃၈၀၀ | ၂၁၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၄၅၀၀ | |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၇၅၀၀ | ၂၇၈၀၀ |
| **မြန်မာ့သြဘာဓာတ်မြေဩဇာဈေးများ** | | |
| G ပုလဲအလုံးကြီး (၄၆ %) | ၂၈၇၀၀ | ၃၁၇၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၇၅၀၀ | ၃၉၀၀၀ |
| ကောမက်သီးစုံ | ၂၆၉၅၀ | ၂၈၂၅၀ |
| Premo Lite (၁၆း၁၆း၁၆) | ၄၃၉၀၀ | ၄၇၃၅၀ |

## ဝက်ပုတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၃-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| သခွားသီး | ၁၀၀ လုံး | ၅၀၀၀ | ကျ |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၂၅၀၀ | ကျ |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၆၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၆၀၀ | ကျ |
| ရွှေဖရုံသီး | လုံး | ၅၀၀ | ကျ |
| ပဲတောင့်ရှည် (တိုင်ပေ) | စည်း | ၆၀၀ | တက် |
| မုန်ညင်းဖြူ | ထုပ် | ၄၀ | |
| ကျောက်ဖရုံ | လုံး | ၁၀၀၀ | တက် |

## စက်မှုကုန်ကြမ်းဈေးနှုန်းများ

US$/MT

| | | |
|---|---|---|
| **သကြား** | ၅. ၃. ၂၀၁၉ | ၂၅. ၂. ၂၀၁၉ |
| Refined sugar | ၃၄၃ | ၃၆၀ |
| Raw | ၂၇၉ | ၂၉၃ |
| **ကော်ဖီ** | ၆. ၃. ၂၀၁၉ | ၂၅. ၂. ၂၀၁၉ |
| Columbia Mild | ၂၃၇၇ | ၂၇၇၆ |
| Brazilian Natural | ၂၀၁၃ | ၂၀၄၇ |
| Robustas | ၁၇၀၅ | ၁၇၂၃ |
| **ရာဘာ** | ၆. ၃. ၂၀၁၉ | ၂၅. ၂. ၂၀၁၉ |
| RSS - 1 | ၁၇၇၇ | ၁၇၁၇ |
| RSS - 2 | ၁၇၅၈ | ၁၆၉၈ |
| RSS - 3 | ၁၇၄၁ | ၁၆၈၀ |
| RSS - 4 | ၁၇၃၁ | ၁၆၇၁ |
| RSS - 5 | ၁၇၁၇ | ၁၆၅၆ |
| **စားအုန်းဆီ** | ၄. ၃. ၂၀၁၉ | ၂၅. ၂. ၂၀၁၉ |
| RBD P. OLEIN | ၅၃၀. ၅ | ၅၅၉. ၅ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၆-၃-၂၀၁၉ | ၂၅-၂-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀. ၈၈၃၀၅၃ | ၀. ၈၈၂၅၉၉ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀. ၇၆၀၄၃၁ | ၀. ၇၆၈၉၀၂ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁. ၄၁၃၂၄၇ | ၁. ၄၀၆၀၅၂ |
| ဂျပန် | (ယန်း) | ၁၁၁. ၉၄၃၅ | ၁၁၀. ၇၉၉ |
| တောင်ကိုရီးယား | (ဝမ်) | ၁၁၂၆. ၅၁ | ၁၁၂၄. ၉၆၃ |
| တရုတ် | (ယွမ်) | ၆. ၇၀၃၉၅၄ | ၆. ၇၁၈၆၆၅ |
| အိန္ဒိယ | (ရူပီး) | ၇၀. ၆၂၈၁၆ | ၇၁. ၁၃၀၆၇ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇. ၈၄၉၆၆၅ | ၇. ၈၄၈၄၇၄ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၃. ၈၆၆၂၂ | ၈၃. ၈၈၁၇ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၀. ၈၄၅၀၂ | ၃၀. ၇၉၃၇ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁. ၃၅၅၆၄၁ | ၁. ၃၅၂၈၆၄ |
| အင်ဒိုနီးရှား | (ရူးပီးယား) | ၁၄၁၄၂. ၈၉ | ၁၄၀၅၁. ၉၁ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂. ၂၉၀၄၂ | ၁၁၀. ၇၉၉ |
| ထိုင်း | (ဘတ်) | ၃၁. ၈၀၃၇၂ | ၃၁. ၃၁၃ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၁၅၅. ၃၂ | ၂၃၁၈၄. ၁၆ |
| မလေးရှား | (ရင်းဂစ်) | ၄. ၀၇၅၂၈၁ | ၄. ၀၇၈၁၂၉ |
| ကမ္ဘောဒီးယား | (ရီရယ်) | ၄၀၁၅. ၂၆၁ | ၄၀၁၅. ၁၆၉ |
| ဘရူနိုင်းဒါရူစလမ် | (ဒေါ်လာ) | ၁. ၃၅၅၆၄၁ | ၁. ၃၅၂၈၆၄ |
| လာအို | (ကစ်ပ်) | ၈၅၆၀. ၀၇၃ | ၈၅၅၉. ၈၆၈ |

## ပြည်ပဆန်ဈေးနှုန်း

(US$/MT) — Source: riceonline.com

| | | ၆-၃-၁၉ | ၂၅-၂-၁၉ |
|---|---|---|---|
| **ထိုင်း** | | | |
| | 100%B | | ၄၂၈ |
| | 5% | | ၄၁၂ |
| | 25% | | ၄၀၄ |
| | Parboiled | | ၄၁၈ |
| **ဗီယက်နမ်** | | | |
| | 5% | | ၃၄၀ |
| | 25% | | ၃၂၅ |
| **အိန္ဒိယ** | | | |
| | 5% | | ၃၃၀ |
| | 25% | | ၃၃၀ |
| | Parboiled | | ၃၈၀ |
| **ပါကစ္စတန်** | | | |
| | 5% | | ၃၄၅ |
| | 25% | | ၃၂၄ |
| | Parboiled | | ၄၁၀ |



# ကလေးငယ်လေးများ ရနံ့မွှေးဆီ စိတ်ချစွာ အသုံးပြုနိုင်ရေး






ရနံ့ မွှေးဆီများကို ကျန်းမာရေးအတွက် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ယုံကြည်စိတ်ချစွာ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြ၏။ ဆေးဖက်ဝင်ရနံ့မွှေးဆီကို ဆေးဖက်ဝင်ပင်ပျော့များမှ သဘာဝအတိုင်း ထုတ်ယူရရှိပြီး ယင်း၏ သင်းပျံ့သည့် မွှေးရနံ့ကြောင့် လူသားတို့၏ ခန္ဓာကိုယ်နှင့် စိတ်နှလုံး ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်၏။

ဆေးဖက်ဝင်ရနံ့မွှေးဆီများကို အပူလောင်နာမှအစပြုပြီး အရေပြားနာများကိုပါ သက်သာစေရန် နည်းလမ်းမျိုးစုံနှင့် အသုံးပြုခဲ့ကြသကဲ့သို့ စိတ်ဖိစီးခြင်းနှင့် စိတ်ပင်ပန်းနွမ်းနယ်မှုများကို သက်သာပျောက်ကင်းစေနိုင်၏။

အသက်သုံးလနှင့်အထက် ကလေးများကို ရနံ့မွှေးဆီအသုံးပြုလိမ်းပေးခြင်းဖြင့် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်စက်စေရန် အထောက်အကူပြုပေးခြင်း၊ စိုးရိမ်ကြောင့်ကြပူပင်သောကများကို သက်သာစေခြင်း၊ လေထိုးလေအောင့်နာကို သက်သာပျောက်ကင်းစေနိုင်ခြင်းတို့အတွက် အသုံးပြုကြ၏။

ယနေ့ခေတ်တွင် ဆေးဖက်ဝင်ရနံ့မွှေးဆီများကို ကျယ်ကျယ်ပြန့်ပြန့်ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တံဆိပ်များကို သေချာစွာ စစ်ဆေးပြီးဝယ်ယူမှသာ စစ်မှန်သန့်စင်သော၊ ကလေးများအတွက်သာ အဓိကအသုံးပြုနိုင်သော ရနံ့မွှေးဆီကို ရရှိနိုင်မည်ဖြစ်၏။

ဆေးဖက်ဝင်ရနံ့မွှေးဆီများကို အယ်လ်ကိုဟော ပါဝင်သည့်အဆီများနှင့် ရောစပ်အသုံးပြုပါက စပ်ဖျဉ်းဖျဉ်းဖြစ်စေ၏။ ထို့ပြင် သဘာဝမဟုတ်သော ဓာတုရနံ့မွှေးဆီများဖြင့် ရောစပ်အသုံးပြုခြင်းသည်လည်း ကျန်းမာရေး ထိခိုက်မှုရှိသည့်အတွက် ရှောင်ကြဉ်သင့်၏။ ဆေးဖက်ဝင်ရနံ့မွှေးဆီ တစ်မျိုးချင်းစီတိုင်းတွင် မတူကွဲပြားသည့် အရည်အသွေးများရှိ၏။ အချို့သောရနံ့မွှေးဆီများသည် မွေးကင်းစကလေးငယ်များနှင့် ကလေးငယ်တို့အတွက် စိတ်ချစွာအသုံးပြုနိုင်သော်လည်း သင့်တော်သည့်နှုန်းထားနှင့် သင့်တင့်လျောက်ပတ်စွာ အသုံးပြုသင့်၏။ ရနံ့မွှေးဆီများကို အသုံးပြုမည့်အခါ အဆီအာနိသင်ပြင်းအား လျော့နည်းသွားစေရန်အတွက် ကလေးငယ်၏ အရေပြားအပေါ် တိုက်ရိုက်လိမ်းကျံခြင်း မပြုဘဲ အခြားအဆီတစ်မျိုးမျိုးဖြင့် ရောစပ်ပြီးမှသာ အသုံးပြုရန် မမေ့သင့်ပေ။ ကလေးငယ်များကို ရနံ့မွှေးအဆီများကို သောက်သုံးခြင်းအတွက် အသုံးပြုရန်လည်း သတိပြုရန်လိုအပ်၏။ သတိပြုသင့်သည့်အချက်မှာ အသက်သုံးလအောက် ကလေးများကို ရနံ့မွှေးအဆီ လုံးဝအသုံးမပြုသင့်ပေ။

## ကာမိုမိုင်းဆီ

အဖြူနှင့်အဝါပန်းပွင့်ငယ်လေးများပွင့်သည်။ မွှေးပြီး ဆေးဖက်ဝင်သည့်အပင်မှ ထုတ်ယူရရှိထားသော ကာမိုမိုင်းဆီသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက နှစ်ခြိုက်စွာအိပ်စက်ရန်အခက်အခဲရှိသည့် ကလေးငယ်များနှင့် လူကြီးများအတွက် အသုံးပြုခဲ့ကြ၏။ ကာမိုမိုင်းသည် စိတ်ဖိစီးပြီး စိုးရိမ်သောကဖြစ်မှုများကို လျှော့ချပေးခြင်း၊ စိတ်ဓာတ်ကျခြင်းမှ သက်သာရာရစေခြင်းနှင့် မအိပ်ဘဲ ဂျီကျနေသည့်ကလေးငယ်များအတွက် စိတ်လက်အေးချမ်းစွာ အိပ်စက်အနားယူခြင်းတို့ကို ပေးစွမ်းနိုင်၏။ သို့ဖြစ်ရာ အိပ်မပျော်သည့်ကလေးငယ်များအတွက် အိပ်စက်ခြင်းကို အထောက်အကူပြုရာရောက်၏။

## သံပရာ၊ ရှောက်ဆီ

ပေါင်းခံထုတ်ယူထားသော သံပရာ၊ ရှောက်ဆီတို့သည် စိတ်ကို အေးငြိမ်းချမ်းသာစေပြီး စိတ်စွမ်းအင်ကို တိုးမြင့်စေသည့်အပြင် အိပ်ရာမှ နိုးထလာသည့်အချိန်တွင်လည်း စိတ်ရွှင်လန်းတက်ကြွမှုကို ပေးစွမ်းနိုင်၏။

## စမြိတ်ဆီ

စမြိတ်ဆီသည် စိတ်အေးချမ်းငြိမ်သက်စေခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းတစ်လျှောက်ရှိ ကြွက်သားများ၏ လှုပ်ရှားမှုကို ပျော့ပျောင်းပြေပြစ်စေခြင်းနှင့် အစာခြေစနစ်ကို ပိုမိုအားကောင်းစေခြင်းတို့ကို ပေးစွမ်းနိုင်၏။ စမြိတ်ဆီ တစ်စက်ကို အခြားသော ဟင်းသီးဟင်းရွက်ဆီ၊ အုန်းဆီ၊ သံလွင်ဆီကဲ့သို့သောဆီ တစ်မျိုးမျိုး လက်ဖက်စားဇွန်းတစ်ဇွန်း တို့နှင့်ရောစပ်ပြီး ကလေးငယ်၏အရေပြား ပေါ် လိမ်းပေးပြီး အသာအရာနှိပ်နယ် ပေးခြင်းဖြင့် အထက်တွင်ဆိုခဲ့သည့် ကျန်းမာရေးအကျိုးအာနိသင်ကို ရရှိနိုင်၏။






## ယူကလစ်ဆီ

ယူကလစ်သည် အသက်ရှူလမ်းကြောင်းတွင် နှာပိတ်ခြင်း၊ ချွဲသလိပ်များပိတ်ဆို့ခြင်းအတွက် အကောင်းဆုံးဖြေရှင်းပေးနိုင်စွမ်းသည့် သဘာဝက ပေးထားသည့် ဆေးဝါးတစ်လက်ဖြစ်၏။ သို့ဖြစ်ရာ ယူကလစ်ဆီသည် အေးမြသည့်ဆောင်းရာသီတွင် ဖြစ်ပွားတတ်သည့် အအေးမိနှာပိတ်ခြင်း၊ ချွဲသလိပ်ပိတ်ခြင်းတို့အတွက် အကောင်းဆုံးဖြစ်၏။ ယူကလစ်တွင် Eucalpytus radiata နှင့် Eucalyptus globulus ဟူပြီး နှစ်မျိုးရှိသည့်အနက် ပထမအမျိုးအစားမှာ အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပြီးနောက်တစ်မျိုးမှာ အရွယ်ရောက်ပြီးသူများအတွက် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်သည်။ **ယူကလစ်ဆီကို ဝယ်ယူသည့်အခါ နာမည်ကို အသေအချာ ရွေးချယ်ပြီးမှ ဝယ်ယူသင့်၏။**

## လာဗင်ဒါဆီ

လာဗင်ဒါဆီသည် စိတ်အေးချမ်းစေခြင်းနှင့် စိတ်ငြိမ်စေခြင်းတို့ကို ပေးစွမ်းနိုင်စွမ်းရှိ၏။ မအိပ်ဘဲ ဂျီတိုက်နေသော ကလေးငယ်လေးကို လာဗင်ဒါဆီလေးလူးပေးပြီး အသာအရာနှိပ်နယ်ပေးခြင်းဖြင့် ဂျီကျခြင်းမှ သက်သာစေသည့်အပြင် အိပ်ပျော်ခြင်းကို အားပေး၏။ ထို့ပြင် အင်းဆက်ပိုးမွှားများကိုက်ခြင်းကြောင့် ယားယံခြင်းကို သက်သာစေရန်လည်း အထောက်အကူပြု၏။ လေထိုးလေအောင့်ဖြစ်သည့်အခါတွင်လည်း လာဗင်ဒါဆီကို အသုံးပြုခြင်းဖြင့် ကောင်းကျိုးစွမ်းအားများကို ရရှိစေမည်ဖြစ်၏။

## မန်ဒရင်းလိမ္မော်ဆီ

**မန်ဒရင်း လိမ္မော်ဆီသည်လည်း လာဗင်ဒါဆီကဲ့သို့ စိတ်ကို အေးချမ်းငြိမ်သက်စေနိုင်စွမ်းရှိပြီး လာဗင်ဒါနှင့် ဓာတ်မတည့်သည့် ကလေးငယ်များအတွက် အစားထိုးအသုံးပြုနိုင်သည့် ဆေးဖက်ဝင် ရနံ့မွှေးအဆီတစ်မျိုးဖြစ်၏။** ညဘက် အိပ်ရာဝင်ခါနီးအချိန်တွင် ကလေးငယ်လေးအား ယင်းလိမ္မော်ဆီလိမ်းကျံပေးခြင်းဖြင့် ကလေးငယ်ကို ကောင်းမွန်နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်၏။ မန်ဒရင်းလိမ္မော်ဆီသည့် အခြားလိမ္မော်ဆီကဲ့သို့ အရေပြားဓာတ်မတည့်သည့် ယားယံခြင်းကို မဖြစ်စေဘဲ အဆီတစ်မျိုးမျိုးနှင့်ရောစပ်ပြီး ကလေးငယ်၏ အရေပြား ပေါ်သို့ တိုက်ရိုက်လိမ်းပေးနိုင်၏။

## လက်ဖက်ပင်ဆီ

လက်ဖက်ပင်သည် ပိုးမွှားများကို ဆန့်ကျင်နိုင်သော၊ မှိုရောဂါကို ဆန့်ကျင်နိုင်သော သဘာဝဂုဏ်သတိရှိသည့်အပြင် ရောဂါပိုးဝင်ခြင်းတို့ကို တိုက်ဖျက်နိုင်စွမ်းရှိ၏။ လက်ဖက်ပင်ဆီအစက်အနည်းငယ်ကို အနံ့မရှိသည့်အဆီတစ်မျိုးမျိုးနှင့် ရောစပ်ပြီး ကလေးငယ်ကို လိမ်းကျံပေးခြင်းဖြင့် ကလေးသေးခံဝတ်ဆင်ခြင်းကြောင့် ဖြစ်ပွားတတ်သည့် ယားယံခြင်းနှင့် မှိုရောဂါများဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်၏။

လက်ဖက်ပင်ဆီကို လိမ်းကျံသည့်အခါ ပြင်းသည့်အတွက် အသက်ခြောက်လအောက် ကလေးငယ်များအတွက် လိမ်းကျံခြင်းမှ ရှောင်ကြဉ်သင့်၏။

## အာနိသင်လျော့အောင်ပြုလုပ်သင့်သည့်ထောက်ခံချက်များ

**ဆေးဖက်ဝင်ရနံ့မွှေးဆီများသည် အလွန်အာနိသင်ပြင်းသည့်အတွက် အခြားသောအဆီ သို့မဟုတ် ကရင်မ်တစ်မျိုးမျိုးဖြင့် ရောစပ်ပြီးမှသာ အရေပြားပေါ်တွင် လိမ်းကျံသင့်၏။ အထူးသဖြင့် မွေးကင်းစကလေးငယ်များနှင့် အသက်ငယ်သေးသည့်ကလေးများအတွက် ပိုပြီး အရေးကြီး၏။** ဆေးဖက်ဝင်ရနံ့မွှေးဆီများကို ယုံကြည်စိတ်ချရသည့်အာနိသင်ရှိစေရန် ရောစပ်သင့်သည့်နှုန်းထားမှာ အသက်သုံးလထက်ကြီးသည့်ကလေးငယ်များအတွက် ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအထိဖြစ်ပြီး လူကြီးများအတွက်မှု ၂ ဒသမ ၅ မှသည် ၁၀ ရာခိုင်နှုန်းထိဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ National Association for Holistic Aromatherapy (NAHA) မှ ထောက်ခံထား၏။

**ကလေးငယ်များသည် လူကြီးများနှင့်ယှဉ်ပါက ထိခိုက်လွယ်သည့်အရေပြားဖြစ်သည့်အတွက် အနည်းဆုံးအသက် သုံးလအရွယ်ရှိပြီးမှသာ ဆေးဖက်ဝင်ရနံ့မွှေးအဆီများကို အသုံးပြုသင့်၏။ ဆေးဖက်ဝင်ရနံ့မွှေးအဆီများကို ယုံကြည်စိတ်ချရသည့် အာနိသင်ထိရောက်ရှိအောင် ရောစပ်အသုံးပြုကြသော်လည်း အရေးပြားယားယံခြင်းနှင့် နေရောင်နှင့် ထိတွေ့သည့်အခါ တုံ့ပြန်မှုလွယ်သည့် အနေအထားမျိုးရှိတတ်သည်ကို မမေ့သင့်ပေ။ သို့ဖြစ်ရာ ကလေးငယ်၏အရေပြားတွင် လိမ်းကျံခြင်း မပြုမီ စမ်းသပ်သည့်အနေဖြင့် အရေပြားတွင် အနည်းငယ်စမ်းသပ်လိမ်းကျံပြီးမှသာ မည်သည့်နောက်ဆက်တွဲပြဿနာမရှိမှသာ တစ်ကိုယ်လုံးတွင် လိမ်းပေးသင့်၏။**

## စမ်းသပ်လိမ်းကျံခြင်း

အာနိသင်ပြင်းအားလျှော့ထားပြီးသည့် ရနံ့မွှေးအဆီအနည်းငယ်ကို ကလေးငယ်၏ခြေထောက် သို့မဟုတ် လက်မောင်းတွင် လိမ်းကျံပေးပြီး ၂၄ နာရီကြာအောင် စောင့်ကြည့်ပေးပါ။ **ကလေး၏အရေပြားပေါ်တွင် တုံ့ပြန်မှုတစ်စုံတစ်ရာဖြစ်သည့် အနီရောင်အကွက်ထခြင်း၊ ရောင်ရမ်းနာ ဖြစ်ခြင်း၊ ထိမိသည့်အခါ နာကျင်ခြင်း ဖြစ်ပေါ်လာပါက ယင်းအဆီကို ဆက်လက်အသုံးမပြုသင့်ပေ။** အရေပြားပေါ်တွင် တုံ့ပြန်မှုတစ်စုံ တစ်ရာမရှိပါက ယင်းအဆီကို ဆက်လက်အသုံးပြုနိုင်၏။ ပက်ပါမင့်ကဲ့သို့သောအဆီများကို ကလေးငယ်များအတွက်အသုံးပြုရန် မသင့်တော်ပေ။

## အကြံပြုချက်

ရနံ့မွှေးအဆီများကို ကလေးများအတွက် သောက်သုံးခြင်းနှင့် အတွင်းပိုင်းအနာများအတွက် လုံးဝအသုံးမပြုသင့်ပေ။ ရေချိုးသည့်အခါတွင်သာ ထည့်သွင်းအသုံးပြုနိုင်၏။

## ရနံ့မွှေးဆီများကို ရောစပ်အသုံးပြုခြင်း

ဟင်းသီးဟင်းရွက်ဆီ၊ အုန်းဆီနှင့် ဗာဒံဆီတို့သည် ရနံ့မွှေးအဆီများ၏ ပြင်းအားကို လျော့ပါးသက်သာသွားအောင် ရောစပ်အသုံးပြု

စာ - ၁၈ သို့



# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၁၃-၃-၂၀၁၉) မှ (၂၆-၃-၂၀၁၉) ထိ**

**တနင်္ဂနွေ**



ဘုရားဖူးခရီးများသွားနေရမည်။ အလုပ်နှင့်ပတ်သက်၍ ပြဿနာများ ဖြစ်နိုင်သည်။ ငွေရေးကြေးရေး အဆင်ပြေမည်။ နိုင်ငံခြားနှင့် ပတ်သက်သည့်ကိစ္စမှန်သမျှ အဆင်မပြေပါ။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေမည်။ ဒေါသဖြစ်စရာများ ရှိလာမည်။ ထိခိုက်ရှနာ ဖြစ်တတ်သည်။

**ယတြာ။ ။ ဦးထုပ် လက်ဆောင်ပေးလိုက်ပါ။**

**တနင်္လာ**



စိတ်ရှုပ်ထွေးမှုများ များနေမည်။ အိမ်ခန်းအပြောင်းအရွှေ့ ရှိနိုင်သည်။ ငွေကြေးကိစ္စမှန်သမျှ ရှင်းလင်းနိုင်မည်။ လူအများနှင့်ပတ်သက်သည့် လုပ်ငန်းများ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးနေတတ်သည်။ ခရီးဝေးမသွားသင့်။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ အကျီ လက်ဆောင်ပေးလိုက်ပါ။**

**အင်္ဂါ**



လုပ်ငန်းများများလုပ်ကိုင်ရမည်။ ငွေများလည်း ဝင်လာပါမည်။ အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး စိတ်ရှုပ်ထွေးရမှုများနေမည်။ အတွေးသစ်များကို အကောင်အထည်ဖော်ဖြစ်မည်။ တီထွင်ဆန်းသစ်မှုများ လုပ်နေရမည်။

**ယတြာ။ ။ စွပ်ကျယ် လက်ဆောင်ပေးလိုက်ပါ။**

**ဗုဒ္ဓဟူး**



မိမိကိုယ်ပိုင်အလုပ်များ ရပ်တန့်သွားတတ်သည်။ ဆွေမျိုးသားချင်း အလုပ်များနှင့်ရှုပ်ထွေးနေမည်။ နည်းပညာ၊ အတတ်ပညာသစ်များ ဆည်းပူးဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အသစ်များ ဝင်လာတတ်သည်။ ငွေအကုန်အကျများနေမည်။ လျှပ်စစ်ပစ္စည်းများ အဝင်ကောင်းသည်။ ရောဂါဟောင်းပြန်ဖြစ်တတ်သည်။

**ယတြာ။ ။ ဆပ်ပြာ လက်ဆောင်ပေးလိုက်ပါ။**

**ကြာသပတေး**



မူလအလုပ်ဟောင်းများနှင့်သာ အကျိုးပေးနေသည်။ မိမိလုပ်ကိုင်သမျှ နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံနေမည်။ ငွေကျပ်တည်းမှုများနှင့် ကြုံနိုင်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ ဝန်ထမ်းများရာထူးတိုးမြှင့်ခန့်ထားခြင်းခံရမည်။ စီးပွားရေးလုပ်ငန်းရှင်များ အဆင်မပြေသေးပါ။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ မျက်နှာသုတ်ပဝါ လက်ဆောင်ပေးလိုက်ပါ။**

**သောကြာ**



ငွေကြေးအလုံးအရင်းဖြင့် ဝင်လာမည်။ ပြောစကားများ အဆင်ပြေမှုရှိမည်။ မိသားစုအတွင်း စည်းလုံးနွေးထွေးမှုရှိမည်။ ဥယျာဉ်ခြံမြေ စိုက်ပျိုးမှုများ အကျိုးဖြစ်ထွန်းမည်။ မုန့်မျိုးစုံထုတ်လုပ်သူများ အကျိုးရှိမည်။ ကျန်းမာရေး ကောင်းမွန်နေသည်။

**ယတြာ။ ။ ခေါက်ဆွဲကြော် ဒါနပြုလိုက်ပါ။**

**စနေ**



သူငယ်ချင်းများကြောင့် စီးပွားရေး၊ ငွေကြေးအဆင်ပြေမှုများ ဖြစ်လာမည်။ ဝင်ငွေပိုမိုတိုးတက်မှု ရှိလာမည်။ ကောက်ပဲသီးနှံရောင်းဝယ်မှုများ အကျိုးပေးနေမည်။ ကုန်စည်ပို့ဆောင်မှုများကြောင့်လည်း ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေပါ။ ဖျားနာတတ်သည်။

**ယတြာ။ ။ ထောပတ်သီးဖျော်ရည် ဒါနပြုလိုက်ပါ။**

# ကော့ကရိတ်မြို့နယ်တွင် ဒေသတွင်းသီးနှံများ အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး နည်းပညာပေး



**ကော့ကရိတ် မတ် ၅**

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဒေသတွင်းသီးနှံများ အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP) နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။**

နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်က တောင်သူအများစုသည် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများအား စိုက်ပျိုးရာတွင် သီးနှံများအမြင်လှပစေရန် ဓာတုပိုးသတ်ဆေးအသုံးပြုမှုများပြားလာကြောင်း၊ စားသုံးသူများတွင် ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများပါ ကြုံတွေ့လာပြီဖြစ်သောကြောင့် အဆိုပါသီးနှံများ စိုက်ပျိုးရာတွင် ဓာတုပိုးသတ်ဆေးလျှော့ချသုံးစွဲကာ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲခြင်းဖြင့် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကျေးရွာများအရောက် နည်းပညာပေးပို့ချရခြင်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် ဓာတုပိုးသတ်ဆေးအသုံးပြုမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နည်းပါးသေးသော်လည်း ဓာတုပိုးသတ်ဆေးအတတ်နိုင်ဆုံး လုံးဝသုံးစွဲမှုမရှိစေရန်အတွက် နည်းပညာပေးများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော့ကရိတ်ခရိုင်ဦးစီးမှူး ဒေါ်နော်သူးလေထီးက ဓာတုပိုးသတ်ဆေးအစား သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများကိုလည်းကောင်း၊ မိသားစုတစ်ပိုင်တစ်နိုင်ဖြင့် လွယ်ကူစွာ ဝင်ငွေရရှိစေနိုင်မည့် ကောက်ရိုးမှို၊ ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်နည်းများကိုလည်းကောင်း ပညာပေးပို့ချပြီး ကော့ကရိတ်မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်က ဟင်းသီးဟင်းရွက် စနစ်တကျစိုက်ပျိုးထုတ်လုပ်နည်းများနှင့် စနစ်တကျသိုလှောင်ထိန်းသိမ်းနည်းများကို ဆွေးနွေးပို့ချသည်။

အဆိုပါဆွေးနွေးပွဲသို့ ကော့ကရိတ်မြို့နယ်၊ သမိန်ဒွတ်၊ ခူနီ၊ ကမ္မရိုက်ကလေးကျေးရွာများမှ တောင်သူ ၁၂၂ ဦး တက်ရောက်ကာ ယခုကဲ့သို့ ကျန်းမာရေးထိခိုက်စေနိုင်သည့် ဓာတုပိုးသတ်ဆေး၏ဆိုးကျိုးကို စိုက်ပျိုးရေးပညာရှင်များက လာရောက်နည်းပညာပေးပို့ချသည့်အတွက် ဗဟုသုတရရှိသည့်အပြင် ပိုးသတ်ဆေးကို အတတ်နိုင်ဆုံးမသုံးစွဲရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်းနှင့် အခြားသော တောင်သူများဆီသို့လည်း လက်ဆင့်ကမ်းပညာပေးသွားမည်ဖြစ်ကြောင်း သမိန်ဒွတ်ကျေးရွာမှ တောင်သူ ဦးရဲသူရထွန်းက ပြောကြားသည်။

**မြတ်သဥ္ဇာလှိုင်**

---

**စာ-၁၇ - ကလေးငယ်လေးများ မှ**

လေ့ရှိကြ၏။ ယင်းအဆီတို့တွင်ရှိသည့် အရေဓာတ်ကို ထိန်းသိမ်းပေးနိုင်စွမ်းသည့်အရည်အချင်းကြောင့် အရေပြားအတွက် အာဟာရကို ထိန်းသိမ်းပေးရန် အထောက်အကူပြု၏။

မြေပဲဆီကိုလည်း အခြေခံအဆီအဖြစ် အသုံးပြုကြသော်လည်း မြေပဲနှင့်ဓာတ်တည့်မတည့်ကို ဦးစွာစမ်းသပ်ထားရန် လိုအပ်၏။ ရောစပ်ရာတွင် ရန့်မွှေးအဆီနှင့် အခြေခံအဆီ၏အချိုးမှာ ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၉၅ ရာခိုင်နှုန်းဖြစ်၏။ ယင်းအဆီနှစ်မျိုးကို သမစေရန် လှုပ်ပြီး ရောစပ်ပြီးမှသာ ကလေးငယ်အား စမ်းသပ်လိမ်းကျံခြင်း ဦးစွာပြုလုပ်သင့်၏။ နောက်ဆက်တွဲ အခက်အခဲ တစ်စုံတစ်ရာမရှိသည့်နောက်ပိုင်းမှသာ ကလေးငယ်၏တစ်ကိုယ်လုံးတွင် လိမ်းကျံပေးသင့်၏။

## ဝိုင်နှင့်ဆိုဒါရောစပ်ထားသည့် ယမကာ

ဆေးဖက်ဝင်ရနံ့မွှေးအဆီကို ဝိုင်နှင့်ဆိုဒါရောစပ်ထားသည့် ယမကာတစ်မျိုးမျိုးနှင့် ရောစပ်ပြီး အာနိသင်ပြင်းအား လျှော့ချထားသည့်အဆီကို အခန်းအတွင်း ဖျန်းပက်ထားရှိခြင်းဖြင့် နေ့ခင်းနေ့လည်နှင့် ညဘက်ကလေးများ အိပ်စက်ခြင်းကို ပိုမိုကောင်းမွန်စေ၏။ ကလေးငယ်၏ကိုယ်ခန္ဓာတွင်လည်း ယင်းအဆီကို လိမ်းကျံပေးထားနိုင်၏။

## ငွေ့ရည်အဖြစ် ဖျန်းပက်အသုံးပြုခြင်း

ရနံ့မွှေးအဆီများသည် ဆေးဖက်ဝင်ပြီးထိရောက်မှုရှိသဖြင့် အခန်းလေသန့်ဆေးအဖြစ်လည်း အသုံးပြုကြ၏။ ထိုမျှသာမက ရနံ့မွှေးဖယောင်းတိုင်အဖြစ်လည်းကောင်း၊ ဖယောင်းတိုင်ထွန်းညှိရန်မလိုသည့် ရေဓာတ်အခြေခံ အခန်းတွင်းထားရှိသည့် ရနံ့မွှေးပူးများအဖြစ် ပြုလုပ်ကာ ရေနွေးငွေ့ထုတ်လွှတ်ပေးခြင်းဖြင့်လည်းကောင်း မျိုးစုံအသုံးပြုကြ၏။

ကလေးငယ်များအတွက် ရနံ့မွှေးအဆီ အမျိုးအစားအသစ်ကို အသုံးပြုမည်ဆိုပါက စမ်းသပ်လိမ်းကျံခြင်း သို့မဟုတ် အခန်းအတွင်း ရေနွေးငွေ့ထုတ်လွှတ်သည့်စက်အတွင်း စမ်းသပ်ထုတ်လုပ်ခြင်းကို ဦးစွာပြုလုပ်ပြီးမှ ကလေးငယ်တွင် နောက်ဆက်တွဲ အခက်အခဲ တစ်စုံတစ်ရာမရှိမှသာ အသုံးပြုရန် မမေ့ပါနှင့်။

အချို့သော ဆေးဖက်ဝင်ရနံ့မွှေးအဆီများသည် ဆေးကုသမှုခံယူနေစဉ်ကာလအတွင်း အသုံးပြုရန် သင့်တော်ခြင်းမရှိသဖြင့် ဆရာဝန်နှင့်ဦးစွာတိုင်ပင်ဆွေးနွေးပြီးမှသာ ကလေးငယ်အတွက် အသုံးပြုသင့်၏။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦး ဖြစ်နေပါက ဆေးဖက်ဝင်ရနံ့မွှေးအဆီကို ကိုယ်တိုင်အတွက်ဖြစ်စေ၊ ကလေးငယ်အတွက်ဖြစ်စေ အသုံးမပြုမီ ဆရာဝန်နှင့် ဦးစွာတိုင်ပင်ဆွေးနွေးရန် လိုအပ်ပေ၏။

**ကြေးမုံငယ်**





# ငါးမွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဆွေးနွေး မှာကြား ငါးမွေးမြူသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာများနှင့် သဟဇာတဖြစ်စေမည့် EIA, SIA စံများကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

**ငါးမွေးမြူရေးလုပ်ငန်းအပါအဝင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာမှုကိစ္စရပ်များအပေါ် နိုင်ငံတော်အကျိုး၊ ပြည်သူလူထု၏ အကျိုးကိုရှေးရှု၍ နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးစွမ်းအားကိုလည်း တစ်ဖက်တစ်လမ်းမှ မထိခိုက်ရေးကို သတိပြုပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်များ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)**

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်၊ မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောမြင့်ဆွေ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းသား အသင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ငါးမွေးမြူရေးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် ငါးမွေးမြူကန်များ၏ မြေယာအသုံးချမှုဆိုင်ရာအနေနှင့် လယ်ယာမြေအခြားနည်းအသုံးပြုရန် နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးဆိုသည့်အချက်နှင့် အဓိကသက်ဆိုင်သော လယ်ယာမြေများမလျော့ပါးရေးဆိုသည့် ကန့်သတ်ချက်အဟန့်အတားမဖြစ်စေရန်အတွက် သဟဇာတဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံ၏ဒုတိယစားနပ်ရိက္ခာဖြစ်သော အသား အာဟာရပြည့်ဝဖူလုံစေရေး၊ ငါးပုစွန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနမှ နည်းပညာနှင့်လိုအပ်ချက်အကူအညီများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းလျက်ရှိရာ သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ငါးမွေးမြူသူများအကျိုးရှိစေရန် ငါးမွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကောင်းမွန်သော ငါးမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices - GAqP)၊ အစာအာဟာရဆိုင်ရာ သိကောင်းစရာများ၊ ငါးရောဂါများ၊ ပြည်တွင်း/ပြည်ပငါးဈေးကွက်အခြေအနေများ၊ ငါးခြောက်လုပ်ငန်းများ၏ ဈေးကွက်အခြေအနေများကို ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပညာရှင်များနှင့်လုပ်ငန်းရှင်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူကန်ဧရိယာသည် ၁၉၈၈ ခုနှစ်မတိုင်မီ စုစုပေါင်း ဧက ၆၃၀၀ သာရှိခဲ့ပြီး ၁၉၈၉ ခုနှစ်၌ ငါးမွေးမြူရေးဆိုင်ရာဥပဒေပေါ်ထွန်းလာသဖြင့် ငါးမွေးမြူကန်ဧရိယာဧကပေါင်း ၄၉၀၄၇ ဧကအထိတိုးတက်လာကာ ၂၀၁၈–၂၀၁၉ ခုနှစ် ဇန်နဝါရီအထိ ငါးမွေးမြူကန် ၂၄၇၇၈၉ ဒသမ ၇၄ဧက၊ ကဏန်းမွေးကန် ၂၀၅၇ ဒသမ ၄၈ ဧကအပါအဝင် ပုစွန်မွေးကန် ၂၄၄၄၃၈ ဒသမ ၀၆ ဧက၊ စုစုပေါင်း ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးကန် ၄၉၄၂၈၅ ဒသမ ၂၈ ဧကအထိ တိုးတက်လာခဲ့ကြောင်း၊ ငါး၊ ပုစွန်မွေးမြူရေးကန်များ အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်ရာများက လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေရိုင်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ငါးမွေးမြူသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာများနှင့် သဟဇာတဖြစ်စေမည့် EIA, SIA စံများကို သတိပြုလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

**ကျောဖုံး – ကရင်ပြည်နယ် မှ**

**ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲကကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ GMSAEDC မှ အမှုဆောင် အရာရှိချုပ် Mr.Katsuyu kilmoto နှင့် Project Director Mr.Yuki Ozaki တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး GMSAEDC မှ အမှုဆောင် အရာရှိချုပ် Mr.Katsuyu kilmoto က သင်တန်းဆောင်နှင့် နားနေဆောင်ကို စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဘားအံမြို့နယ်ဦးစီးမှူး ဦးဆဲင်ဇခုပ်က လက်ခံရယူသည်။**



ဆက်လက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဘားအံ–ကမော့ကပိုမျိုးသန့်ခြံအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA, Daimatsu Co.Ltd နှင့် Japan Sericulture and Silk Industry Development Cooperation Association တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် **“ပိုးချည်ငင် လက်ရက်ကန်း ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြင့် ပိုးချည်မျှင် ထုတ်လုပ်သည့် ဂျပန်နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းများအတွက် မိတ်ဆက်ဖြန့်ဖြူးပေးမှု လေ့လာရေး စီမံကိန်း”** ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Keisuke Amimoto၊ JICA မှ ဒုတိယဌာနေကိုယ်စားလှယ် Mr.Nobuo Iwai ၊ Daimatsu Co., Ltd ဥက္ကဋ္ဌ Mr.KejiFujii တို့က ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဂျပန်ရိုးရာပစ်တိုင်းထောင်အရုပ်အား မျက်စိအလင်း ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတွင် ပိုးချည်မျှင်စီမံကိန်းအား ကရင်ပြည်နယ်တွင် ဆောင်ရွက်ပေးရန် ပြောကြားခဲ့ရာ ယခု ပိုးချည်မျှင်စီမံကိန်း အောင်မြင်သွားပါက ပြည်နယ်အတွင်း နေရပ်ပြန်တိုင်းရင်းသူ/ တိုင်းရင်းသားများ၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာပြီး အဆင့်မြင့်ပိုးချည်များ ထုတ်လုပ်နိုင်ကာ လူတန်းစားမရွေး ဝတ်ဆင်နိုင်ပြီး ပြည်ပသို့ပါတင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန် ရည်ရွယ်ထားပြီး ပိုးချည်မျှင်မှ ရရှိလာသည့် ပိုးထည်များအား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်စားပြုကာ “စုကြည်”ချိတ်အမည်ဖြင့် ထုတ်လုပ်မည်ဟု သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပိုးမွေးမြူခြင်း၊ ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြပြီး ကမော့ကပိုမျိုးသန့်ခြံအတွင်း ဥယျာဉ်ခြံဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ် သရုပ်ပြခြံသို့ လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်/ ခရိုင်/ မြို့နယ်၊ ခြံဝန်ထမ်းများ၊ လုပ်ငန်းရှင်များနှင့်တောင်သူများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ကြသည်။ **မြတ်သဉ္ဇာလှိုင်**

---

**ကျောဖုံး – မိုဘိုင်းဖုန်း မှ**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ EPIS ၊ e-Sumtech မှ စီမံခန့်ခွဲရေးညွှန်ကြားရေးမှူး၊ Ms.Yi, Mi Kyung (Devil)၊ e-Sum tech မှ အင်ဂျင်နီယာ၊ Ms.Park, Minju နှင့် NAIS စီမံကိန်း မှပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ စာရင်းအင်းပြုစုသူ တာဝန်ခံ သင်တန်းသားများစုံညီစွာ တက်ရောက်ကြသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များ ထောက်ပံ့ပေးရေး၊ ယင်းကိုအခြေခံ၍ ခိုင်မာသော သတင်းအချက်အလက်စနစ် ထူထောင်ရေးခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက်စနစ် ထူထောင်ရေးနှင့် ခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက် စနစ်ထူထောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပထမအကြိမ်သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းအင်းပြုစုသူ တာဝန်ခံလေးဦးစီ တက်ရောက်ခဲ့ပြီး ယခုဒုတိယအကြိမ်တွင် နေပြည်တော်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ စာရင်းအင်းကောက်ယူပြုစုသူများကို ပို့ချပေးခြင်းဖြစ်သည်။

**MOALI ပြန်ကြားရေး**

# ၂၀၁၉ မျိုးစေ့ပြပွဲ တောင်သူများနှင့် မျိုးစေ့ထုတ်လုပ်ငန်းရှင်များ စိတ်ဝင်စားစွာ လာရောက် လေ့လာ



နေပြည်တော် ဖေဖော်ဝါရီ ၂၅

**သီးနှံ** အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားရေးသာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသော ရာသီဥတုဒဏ်နှင့်ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ဒေသမျိုးရင်းများ၏ မျိုးအရည်အသွေးထိန်းသိမ်းမြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများ မျိုးကောင်းမျိုးသန့် ရွေးချယ်သုံးစွဲမှုမြင့်မားလာရေး အားပေးဆောင်ရွက်နေသကဲ့သို့ ယင်းတို့၏ မျိုးစေ့လိုအပ်ချက်တောင်းဆိုလာမှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူအားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ၂၀၁၉ မျိုးစေ့ပြပွဲ လှည့်လည်ကြည့်ရှုအားပေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

၂၀၁၉ မျိုးစေ့ပြပွဲ 2019 Seed Fair ကို ငါးရက်မြောက်နေ့အဖြစ် ခင်းကျင်းပြသလျက်ရှိရာ တိုင်းဒေသကြီး ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စိတ်ဝင်စားစွာ လေ့လာလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ မျိုးစေ့ပြပွဲ 2019 Seed Fair အခမ်းအနားသို့ရောက်ရှိပြီး ပြခန်းများ၊ မျိုးစေ့၊ ပျိုးပင်များအား လှည့်လည်ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးလှမြင့်အောင်နှင့် ဦးဇော်ထွန်းမြင့်၊ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်နှင့် ပြခန်းတာဝန်ခံများက ရှင်းလင်းပြသကြသည်။



ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ ပြည်ပသွင်းကုန်အစားထိုးသီးနှံများပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အစားအသောက်ကုန်ချောကုန်ထုတ်လုပ်မှုသင်တန်းများ ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်းစသည့် လုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေကြောင်း၊ စတင်စိုက်ပျိုးသည်မှ ဈေးကွက်ရောက်ရှိသည်အထိ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံး အချိတ်အဆက်မိမိ ဖန်တီးဖော်ဆောင်ပေးနိုင်မှသာ မိမိတို့အားလုံး မျှော်မှန်းသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပန်းတိုင်ကိုရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနိုင်သောမှိုကို ပြည်ပမှ တင်သွင်းနေရသည့်အစား မိမိတို့ပြည်တွင်း၌ အပူပိုင်းဒေသသာမက အအေးပိုင်းဒေသများတွင်ပါ စိုက်ပျိုးနိုင်သည့် နည်းပညာများနှင့် လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးကာ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ ဆီထွက်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများကို ဒေသအလိုက် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၉ မျိုးစေ့ပြပွဲ (2019 Seed Fair) ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ နေပြည်တော် ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း ကျင်းပခဲ့ပြီး ပြပွဲတွင် ဌာနဆိုင်ရာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ပြခန်းပေါင်း ၄၄ ခန်းနှင့် မျိုးစေ့၊ ပျိုးပင်များ၊ မြေသြဇာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့ထုတ်ကုမ္ပဏီလေးခုတို့၏ မျိုးစေ့ထုတ်စံပြစိုက်ခင်းများ စုံလင်စွာခင်းကျင်းပြသလျက်ရှိကြောင်း၊ အဆိုပါပြပွဲတွင် ဒေသအသီးသီးမှ တောင်သူများနှင့် မျိုးစေ့ကုမ္ပဏီများ တိုက်ရိုက်ထိတွေ့လေ့လာနိုင်ခြင်း၊ မျိုးစေ့ကုမ္ပဏီများအချင်းချင်း သတင်းအချက်အလက်ဖလှယ်နိုင်ခြင်းတို့ကြောင့် လေ့လာသူများနှင့် ခင်းကျင်းပြသသူကုမ္ပဏီများက အားရကျေနပ်မှုရှိကြကြောင်း၊ နောင်တွင် ဆောင်ရွက်မည့်ပြပွဲများ၌ မျိုးစေ့အရောင်းမြှင့်တင်ရေး အစီအစဉ်များ ထည့်သွင်းပေးရန် တောင်သူများက အကြံပြုကြသည်။

MOALI ပြန်ကြားရေး



## မိုဘိုင်းဖုန်းဖြင့် သီးနှံစာရင်းကောက်ယူပြုစုခြင်းနှင့် Web System အသုံးပြုမှုဆိုင်ရာ ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**လယ်** ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် Korea Agency of Education, Promotion and Information Service in Food, Agriculture, Foresty and Fisheries (EPIS) တို့ ပူးပေါင်းဆောင်ရွက်သည့် "National Agri-Food Information (NAIS)" စီမံကိန်းမှ မိုဘိုင်းဖုန်းဖြင့် သီးနှံစာရင်းကောက်ယူပြုစုခြင်းနှင် Web System အသုံးပြုမှုဆိုင်ရာသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်မက်စ်၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးက အဖွင့်အမှာစကားပြောကြားသည်။ (ပုံ)

စာ – ၁၉ သို့

## ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် Knowledge Center ဖွင့်ပွဲ ပိုးမွေးမြူရေးနှင့်ပိုးချည်မျှင်ထုတ်လုပ်ခြင်း မိတ်ဆက်ဖြန့်ဖြူးခြင်းအခမ်းအနား တက်ရောက် ကရင်ပြည်နယ်ထွက်ကုန် ပိုးထည်များကို "စုကြည်" ချိတ်အမည်ဖြင့် ထုတ်လုပ်မည်



ဘားအံ ဖေဖော်ဝါရီ ၂၁

**ကရင်** ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC (Greater Mekong Subregion Agriculture and Education Development Centre) တို့ ပူးပေါင်းဆောင်ရွက်သည့် "ဒေသဖွံ့ဖြိုးရေးစီမံကိန်း" အစီအစဉ်ဖြင့် ဘားအံ–ကမော့ကပိုမျိုးသန့်ခြံ သင်တန်းခန်းမတွင် Knowledge Center

စာ – ၁၉ သို့